# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော(အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၇ ရက်၊ စနေနေ့။ Saturday, 25 November 2017 ၉၁၁၉


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်က ၎င်း၏ ခန့်အပ်လွှာပေးအပ်




စာမျက်နှာ » ၃


## ဖွံ့ဖြိုးရေးရန်ပုံငွေမှ မြို့နယ် ၃၂၅ မြို့နယ်အတွက် ကျပ်သန်းပေါင်း ၃၂၄၉၉ ဒသမ ၉၉၈ သန်း ခွင့်ပြုမိန့်ထုတ်ပြန်ပေးခဲ့


စာမျက်နှာ » ၅


# (၁၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အစည်းအဝေးကျင်းပ

## နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တစ်ခုလုံးကို ပြန်လည်သုံးသပ် ပြင်ဆင်နိုင်ရန် တင်ပြလာသည့် အလုပ်အဖွဲ့များ၏ တင်ပြချက်များကို ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြမည်



**နေပြည်တော် နိုဝင်ဘာ ၂၄**

(၁၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက (၁၂)ကြိမ်မြောက် UPDJC အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြီးခဲ့သည့် ညီလာခံအတွေ့အကြုံများကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးမှု မူဘောင်ရလဒ် ပြင်ဆင်ခြင်း၊ လုပ်ငန်းလမ်းညွှန်(ToR)များ ပြင်ဆင်ခြင်းနှင့် လုပ်ထုံးလုပ်နည်း(SOP)များ ပြုစုခြင်းတို့ကို ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါကြောင်း၊ လမ်းညွှန်မှုနှင့်အတူ UPDJC အစည်းအဝေးဆုံးဖြတ်ချက်အရ အစုအဖွဲ့ဖွဲ့ရန် ရှစ်ဦးစီပါဝင်သည့် Framework ToR SOP အလုပ်အဖွဲ့ကို တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ အလုပ်အဖွဲ့အစည်းအဝေးများကို နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ပြုလုပ်ခဲ့ပါကြောင်း၊ ယင်းနောက် UPDJC အတွင်းရေးမှူး အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးပြီး ယနေ့ UPDJC အစည်းအဝေးသို့ တင်ပြခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် အချိန်ကစပြီး ဖြစ်ပွားခဲ့သည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
ကုလသမဂ္ဂကလေးသူငယ်များ ရန်ပုံငွေအဖွဲ့(UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်က ၎င်း၏ခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ကုလသမဂ္ဂကလေးသူငယ်များ ရန်ပုံငွေအဖွဲ့(UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kunugi သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံ၍ ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်သည်။

တွေ့ဆုံစဉ် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ လက်ရှိဆောင်ရွက်ဆဲနှင့် ၂၀၁၈ - ၂၀၂၂ လုပ်ငန်းအစီအစဉ်များ အပါအဝင် မြန်မာနိုင်ငံနှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့် အကူအညီလိုအပ်နေသည့် ကလေးသူငယ်များအား ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အကာအကွယ်ပေးရေးဆိုင်ရာ ထောက်ပံ့ကူညီရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကျင်းပပြီးစီးခဲ့သည့် (၅၄)ကြိမ်မြောက် ရတနာပြပွဲနည်းတူ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို အိတ်ဖွင့် တင်ဒါစနစ် တစ်မျိုးတည်းဖြင့်သာ တင်ပြရောင်းသွားမည်ဖြစ်ကြောင်း၊ ပြပွဲ ဗဟိုကော်မတီအနေဖြင့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာ၌ ရောင်းသူ၊ ဝယ်သူ နှစ်ဦးနှစ်ဖက် အဆင်ပြေချောမွေ့စေရေးအတွက် ပြပွဲဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ချက်များကို မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းနှင့် ညှိနှိုင်းဆွေးနွေးပြင်ဆင်ထားရှိပါကြောင်း၊ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အနေဖြင့် ကျောက်အတွဲများ တင်ပြရောင်းချခြင်း၊ တန်ဖိုးငွေပေးချေခြင်း စသည့် ကိစ္စရပ်များတွင် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသည့် ရတနာပြပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အလေးထား လိုက်နာဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ရတနာပြပွဲများကို နိုင်ငံတကာ အဆင့်မီ ကျင်းပနိုင်ရေး၊ ပြပွဲဆိုင်ရာ လုပ်ငန်းများ အားနည်းချက်မရှိစေရေးနှင့် ရတနာပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားရှိသည့် လုပ်ငန်းကော်မတီများ အနေဖြင့် ယခင်ကျင်းပခဲ့သည့် ပြပွဲများနည်းတူ လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း၊ ပြပွဲဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် အသုံးစရိတ်များကို စနစ်တကျ စိစစ်သုံးစွဲရေး၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းရှင်းလင်းတင်ပြနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် စီမံရေးရာလုပ်ငန်းကော်မတီ၊ ကျောက်စိမ်းလုပ်ငန်းကော်မတီ၊ ကျောက်မျက်လုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက ကျောက်စိမ်း၊ ကျောက်မျက်အတွဲများ ရောင်းချခြင်း ပြုလုပ်မည့် အစီအစဉ်၊ ကျောက်မျက်ရတနာပြပွဲ အကြိုကာလတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ကျောက်စိမ်းအတွဲများ လက်ခံခင်းကျင်းပြီးစီးမှု အခြေအနေများနှင့် ရတနာပြပွဲတွင် ကောက်ခံမည့် နှုန်းထားအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအေးလွင် | ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) | ဦးငွေးလှိုင် | ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးရဲနိုင် အထွေထွေမန်နေဂျာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ ကျော်မိုးဦး ဒုတိယ ညွှန်ကြားရေးမှူးချုပ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဂ) | ဦးဇင်မောင်ထွန်း ဒုတိယပါမောက္ခချုပ် (သင်ကြား) မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

# စက်ရေတွင်း တူးဖော်နေမှု ကွင်းဆင်းစစ်ဆေး

**ဒိုက်ဦး နိုဝင်ဘာ ၂၄**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ၁၄ ဒသမ ၂ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီဖြစ်သော Villager Developer Co.,Ltd. မှ တာဝန်ယူတူးဖော်နေသော ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ စက်ရေတွင်း(တွင်းနက်)အား နိုဝင်ဘာ ၂၂ ရက်က တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ စက်ရေတွင်းပြီးစီးပါက ကျေးရွာအတွင်းရှိ အိမ်ခြေ ၂၁၉ အိမ်၊ လူဦးရေ ၁၀၄၁ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**

# အခါလွန်မိုးကြောင့် သွားလာမှုခက်ခဲ

**ငါန်းဇွန် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်၌ ယမန်နေ့က အခါလွန်မိုးရွာသွန်း၍ မြို့အဝင် မီးပြန်ချောင်းရေ တစ်ရှိန်ထိုးစီးဆင်းမှုကြောင့် ငါးခန်းတွဲ သံကူကွန်ကရစ် ရေပြွန်တည်ဆောက်ရေးလုပ်ငန်း ရပ်ဆိုင်းသွားပြီး လမ်းလွှဲကျိုးပေါက်သွားကာ သွားလာမှုအခက်အခဲ ကြုံတွေ့နေရသဖြင့် အများပြည်သူများ သွားလာရေးလွယ်ကူစေရန်အတွက် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**



# ဇင်ဘာဘွေ သမ္မတသစ်အဖြစ် အမ်နန်ဂါဂွါ ကျမ်းသစ္စာကျိန်ဆို



သို့ရာတွင် တပ်မတော်က နိုဝင်ဘာ ၁၅ ရက်တွင် နိုင်ငံရေး အကျပ်အတည်းကို ကြားဝင်ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော် အာဏာကို ထိန်းချုပ်လိုက်ပြီး အမ်နန်ဂါဂွါအား သမ္မတအဖြစ် တာဝန်ထမ်းဆောင်စေခဲ့သည်။ **ရိုက်တာ**

**ဟာရာရေး နိုဝင်ဘာ ၂၄**

ဇင်ဘာဘွေနိုင်ငံ၏ သမ္မတအဖြစ် အမ်မာဆန် အမ်နန်ဂါဂွါက နိုဝင်ဘာ ၂၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုလိုက်ပြီ ဖြစ်ရာ ရောဘတ်မူဂါဘီ၏ ၃၇ နှစ်ကြာ အုပ်စိုးမှုမှာ အဆုံးသတ်သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။


မိကျောင်းကြီးဟု ချစ်စနိုး ခေါ်ဝေါ်ခံရသူ အမ်နန်ဂါဂွါသည် အသက် (၇၅) နှစ်အရွယ်ရှိပြီး မြို့တော်ဟာရာရေးရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ၌ ၎င်းအားထောက်ခံအားပေးကြသည့် ပြည်သူထောင်ပေါင်းများစွာ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဇင်ဘာဘွေနိုင်ငံ၏ ၁၆ သန်းသော ပြည်သူများအားလုံး၏ အခွင့်အရေးများအားလုံးကို ကာကွယ်စောင့်ရှောက်ပေးမည်ဟု သမ္မတသစ်က မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

မိမိအား ရွတ်ခြည်း အာဏာအပ်နှင်းလာသည့် ပြည်သူတို့၏ အသံကို မိမိနားထောင်မည်ဖြစ်ကြောင်း အမ်နန်ဂါဂွါက ပြောကြားသည်။ သို့ရာတွင် မူဂါဘီအား ဆယ်စုနှစ်ပေါင်းများစွာ သစ္စာခံ၍ လုပ်ကိုင်ပေးလာခဲ့သူ အမ်နန်ဂါဂွါသည် အစိုးရအဖွဲ့ အပြောင်းအလဲများကို ကြီးကြီးမားမား လုပ်ဆောင်နိုင်ဖွယ်မရှိဟု ဝေဖန်မှုများလည်း ရှိနေသည်။ မူဂါဘီလက်ထက် အစိုးရအဖွဲ့သည် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိပြီး မှားယွင်းသော စီးပွားရေးမူဝါဒများကို ကျင့်သုံးခဲ့သည်ဟုလည်း ဝေဖန်ခံခဲ့ရသည်။

အမ်နန်ဂါဂွါသည် နိုဝင်ဘာ ၆ ရက်က ဒုတိယသမ္မတရာထူးနေရာမှ ဖြုတ်ချခံခဲ့ရပြီးနောက် ၎င်း၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်မှုများရှိခဲ့ရာ နိုင်ငံမှ ထွက်ပြေးသွားခဲ့သည်။ အမ်နန်ဂါဂွါသည် မူဂါဘီထံမှ အာဏာသိမ်းယူနိုင်ရန် ကြံစည်နေသည်ဟု မူဂါဘီက ၎င်းအား စွပ်စွဲခဲ့သည်။

အာဏာရ ဇနူးပီအက်ဖ်ပါတီသည် အမ်နန်ဂါဂွါအား ပါတီမှ ဖယ်ရှားခဲ့ရာ သမ္မတကတော် ဂရေ့စ်မှာ မူဂါဘီ၏ အရိုက်အရာကို ဆက်ခံရန် လမ်းပွင့်သွားခဲ့သည်။



# အိန္ဒိယမြောက်ပိုင်း၌ ခရီးသည်တင် အမြန်ရထား လမ်းချော်တိမ်းမှောက်၊ သုံးဦးထက်မနည်း သေဆုံး

**နယူးဒေလီ နိုဝင်ဘာ ၂၄**


အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ် ပြည်နယ်၌ နိုဝင်ဘာ ၂၄ ရက် နံနက်အစောပိုင်းက ခရီးသည်တင် ရထားတစ်စင်း လမ်းချော်တိမ်းမှောက်ခဲ့ရာ သုံးဦးထက်မနည်း သေဆုံးပြီး ၁၀ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ် မြို့တော်လပ်ခနောင်းမှ ကီလိုမီတာ ၂၂၀ အကွာခန့်ရှိ ချစ်ထရာကု ခရိုင်မာနိကပူး၏ ဘူတာရုံအနီးတွင် အဆိုပါ မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း၊ ဒေသစံတော်ချိန် နံနက် ၄ နာရီ ၁၈ မိနစ်တွင် ရထားလမ်းချော်မှုဖြစ်ပွားခဲ့ရာတွင် တွဲပေါင်း ၁၃ တွဲခန့် လမ်းချော်ခဲ့ကြောင်း၊ ဒဏ်ရာရသူများကို အနီးအပါးရှိ ဆေးရုံများသို့ တင်ပို့ပေးခဲ့ကြောင်း အိန္ဒိယ ရထားလုပ်ငန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အင်နီးလ် ဆာဇီနာက ပြောကြားသည်။

နိုင်ငံအနောက်ပိုင်း ဂိုအား ပြည်နယ်ရှိ ဗာစကိုဒဂါးမားမြို့နှင့် ပတ္တနားမြို့အကြားပြေးဆွဲသော အမြန်ရထားသည် နိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ် မြို့တော် ပတ္တာနားသို့ ဦးတည်ခုတ်မောင်းနေစဉ် မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ၂၀၂၀ ပြည့်နှစ်တွင် သီရိလင်္ကာနိုင်ငံက နာနိုဂြိုဟ်တု လွှတ်တင်မည်



**ကိုလံဘို နိုဝင်ဘာ ၂၄**

သီရိလင်္ကာနိုင်ငံသည် ယင်း၏ပထမဆုံးသော နာနိုနည်းပညာဂြိုဟ်တုကို ၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ အာကာသအတွင်းသို့ လွှတ်တင်မည်ဖြစ်ရာ ဂြိုဟ်တုနည်းပညာ ခေတ်သစ်အတွင်းသို့ ယင်းနိုင်ငံ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက နိုဝင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

သီရိလင်္ကာနိုင်ငံ၏ သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ တက္ကသိုလ်ဖြစ်သော အာသာစီကလပ်တက္ကသိုလ်သည် သတင်းအချက်အလက် နည်းပညာ၊ အာကာသနည်းပညာ၊ စက်ရုပ်နှင့်ဆက်နွှယ်သည့် အခြားခေတ်မီနည်းပညာတို့နှင့် ပတ်သက်၍ အထူးပြု သုတေသန ပြုလုပ်နေပြီး ယင်းတက္ကသိုလ်သည် ဂြိုဟ်တုနည်းပညာတိုးတက်စေရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ရုရှားနိုင်ငံမှ ဆာမာရာ လေကြောင်းအာကာသ တက္ကသိုလ်နှင့် နားလည်မှု စာချွန်လွှာ ရေးထိုးခဲ့သည်။ ရုရှားနိုင်ငံက သီရိလင်္ကာနိုင်ငံ၏ နာနိုဂြိုဟ်တုနည်းပညာတိုးတက်ရေးနှင့် အာကာသအတွင်းသို့ ဂြိုဟ်တုလွှတ်တင်နိုင်ရေးအတွက် အကူအညီ ပေးသွားမည်ဟု အဆိုပါတက္ကသိုလ်၏ ညွှန်ကြားရေးမှူးချုပ် ဆန်နတ်ပါနာ စန်နက်က ပြောကြားသည်။

ယင်းသဘောတူညီချက်အရ သီရိလင်္ကာနိုင်ငံသည် နာနိုနည်းပညာသုံးဂြိုဟ်တုကို ၂၀၁၈ ခုနှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ယင်းဂြိုဟ်တုကို အာကာသတွင်းသို့ လွှတ်တင်ခြင်းဖြင့် ဂြိုဟ်တုနည်းပညာခေတ်အတွင်းသို့ ဝင်ရောက်မည်ဖြစ်သည်။

နာနိုဂြိုဟ်တုသည် အလွန်သေးငယ်သော အီလက်ထရွန်နစ်စနစ်တစ်ခုဖြစ်ပြီး အလေးချိန် တစ်ကီလိုဂရမ်မှ ၁၀ ကီလိုဂရမ်အထိသာ ရှိသည်။ ကမ္ဘာမြေအထက် ကီလိုမီတာ ၄၀၀ မှ ၅၀၀ ခန့်အမြင့်တွင် ဝန်းပတ်ပျံသန်းမည်ဖြစ်ပြီး နာနိုဂြိုဟ်တုတစ်လုံးတွင် ယူနစ်တစ်ခုမှ ၁၂ ခုအထိ ပါရှိမည်ဖြစ်ကြောင်း၊ နာနိုဂြိုဟ်တုစီမံကိန်း အဖွဲ့ခေါင်းဆောင် သုတေသန သိပ္ပံပညာရှင် ဆမန်သာ ပွတ်ရှ်ပါး ကုမာရာက ပြောကြားသည်။

ယင်းနာနိုဂြိုဟ်တုကို ဓာတ်ပုံများမှတစ်ဆင့် ဆက်သွယ်မှု၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များ ရယူမှု၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များ ရယူမှုနှင့် ဆူနာမီဆိုင်ရာ သတိပေးမှု၊ လေယာဉ်နှင့် ရေယာဉ်များ၏ တည်နေရာ ထောက်လှမ်း သိရှိမှုတို့အတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

နာနိုဂြိုဟ်တုများသည် ကြီးမားသောဂြိုဟ်တုကြီးများ ဝင်ရောက်နိုင်ခြင်းမရှိသော နယ်ပယ်များအထိ ဝင်ရောက်နိုင်သည်။

**ဆင်ဟွာ**

# ဩဂုတ် ၁၄ ရက်ကို လိင်ကျွန်ပြုခြင်းခံ အမျိုးသမီးများအတွက် အောက်မေ့ဖွယ်နေ့အဖြစ် တောင်ကိုရီးယား သတ်မှတ်မည်



**ဆိုးလ် နိုဝင်ဘာ ၂၄**

ဒုတိယကမ္ဘာစစ်အတွင်းက လိင်ကျွန်များအဖြစ် ဖိနှိပ်ချုပ်ချယ်ခြင်းခံခဲ့ရသော တောင်ကိုရီးယား အမျိုးသမီးများအား အောက်မေ့သတိရသည့်အနေဖြင့် ဩဂုတ် ၁၄ ရက်ကို တောင်ကိုရီးယား လိင်ကျွန်အမျိုးသမီးများနေ့ဟု သတ်မှတ်ရန် တောင်ကိုရီးယားအစိုးရက စီစဉ်လျက်ရှိကြောင်း ယနေ့သတင်းများအရသိရသည်။

တောင်ကိုရီးယားလွှတ်တော်က နိုဝင်ဘာ ၂၄ ရက်တွင် ဥပဒေပြုအမတ်များတင်သွင်းသည့် အထက်ပါကိစ္စနှင့်ပတ်သက်သည့် ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုပေးခဲ့သည်။ အဆိုပါဥပဒေကြမ်းတွင် လာမည့်နှစ်မှစပြီး ဩဂုတ် ၁၄ ရက်ကို လိင်ကျွန်ပြုခြင်းခံရသော အမျိုးသမီးများအတွက် အောက်မေ့ဖွယ်ရာနေ့တစ်နေ့အဖြစ် သတ်မှတ်ပေးရန်ပါရှိသည်။

၁၉၉၁ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် တောင်ကိုရီးယားအမျိုးသမီးတစ်ဦးက လိင်ကျွန်ပြုခြင်းခံခဲ့ရသည်ဟု ပထမဆုံးအကြိမ်ဖွင့်ဟခဲ့သည်။ယင်းနေ့ကို အစွဲပြုပြီး ဩဂုတ် ၁၄ ရက်ကို အောက်မေ့ဖွယ်ရာ နေ့တစ်နေ့အဖြစ် သတ်မှတ်ရန် အဆိုတင်သွင်းခြင်းဖြစ်သည်။

လိင်ကျွန်နေ့အတွက် ပြည်သူများပါဝင်သည့် လှုပ်ရှားမှုများ ကျင်းပပေးရန် ဗဟိုအစိုးရအပါအဝင် ဒေသန္တရအစိုးရများအား အဆိုပါဥပဒေသစ်တွင် တိုက်တွန်းထားကြောင်း သိရသည်။ ထို့ပြင် မူဝါဒအသစ်များ ချမှတ်ခြင်းမပြုသေးမီ လိင်ကျွန်အဖြစ်အသုံးတော်ခံခဲ့ရသော အမျိုးသမီးများအား ၎င်းတို့တွေ့ကြုံခဲ့ရသည့် အိပ်မက်ဆိုးများနှင့်ပတ်သက်ပြီး စေ့စေ့စပ်စပ် မေးမြန်းရန်လိုအပ်ကြောင်း အဆိုပါဥပဒေသစ်တွင် ဗဟိုအစိုးရအား ထောက်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# ဖွံ့ဖြိုးရေးရန်ပုံငွေမှ မြို့နယ် ၃၂၅ မြို့နယ်အတွက် ကျပ်သန်းပေါင်း ၃၂၄၉၉ ဒသမ ၉၉၈ သန်း ခွင့်ပြုမိန့်ထုတ်ပြန်ပေးခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၄**

ယခုနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ မြို့နယ် ၃၂၅ မြို့နယ်အတွက် ကျပ်သန်းပေါင်း ၃၂၄၉၉ ဒသမ ၉၉၈ သန်း ခွင့်ပြုမိန့်ထုတ်ပြန်ပေးပြီးဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မဲဆန္ဒရှင် ပြည်သူများအတွက် အမှန်တကယ် အကျိုးပြုပြီး သုံးစွဲကုန်ကျမှုနှင့် ကိုက်ညီသည့်ဆောင်ရွက်မှု ဖြစ်စေရန်၊ ခွင့်ပြုပြီးလုပ်ငန်းများကိုလည်း အချိန်မီ စနစ်တကျ ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ဘဏ္ဍာနှစ်ကုန်ဆုံးရန် လေးလသာကျန်ရှိသည့်အတွက် လုပ်ငန်းပြောင်း တင်ပြခြင်းများကို ဒီဇင်ဘာလကုန်နောက်ဆုံးထား တင်ပြကြရန်လိုကြောင်း ပြောကြားသည်။

ယနေ့ နံနက်ပိုင်းက ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၂၀၁၇၊ စာရင်းအင်းဥပဒေကြမ်းနှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းတို့ကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန်အတွက် ပေးပို့နိုင်ခဲ့ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနနှစ်ခု တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုဝန်ကြီးနှစ်ဦး ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အသစ် ဖွဲ့စည်းခြင်းကိစ္စရပ်များအတွက် လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရန်လိုအပ်သည့် ပြစ်မှုဆိုင်ရာကိစ္စရပ်များ၌ ဥပဒေပိုင်း အပြန်အလှန် အကူအညီပေးမှုဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းကိစ္စရပ် အပါအဝင် အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်များတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စရပ် ကိုးခုနှင့် ပြည်တွင်းချေးငွေကိစ္စရပ်နှစ်ခုတို့ကို လွှတ်တော်တွင် ဆွေးနွေးပြီး သဘောတူအတည်ပြုပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ဖြစ်သည့် ဧပြီလ ၁ ရက်မှ မတ် ၃၁ ရက်ထိ (အစား) အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ပြောင်းလဲပြင်ဆင်သတ်မှတ်မှုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာကို ဆွေးနွေးမှတ်တမ်းတင်ခြင်း အပါအဝင် မှတ်တမ်းတင်ခြင်းကိစ္စရပ် ရှစ်ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အုပ်ချုပ်ရေးကဏ္ဍ၏ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်သို့တင်ပြလာသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်မှု အခြေအနေအစီရင်ခံစာ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်ထိ) တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာ၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်၏ (၂၀၁၇ ခုနှစ် ဧပြီလမှ အောက်တိုဘာလထိ) ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပစဉ်။

တို့ကိုလည်း ဆွေးနွေးမှတ်တမ်းတင်နိုင်ခဲ့ကြောင်းကိုလည်း နာယကက ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် လက်ရှိ ဘဏ္ဍာနှစ်ကာလသတ်မှတ်မှု အစား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်ပြီး အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လက်ရှိဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ခြောက်လတာကာလအတွက် စီမံကိန်းဘတ်ဂျက်တို့ကို သီးခြားဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို ထည့်သွင်းလျာထားရန်မရှိဘဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တစ်နှစ်စာ ဘတ်ဂျက်ရေးဆွဲချိန်မှသာ ထည့်သွင်းလျာထားရန် ကြိုတင်အသိပေးထားလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူး ဦးစန်းဝင်းနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးစိုးတင့်၊ ဦးအောင်လွင်၊ ဦးဟန်ညွန့်၊ ဒေါ်မြတ်မြတ်စိုး၊ ဦးအောင်သန်းမြင့်၊ ဦးခင်မောင်မြင့်၊ ဦးမျိုးမြင့်၊ ဒေါ်အေးအေးမူ၊ ဦးဇော်ဝင်းနှင့် ဒေါ်လဲ့လဲ့သွင်တို့သည် ပြည်ထောင်စုလွှတ်တော် နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် အဖွဲ့ဝင် အစားထိုးတာဝန်ပေးအပ်ခြင်းကို တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုကြောင်း ကြေညာသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၃/၂၀၁၇) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ်** ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်**က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုမှာ လယ်ယာကဏ္ဍအနေဖြင့် ပုံမှန်စျေးနှုန်းများအရ ထုတ်လုပ်မှုတန်ဖိုးကျပ် ၂၈၄၁ ဒသမ ၇၆ ဘီလီယံရှိခဲ့ပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၂၃ ဒသမ ၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ယခင်နှစ် အချိန်တူကာလနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ဒုတိယ ခြောက်လပတ်ကာလမှာ မျှော်မှန်းထားသည့် တစ်မျိုးသားလုံး၏ လယ်ယာ၊ သားငါးကဏ္ဍထုတ်လုပ်မှု တန်ဖိုး ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း** က Two Step Loan ချေးငွေထုတ်ချေးပေးရန် မြန်မာ့ရှေ့ဆောင်ဘဏ် (MAB)၊ ရောဝတီဘဏ် (AYA)၊ သမဝါယမဘဏ် (CB)၊ မြန်မာနိုင်ငံသားများဘဏ် (MCB)၊ ကမ္ဘောဇဘဏ် (KBZ)နှင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB) တို့အား PFI အဖြစ် ရွေးချယ်ထားပါကြောင်း၊ JICA Two Step Loan ချေးငွေ၏ အားသာချက်သည် PFI ဘဏ် ခြောက်ခုမှ ထုတ်ချေးပေးရာတွင် တစ်နှစ်အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အများဆုံး ငါးနှစ်အထိ ချေးယူနိုင်ပါကြောင်း။

SME လုပ်ငန်းရှင်များအနေဖြင့် နှစ်ဆင့်ခံချေးငွေများကို လျှောက်ထားနိုင်ရန် စက်မှုဝန်ကြီးဌာန၊ SME ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ လာရောက်ရန်မလိုဘဲ သတ်မှတ်ပေးထားသည့် PFI ဘဏ် ခြောက်ခုသို့ တိုက်ရိုက်လျှောက်ထားနိုင်ပြီး မြန်မာ့စီးပွားရေးဘဏ်နှင့် သက်ဆိုင်ရာဘဏ်များ၏ စိစစ်အတည်ပြုချက်ဖြင့် ချေးငွေရရှိနိုင်ပါကြောင်း။

CGI စနစ်ဖြင့် ချေးငွေထုတ်ချေးပေးရာတွင် ပုဂ္ဂလိကဘဏ်များသည် ၎င်းတို့၏ Own Fund မှ ထုတ်ချေးပေးခြင်းကြောင့် တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်း အတိုးနှုန်းနှင့် ချေးငွေအာမခံစနစ်အတွက် အပေါင်ပစ္စည်းပါရှိပါက တစ်နှစ်လျှင် အတိုးနှုန်း နှစ်ရာခိုင်နှုန်း၊ အပေါင်ပစ္စည်းမပါရှိပါက အတိုးနှုန်း သုံးရာခိုင်နှုန်းအား မြန်မာ့အာမခံလုပ်ငန်းသို့လည်း အာမခံပရီမီယံကြေးအဖြစ် ပေးသွင်းရသဖြင့် ချေးငွေရယူလိုသော လုပ်ငန်းရှင်များအတွက် ပေးသွင်းရသော အတိုးနှုန်းမြင့်မားရခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းအစီရင်ခံစာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့ကလည်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌက အစီရင်ခံစာ(၁၃/၂၀၁၇)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ယင်းအစီရင်ခံစာကို မှတ်တမ်းတင်ကြောင်းနှင့် ယင်းအစီရင်ခံစာနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၃/၂၀၁၇)ကို သဘောတူအတည်ပြုကြောင်း ကြေညာသည်။

**အလားတူ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၄/၂၀၁၇)အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ်** ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း** က ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့ထားသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမခြောက်လပတ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာအား ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၄/၂၀၁၇)အပေါ် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသွားခဲ့မှုများအနက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်အချက်များ အပါအဝင် အခြားအကြံပြုချက်များအား အလေးအနက်ထား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တင်ဒါလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အားလုံးတို့မှ လိုက်နာဆောင်ရွက်နိုင်ရန် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်စာအုပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြန့်ဝေခဲ့ပြီး နိုင်ငံတော်သမ္မတရုံးမှလည်း ၂၀၁၇ ခုနှစ် ဧပြီ ၁၀ ရက်တွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများအတွက် လိုက်နာရန် ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)ကို ထုတ်ပြန်ပြီးဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အားလုံးသည် ယခု လာမည့် ခြောက်လပတ်ဖြစ်သည့် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်မည့် ဘတ်ဂျက်များကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးသည့်နေ့မှစ၍ တင်ဒါခေါ်ယူမှုလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်သင့်ပါကြောင်းနှင့် အလားတူ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မတိုင်မီ ပြည်ထောင်စုလွှတ်တော်မှ ရန်ပုံငွေကို အတည်ပြုပြီးသည်နှင့် တင်ဒါခေါ်ယူလုပ်ငန်းစတင်သင့်ပါကြောင်း။

ဘတ်ဂျက်နှစ်စတင်သည်နှင့် လုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ Procurement Law ရေးဆွဲရန်အတွက်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှစ်ဦး ပါဝင်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ဘဏ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ဦးစီး၍ ၂၀၁၈ ခုနှစ် မတ်လတွင် အပြီးရေးဆွဲမည်ဖြစ်ပြီး ရေးဆွဲပြီးပါက ယခုထက် ပိုမိုပြည့်စုံလွယ်ကူစွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းအစီရင်ခံစာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ကလည်း ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အဖွဲ့ဝင် ဦးစိုင်းသီဟကျော်က အစီရင်ခံစာ(၁၄/၂၀၁၇)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ယင်းအစီရင်ခံစာကို မှတ်တမ်းတင်ကြောင်းနှင့် ယင်းအစီရင်ခံစာနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၄/၂၀၁၇) ကို သဘောတူအတည်ပြုကြောင်း ကြေညာသည်။ **သတင်း- မော်စီ၊ မွေးကြူဇင်**

# မြစိမ်းရောင်ချေးငွေထုတ်ချေးပေး

**ရန်ကုန် နိုဝင်ဘာ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သန်လျင်မြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာ ၂၂ ရွာအနက် ငပကျေးရွာတွင် ချေးငွေအောင်မြင်သူ ၁၂ ဦးအတွက် လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေကျပ် ၂၅၀၀၀၀၀ ကို ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီများက နိုဝင်ဘာ ၂၄ ရက်တွင် ထုတ်ချေးပေးခဲ့ရာ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ကျဝန်ထမ်းများ သွားရောက်ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံ


**နေပြည်တော် နိုဝင်ဘာ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် တင့်ဆန်းတို့ လိုက်ပါပြီး ယနေ့ နံနက်ပိုင်းတွင် Beijing ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမတွင် တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော် ဆက်ဆံရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ ရခိုင်အရေးနှင့် ပတ်သက်၍ နိုင်ငံတကာ မျက်နှာစာတွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပေးခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံက ခေါင်းဆောင်တွေဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ကောင်းမွန်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်လုံးဝယုံကြည်ပါတယ်

**(၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်လာသော ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး Mr. Peter Szijjarto အား နိုဝင်ဘာ ၂၁ ရက်က တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်တင်ပြလိုက်ပါသည်။**

**မေး။ မြန်မာနိုင်ငံနဲ့ ဟန်ဂေရီနိုင်ငံတို့ရဲ့ ချစ်ကြည်ရင်းနှီးမှုနဲ့ပတ်သက်ပြီး အဓိကဦးစားပေးသတ်မှတ်ချက်တွေဟာ ဘာတွေဖြစ်နိုင်မလဲ။**

ဖြေ။ ဟန်ဂေရီနဲ့မြန်မာနှစ်နိုင်ငံဟာ ပထဝီအနေအထားအရ အလွန်ဝေးကွာစွာ တည်ရှိပါတယ်။ ဒါကြောင့်မို့လို့ ပထမဆုံးအနေနဲ့ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုရရှိဖို့ လိုအပ်ပါတယ်။ ပြည်သူတွေအကြား ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ဆက်ဆံဖို့အတွက် မြန်မာကျောင်းသားတွေကို ဟန်ဂေရီမှာ လာရောက်ပညာသင်ကြားနိုင်ဖို့ ပညာတော်သင်ဆုကို ပေးအပ်ထားပါတယ်။ အစိုးရကထောက်ပံ့တဲ့ ပညာတော်သင်ဆုဖြစ်ပါတယ်။ အခုလို ပညာတော်သင်ဆုပေးခြင်းအားဖြင့် နှစ်နိုင်ငံကျောင်းသားလူငယ်တွေအနေနဲ့ ဆက်ဆံရေးမြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။ ဟန်ဂေရီနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ရေးကို အစဉ်အမြဲအားပေးထောက်ခံလျက်ရှိပါတယ်။ ကမ္ဘာကြီးဟာ တဖြည်းဖြည်းသေးငယ်လာတဲ့အတွက် ကမ္ဘာရဲ့တစ်ဖက်ခြမ်းက ဖြစ်ရပ်တွေဟာ အခြားကမ္ဘာတစ်ဖက်ခြမ်းမှာ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ငြိမ်းချမ်းရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ ကျွန်တော်တို့ဟန်ဂေရီအတွက် အရေးပါနေပါတယ်။

**မေး။ နိုင်ငံတကာအသိုက်အဝန်းတွေအနေနဲ့ မြန်မာနိုင်ငံကို ဘယ်လိုပံ့ပိုးမှုတွေ လုပ်ဆောင်ပေးသင့်ပါသလဲ။**

ဖြေ။ မြန်မာနိုင်ငံဟာ ကြီးမားတဲ့စိန်ခေါ်မှုတွေအကြား ရုန်းကန်နေရဆဲပဲလို့ ကျွန်တော်သိရှိထားပါတယ်။ စိန်ခေါ်မှုတွေနဲ့ ရုန်းကန်နေရတဲ့ နိုင်ငံများစွာရှိပါတယ်။ သို့သော်လည်း ရိုးရိုးသားသားပြောရရင် မြန်မာတစ်နိုင်ငံကိုပဲ ညွှန်းဆိုတာမဟုတ်ပါဘူး။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ မြန်မာနိုင်ငံကို ဖိအားမပေးဖို့ ကျွန်တော်တို့ တိုက်တွန်းထားပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံကို ဖိအားပေးလွန်းရင် မူလလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိသွားနိုင်တဲ့ အခြေအနေကြောင့် ဖြစ်ပါတယ်။ ဒီအခက်အခဲစိန်ခေါ်မှုတွေကို မြန်မာအစိုးရအနေနဲ့ ဖြေရှင်းနိုင်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ မဟုတ်လို့ကတော့ ရွှေ့ပြောင်းသွားလာမှုတွေကို ကိုင်တွယ်ထိန်းသိမ်းနိုင်မှာ မဟုတ်ပါဘူး။ အာရှနိုင်ငံတွေက အတွေ့အကြုံအရ ဒီလိုမျိုးရွှေ့ပြောင်းသွားလာမှုတွေဟာ ဒေသတွင်းမှာ ရပ်တန့်သွားမှုမရှိတဲ့အပြင် ဥရောပဒေသတွေကိုပါ ပျံ့နှံ့ရောက်ရှိလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နောက်ထပ်ရောက်ရှိလာမယ့် ရွှေ့ပြောင်းသွားလာသူတွေကို လက်မခံလိုတော့ပါဘူး။



**ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး**
**Mr. Peter Szijjarto**

**မေး။ ဟန်ဂေရီရဲ့ နိုင်ငံတကာဖွံ့ဖြိုးမှုအစီအစဉ်ဟာ မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်ပါမလဲ။**

ဖြေ။ စိုက်ပျိုးရေး၊ စားသောက်ကုန်လုပ်ငန်း၊ ရေအရင်းအမြစ်အသုံးချမှုစီမံခန့်ခွဲရေးတို့ဟာ နယ်စပ်ဒေသဖွံ့ဖြိုးရေးမှာ အရေးပါတဲ့လုပ်ငန်းသုံးရပ်ဖြစ်တယ်လို့ ကျွန်တော်နားလည်ထားပါတယ်။ ဒီလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် ဟန်ဂေရီအစိုးရက ၁၈ နှစ်ကြာ ချေးငွေကို အတိုးနည်းနည်းနဲ့ ထုတ်ချေးဖို့ ကမ်းလှမ်းထားပါတယ်။ ဒီအစီအစဉ်က မကြာခင်စတင်တော့မှာပါ။ ဒီချေးငွေကနေ အရေးကြီးတဲ့နယ်ပယ်တွေဖြစ်တဲ့ စိုက်ပျိုးရေး၊ စားသောက်ကုန်လုပ်ငန်း၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုတွေကို အဆင့်မြှင့်တင်ဖို့ဖြစ်ပါတယ်။ မြန်မာအစိုးရဘက်က ခွင့်ပြုရင် အဲဒီရင်းနှီးမြှုပ်နှံမှုတွေ မကြာခင်စတင်တော့မှာဖြစ်ပါတယ်။ ဟန်ဂေရီနိုင်ငံက နည်းပညာကုမ္ပဏီတွေကလည်း မြန်မာနိုင်ငံဈေးကွက်မှာ ရောက်ရှိလာမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးမှာ များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။

**မေး။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေဟာ ဘာတွေဖြစ်နိုင်မလဲလို့ လူကြီးမင်းထင်ပါသလဲ။**

ဖြေ။ ဟန်ဂေရီနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ဟာ ၁၉၉၀ ပြည့်နှစ်ရောက်ခါမှ ပြီးဆုံးသွားခဲ့ပါတယ်။ အဲဒီအသွင်ကူးပြောင်းရေးကာလအတွင်းမှာ ကျွန်တော်တို့ဟာ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ တရားမျှတမှုရရှိရေးအတွက် များစွာတိုက်ပွဲဝင်ခဲ့ရပါတယ်။ ဟန်ဂေရီပြည်သူတွေဟာ လွတ်လပ်ရေးတိုက်ပွဲဝင်သူတွေလို့ ယနေ့အထိ ခေါ်ဆိုသုံးနှုန်းနေကြတယ်ဆိုတာ အကြောင်းမဲ့တော့ မဟုတ်ပါဘူး။ နိုင်ငံအုပ်ချုပ်ရေးနဲ့ ပတ်သက်ပြီး အတွေ့အကြုံများစွာရှိနေတဲ့ မြန်မာနိုင်ငံက ခေါင်းဆောင်တွေဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ကောင်းမွန်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်လုံးဝယုံကြည်ပါတယ်။ နိုင်ငံတကာရဲ့ထောက်ခံမှု များစွာရရှိနေတဲ့ မြန်မာနိုင်ငံက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ မြန်မာနိုင်ငံရဲ့စိန်ခေါ်မှုတွေကို ကျော်လွှားပြီး ဒီမိုကရေစီလမ်းကြောင်းပေါ် ချောချောမောမော လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

**မေး။ မကြာသေးမီက ဖြစ်ပွားတဲ့ ရခိုင်ပြည်နယ်အကျပ်အတည်းနဲ့ပတ်သက်ပြီး နိုင်ငံတကာ မီဒီယာတွေက သတင်းမှားအချို့ကို ရေးသားထုတ်ပြန်ခဲ့ကြပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဟန်ဂေရီနိုင်ငံရဲ့သဘောထားရပ်တည်ချက်ကို သိလိုပါတယ်။**

ဖြေ။ ဟန်ဂေရီမှာလည်း အစိုးရတက်လာပြီး လွန်ခဲ့တဲ့ ခုနစ်နှစ်အထိ မီဒီယာရဲ့တိုက်ခိုက်မှုကို ခံခဲ့ရတာပါ။ ဟန်ဂေရီအကြောင်းနဲ့ပတ်သက်ပြီး နိုင်ငံတကာမီဒီယာတွေရဲ့ ရေးသားချက်တွေကို ခင်ဗျားယုံကြည်မယ်ဆိုရင် အခုလို ကျွန်တော်နဲ့အင်တာဗျူးလုပ်စရာအကြောင်းမရှိပါဘူး။ နိုင်ငံတကာမီဒီယာကို စနစ်တကျကိုင်တွယ်ရမယ်ဆိုတာတော့ နိုင်ငံတိုင်းသတိထားမိပါလိမ့်မယ်။ ဥပမာအားဖြင့် ဟန်ဂေရီနယ်စပ်ကို တရားမဝင်ရွှေ့ပြောင်းလာသူတွေ ကျူးကျော်ဝင်ရောက်လာတုန်းက ရဲတပ်ဖွဲ့က ကာကွယ်ခဲ့ပါတယ်။ ရဲတပ်ဖွဲ့က နယ်စပ်ကိုကာကွယ်ဖို့ လုပ်တဲ့အခါ သူတို့က ကျောက်တုံးတွေ၊ ပုလင်းတွေနဲ့တိုက်ခိုက်ပါတယ်။ မိနစ်အနည်းငယ်အကြာမှာ ဟန်ဂေရီရဲတပ်ဖွဲ့က အပြစ်မဲ့တဲ့တရားမဝင်ရွှေ့ပြောင်းလာသူတွေကို တိုက်ခိုက်ကြောင်း နိုင်ငံတကာမီဒီယာမှာ ရေးသားကြပါတယ်။ ဒါကြောင့် နိုင်ငံတကာမီဒီယာရဲ့ ဖော်ပြချက်ကို ကျွန်တော်တို့အလေးထားပါတယ်။ မြန်မာနိုင်ငံအပေါ် မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်နဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့အလေးထားပါတယ်။ မီဒီယာတွေ အဓိပ္ပာယ်ကောက်လွဲတတ်တာကိုလည်း ကျွန်တော်တို့သိပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံမှာ အခုဖြစ်ပေါ်နေတဲ့အခက်အခဲတွေကို မြန်မာအစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေအရ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ဖိအားတွေရှိတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။

**မေး။ မြန်မာနိုင်ငံရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး လူကြီးမင်းအနေနဲ့ အကောင်းဘက်က ဘယ်လိုရှုမြင်ပါသလဲ။**

ဖြေ။ တကယ်တမ်းပြောရမယ်ဆိုရင်တော့ မြန်မာနိုင်ငံဟာ အရင်က စီးပွားရေး အလွန်နိမ့်ကျတဲ့နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ခဲ့ပါတယ်။ အခုအချိန်မှာတော့ မြန်မာနိုင်ငံဟာ စီးပွားရေး စတင်ဖွံ့ဖြိုးနေပါပြီ။ မြန်မာနိုင်ငံအနေနဲ့ ဒီလိုမျိုးအဆင့်အထိရောက်အောင် တိုးတက်လာဖို့ဟာ များစွာပေးဆပ်ခဲ့ရတယ်ဆိုတာ ကျွန်တော်တို့ ဟန်ဂေရီနိုင်ငံသားတွေ သိပါတယ်။ ဒီအဆင့်ရောက်ဖို့ မြန်မာနိုင်ငံသားတွေအနေနဲ့ ဆင်းရဲဒုက္ခတွေနဲ့အတူ ရုန်းကန်ခဲ့ရတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အင်တိုက်အားတိုက် ဆက်လက်အကောင်အထည်ဖော်ရင်းနဲ့ အောင်မြင်မှုကို မလွဲမသွေ ရရှိမှာဖြစ်ကြောင်း ကျွန်တော်ပြောချင်ပါတယ်။

**ဘာသာပြန်- ကျော်သဲအိမ်၊ စိုးသူရ**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၄၊ ကော်လံ ၁ ပါ "တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေကျင်းမြို့ရှိ ဗုဒ္ဓမြတ်စွယ်တော် ဖူးမြော်ကြည်ညို" သတင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ Lt.Gen.Xi Qiliang အစား General Xu Qiliang ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြဝတီ**

# မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားခရီးသွားများ ပြည်ဝင်ဗီဇာဖြင့် ဝင်ရောက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ လူမျိုးများ၏ ရိုးသားဖော်ရွေမှု၊ သဘာဝတောတောင် ရှုခင်းများ၏ သာယာမှု၊ ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝမှု၊ ရှေးဟောင်းယဉ်ကျေးမှု ဘုရားပုထိုးစေတီများ၊ တိုင်းရင်းသားလူမျိုးစုများ၏ လူမျိုးတစ်စုချင်း၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ လူနေမှုစရိုက် ကွာခြားမှု၊ သာယာလှပသော သဘာဝရေအိုင်များ၊ သဘာဝဘေးမဲ့ဥယျာဉ်များ၊ သားရဲတိရစ္ဆာန်၊ သတ္တဝါများ၏ သဘာဝနေထိုင်ကျက်စားမှုများ စသည့် လေ့လာချင်စရာများ ပေါကြွယ်ဝမှုကြောင့် ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လည်ပတ်လျက်ရှိသည်။

ထိုကဲ့သို့ ဝင်ရောက်သွားလာလည်ပတ်လျက်ရှိရာတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက် ပေါက်များမှ ပြည်ဝင်ဗီဇာ(ကမ္ဘာလှည့်)နှင့် ပြည်ဝင်ဗီဇာ(လုပ်ငန်း)ဖြင့် ဝင်ရောက်သည့် နိုင်ငံခြားသားများမှာ ၂၀၁၆ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ ကမ္ဘာလှည့်ခရီးသည် ၂၃၂၂၄၆ ဦးနှင့် လုပ်ငန်းဖြင့် ဝင်ရောက်သူ ၁၃၇၀၃၀ ရှိခဲ့ပြီး အလားတူ ၂၀၁၇ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ ကမ္ဘာလှည့်ခရီးသည် ၂၃၄၈၆၆ ဦးနှင့် လုပ်ငန်းဖြင့် ဝင်ရောက်သူ ၁၃၈၂၄၉ ဦး ရှိခဲ့ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံစာရေးဆရာအသင်း ၁၃၇၉ ခုနှစ်၊ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အသင်းခန်းမ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် အလှူငွေပေးအပ်ပွဲတွင် နိုင်ငံတော်သမ္မတရုံးကငွေကျပ် ၆၄၅၀၀၀၀၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၂၁၅၀၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာဂရု)၊ သံအမတ်ကြီး(ငြိမ်း) ဦးလှမောင်မိသားစုတို့က ငွေကျပ် ၁၅ သိန်းစီနှင့် မဟာသရေစည်သူဗိုလ်ချုပ်ကြီးစိုးဝင်း(ငြိမ်း)-ဇနီး ဒေါ်သန်းသန်းနွဲ့(မလေး-မုံရွာ) သားသမီးမြေးတစ်စုတို့ကငွေကျပ် ၁၀ သိန်း အပါအဝင် အလှူရှင်များက အလှူငွေ စုစုပေါင်းငွေကျပ် ၂၆၉ သိန်းကျော်နှင့် ငွေကျပ် ၃၆ သိန်းကျော်တန်ဖိုးရှိ ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က "အခုလှူဒါန်းရရှိငွေနဲ့ ပစ္စည်းတွေကို ဒီဇင်ဘာ ၂ ရက် ရန်ကုန်မြို့တော်ခန်းမမှာ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပမယ့် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲမှာ သက်ကြီးစာပေပညာရှင် ၂၁၆ ဦးကို အချိုးကျ ပူဇော်ကန်တော့မှာဖြစ်ပါတယ်" ဟု ပြောသည်။

**သတင်းစဉ်**



လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။



**နိုဝင်ဘာ ၂၄ ရက်က တီမောလက်စ်တေနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဇနီး ဒေါ်ခင်ဌေးတို့အား မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေ သံအမတ်ကြီး H.E.Mr.Joao Freitas de Camara ကြိုဆိုနှုတ်ဆက်စဉ်။**

သတင်းစဉ်

# လူငယ်တွေအတွက် ရှားပါးတဲ့အခွင့်အရေးတစ်ခုရတာဖြစ်တဲ့အတွက် ဝင်ရောက်ဆင်နွှဲကြဖို့ သတင်းကောင်းပါး

**ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် နိုင်ငံတော်အဆင့် ဘက်စုံလူငယ်ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်ကျင်းပခြင်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းဦးဆောင်၍ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် နိုဝင်ဘာ ၂၄ ရက် ညနေ ၃ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။**

အဆိုပါပွဲတော်ကို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ပတ်ဝန်းကျင်တွင် ဖွင့်လှစ်ထားသည့် တက္ကသိုလ်၊ ကောလိပ်နှင့်သင်တန်းကျောင်းများမှလူငယ်များ၊ ရပ်ကွက်၊ မြို့နယ်နှင့်ခရိုင်များရှိ လူငယ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ ယင်းပွဲတော်နှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဦးရဲနိုင်(ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)**

ဒီပွဲက ဝန်ကြီးဌာနငါးခု အဓိကပေါင်းစပ်ဆောင်ရွက်တဲ့ပြပွဲပါ၊ ဒီပွဲက ဉာဏရောကာယရောအစုံပါဝင်တဲ့ ပွဲတော်ဖြစ်တဲ့အတွက် ထူးခြားတဲ့ပွဲတော် ဖြစ်ပါတယ်၊ ဝန်ကြီးဌာနငါးခုနဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ပေါင်းစပ်ပါဝင်တဲ့အတွက် နိုင်ငံတော်အဆင့်ပွဲတော်လို့ပြောလို့ရပါတယ်၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရှားပါးစာအုပ်ပြပွဲ၊ ထင်ရှားကျော်ကြားတဲ့ စာရေးဆရာကြီးတွေရဲ့ စာအုပ်ပြပွဲတွေအပြင် စာအုပ်ရောင်းချပွဲ၊ ကဗျာရွတ်ပြိုင်ပွဲတွေကို ကျင်းပသွားမှာပါ၊ ဒါ့အပြင် ဆွေးနွေးပွဲတွေလည်းပါဝင်မှာပါ၊ ဆွေးနွေးပွဲအတွက် လူငယ်တွေနဲ့ပတ်သက်တဲ့ခေါင်းစဉ်တွေ ရွေးချယ်ထားပါတယ်၊ အဲဒီမှာ လူငယ်စာရေးဆရာတွေအပြင် ထူးထူးခြားခြား လူငယ်တွေထဲက အောင်မြင်ထင်ရှားတဲ့ အနုပညာရှင်တွေနဲ့ စကားပြောအစီအစဉ်တွေလည်းပါပါတယ်၊ ဒီပွဲတော်က မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါတယ်၊ လူငယ်တွေအတွက် ရှားပါးတဲ့ အခွင့်အရေးတစ်ခုရတာဖြစ်တဲ့အတွက် ဝင်ရောက်ဆင်နွှဲကြဖို့ သတင်းကောင်းပါးလိုက်ပါတယ်။



ဦးရဲနိုင်



ဒေါက်တာကေသီကျော်



ဒေါက်တာကျော်ဦး



ပါမောက္ခဒေါက်တာကျော်နိုင်

**ဒေါက်တာကေသီကျော် (ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန)**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်မှာ ဌာနအနေနဲ့ ပါဝင်ရတဲ့အခါမှာ ပြခန်းခင်းကျင်းရေးနဲ့ ဖျော်ဖြေရေးပွဲ၊ ဟောပြောပွဲတွေ ပါပါမယ်၊ ပြခန်းအပိုင်းမှာ ပြခန်းခြောက်ခန်းမှာ လူငယ့်ရိပ်သာပြန်ခန်းတစ်ခုပြသသွားမယ်၊ လူငယ်သမိုင်းကြောင်းတွေ၊ မီးပုံးပျံ၊ ကြာသက်န်းလုပ်တာတွေကို အဆင့်ဆင့်ပြသသွားမယ်၊ နောက်တစ်ခုက လက်မှုပစ္စည်းတွေဖြစ်တဲ့ လက်သုတ်ပဝါ၊ ရက်ကန်းထည်၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ စားပွဲခင်း စတာတွေကို ခင်းကျင်းပြသမှာဖြစ်သလို ရောင်းချသွားမှာလည်းဖြစ်ပါတယ်၊ လူငယ်တွေရဲ့ကဏ္ဍ ပြခန်းတစ်ခန်းမှာ သတင်းအချက်အလက်တွေပေးမယ်၊ မေးခွန်းလေးတွေမေးမယ်၊ ဆုတွေပေးမယ်၊ မွေးကင်းစကလေးတွေကို စွန့်ပစ်တာတွေကို တားဆီးကာကွယ်ဖို့ အသိပေးပြခန်းတစ်ခုလည်းပါပါမယ်၊ ဟောပြောပွဲမှာလည်း သက်ငယ် မုဒိမ်းနဲ့ပတ်သက်တာတွေ၊ လူငယ်တွေနဲ့ပတ်သက်တာတွေ ဟောပြောသွားမှာဖြစ်ပါတယ်။

**ဒေါက်တာကျော်ဦး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန)**

အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်သွားမှာပါ၊ ကျန်းမာရေးကဏ္ဍအနေနဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးနေဖို့ ပညာပေးပြခန်းတွေ၊ အစားအသောက်နဲ့ ဆေးဝါး အန္တရာယ်ကင်းရှင်းရေးတွေ ဆောင်ရွက်သွားမယ်၊ ပွဲတော်ကျင်းပတဲ့နေရာမှာ နေရာနှစ်နေရာထားပြီး လူနာတင်ယာဉ်တွေနဲ့ ကျန်းမာရေး အရေးပေါ်ကိစ္စတွေကို အတွင်းစည်းအနေနဲ့ ဆောင်ရွက်သွားမယ်၊ ပြခန်းတွေမှာလည်း ကျောင်းကျန်းမာရေးလုပ်ရှားဆောင်ရွက်မှုတွေရယ် လူငယ်တွေအတွက် အထူးစီစဉ်ဆောင်ရွက်ထားတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍလေးတွေပါမယ်၊ အစားအသောက်နဲ့ပတ်သက်ပြီးလည်း အရေးပေါ် အခြေအနေတွေရှိတယ်၊ လုံခြုံဘေးကင်းစိတ်ချရဖို့အတွက် ဆောင်ရွက်သွားမှာပါ။

**ပါမောက္ခဒေါက်တာကျော်နိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန)**

ကျောင်းသား ကျောင်းသူတွေရဲ့ စာပေဆိုင်ရာလှုပ်ရှားမှုတွေပါမယ်၊ ကျပန်းစကားပြောပြိုင်ပွဲတွေ၊ စကားရည်လုပွဲတွေလုပ်ဖို့ရှိတယ်၊ ရန်ကုန်မြို့မှာရှိတဲ့တက္ကသိုလ်တွေက လုပ်ထားတဲ့ သုတေသနတွေရှိတယ်၊ ဥပမာ-စက်ရုပ်နဲ့ပတ်သက်တာတွေ၊ သိပ္ပံဆိုင်ရာသုတေသနပြခန်းတွေနဲ့ ရန်ကုန်မြို့မှာရှိတဲ့ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေနဲ့နည်းပညာတက္ကသိုလ်တွေက ကျောင်းသားကျောင်းသူတွေရဲ့ သုတေသနလုပ်ဆောင်ချက်တွေကို ထည့်သွင်းပြသဖို့အစီအစဉ်ရှိတယ်၊ အဓိကကတော့ လူငယ်တွေအချင်းချင်းကြားမှာ စည်းလုံးညီညွတ်စွာနဲ့ လူငယ်တွေရဲ့ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီးလုပ်တာပါ၊ ဒီခေတ်မှာမလိုလားတဲ့ကိစ္စတွေ၊ အမုန်းစကားတွေနဲ့ မူးယစ်ဆေးဝါးတို့ဘာတို့ အန္တရာယ်ရှိတဲ့အချိန်မှာ ဒီလိုအားကစားတို့ ပညာရေးတို့ လူငယ်တွေဘက်စုံဖွံ့ဖြိုးဖို့ အတွက်ကို အသိပေးချင်တာပါ။

**သတင်း-ဇာနည်မောင်၊ အေးမင်းသူ**
**ဓာတ်ပုံ-ပေါက်ကြီး**

## ပြည်တွင်းရေးရာ

☆ **ရွှေဖုံးမှ**

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းနိုင်ရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်ခဲ့မှုများကို ပြန်လည်ပြီး လေ့လာပါက ဘယ်ခေတ်၊ ဘယ်ကာလမှ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအထိ မရောက်ရှိနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ယနေ့ နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ရုံမက သဘောတူညီချက်များလည်း ရရှိခဲ့သည်အထိ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံး လက်တွေ့ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲကြီး အောင်မြင်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်များသည် ရှင်းရှင်းလင်းလင်းရှိနေရန်၊ လွယ်လွယ်ကူကူရှိနေရန်၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရန် အရေးကြီးပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို NCA လက်မှတ်ရေးထိုးပြီး ၂၀၁၅ ခုနှစ်အတွင်းက ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအစိုးရလက်ထက်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် UPDJC ကို ဦးဆောင်သည့်အချိန်တွင် (၂၁)ရာစု ပင်လုံ ညီလာခံ လမ်းကြောင်းနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရေးသားခဲ့ပါကြောင်း၊ ညီလာခံကျင်းပရေးနှင့် ဆိုင်သည့်အပိုင်းကို အလေးထားပြီး ပြင်ဆင်ခဲ့ပါကြောင်း။

မူဘောင်ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်များတွင် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့အစည်းများ ပါဝင်နိုင်အောင် ဖိတ်ခေါ်ကမ်းလှမ်းပြီး မူဘောင်နှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ မူဘောင်ပြင်ဆင်ရေးတွင် ပါဝင်နိုင်ခြင်းမရှိသော်လည်း ပြန်လည်သုံးသပ်သည့် Review Process များတွင် ပါဝင်နိုင်ပြီး ဆွေးနွေးချက်ရရှိအောင် လမ်းဖွင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မပါဝင်နိုင်သေးသည့်သူများကို ပါဝင်နိုင်အောင် လမ်းဖွင့်ပေးခဲ့သည့်အတွက် မူဘောင်ပြင်ဆင်ရေးကို အပြီးသတ်ဆွေးနွေးမှုမပြုခြင်းဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တစ်ခုလုံးကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရန် တင်ပြလာသည့် အလုပ်အဖွဲ့များ၏ တင်ပြချက်များကို ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြမည်ဖြစ်ပါကြောင်း၊ အားလုံးက စိတ်ရင်းစေတနာ အရင်းခံပြီးတော့ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့် အောင်မြင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ပေးကြမည်ဟု အခိုင်အမာ ယုံကြည်ထားပါကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းစေရန်နှင့် ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသာယာပြီး ညီညွတ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် UPDJC ခေါင်းဆောင်များအားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC ) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း



ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC ) ဒုတိယဥက္ကဋ္ဌ ဦးသုဝေ

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC ) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသည် မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွင် တာဝန်အရှိဆုံးဖြစ်ပါကြောင်း၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွင် ချောချောမွေ့မွေ့ဖြစ်ရန်လိုအပ်သည့်အစီအစဉ်များ၊ ဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီသည် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက်၊ နိုင်ငံရေးဆွေးနွေးမှုအတွက် ပူးတွဲသည့်ကော်မတီဖြစ်ပါကြောင်း၊ အစုအဖွဲ့ သုံးဖွဲ့က နိုင်ငံရေးရည်မှန်းချက် တစ်ခုတည်းအပေါ် မူတည်ပြီး ချမှတ်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမူဘောင်၊ လုပ်ငန်းကော်မတီအဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်များသည် အကောင်အထည်ဖော်ရာတွင် ပြေပြစ်ချောမောရန်လိုအပ်သည့်အတွက်ကြောင့် ယနေ့အစည်းအဝေးတွင် ရှေ့ဆက်ပြီး နိုင်ငံရေးဆွေးနွေးပွဲများ အောင်အောင်မြင်မြင်ဖြစ်ရန်အတွက် ပူးတွဲလုပ်ငန်းကော်မတီအဆင့်ဆင့်၏ ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးရာတွင် အားလုံးကလက်ခံနိုင်ပြီး အကောင်အထည်ဖော်နိုင်မည့် လက်တွေ့ကျသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် လိုအပ်ပါကြောင်း၊ (၁၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အစည်းအဝေးသည် အရေးကြီးပါကြောင်း၊ ယနေ့ UPDJC အတွင်းရေးမှူးများအဖွဲ့က တင်ပြလာသည့်အချက်များ၊ ဆောင်ရွက်ချက်များကို အဆုံးအဖြတ်ပေးပြီးနောက်ပိုင်းတွင် နိုင်ငံရေးဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးအကောင်အထည်ဖော်ရန်အတွက် ဆက်လက်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)ဒုတိယဥက္ကဋ္ဌ ဦးသုဝေက နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး ငြိမ်းချမ်းရေးရရှိအောင် အားကြိုးမာန်တက် ဆောင်ရွက်နေပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ကလည်း နိုင်ငံရေးပါတီများနှင့်ပူးပေါင်းပြီး ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ နားလည်မှုရှိပါက မည်သည့် အလုပ်ဖြစ်ဖြစ် အောင်မြင်နိုင်ပါကြောင်း၊ နားလည်မှုရှိလျှင် ယုံကြည်မှုရှိမည်၊ ယုံကြည်မှုရှိလျှင် ညီညွတ်မှုရှိမည်၊ ညီညွတ်မှုရှိလျှင် အောင်မြင်မည်ဖြစ်ပါကြောင်း၊ နားလည်မှုကို ဆုပ်ကိုင်ပြီး ညှိနှိုင်းမည်ဆိုပါက မိမိတို့ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)လုပ်ငန်းလမ်းညွှန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီအတွင်းရေးမှူးများ (UPDJC-S)လုပ်ငန်းလမ်းညွှန်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများလုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ)လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (SOP)၊ UPDJC ကိုယ်စားလှယ်အမည်စာရင်း ပြောင်းလဲတာဝန်ပေးခြင်းတို့နှင့်စပ်လျဉ်းသည့် အစီရင်ခံစာတင်ပြခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပဒိုစောကွယ်ထူးဝင်း၊ ဦးသုဝေနှင့် UPDJC အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေတို့က နိဂုံးချုပ်အမှာစကားများပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပဒိုစောကွယ်ထူးဝင်း၊ ဦးသုဝေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်အစုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဗိုလ်ချုပ်စန်းမြင့်၊ ဗိုလ်မှူးချုပ်စိန်ထွန်းလှ၊ ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးခွန်ဥက္ကာ၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်း၊ စောမြရာဇာလင်း၊ ဆလိုင်းထလာဟေး၊ ပဒိုစောတာဒိုမူး၊ စောကျော်ညွန့်၊ စောစိန်ဝင်း၊ ပဒိုမန်းငြိမ်းမောင်၊ ဒေါ်မိဆူးပွင့်၊ ဒေါက်တာစိုင်းဦး၊ စောစမစ်ဒွန်း၊ ဦးခိုင်လင်းခိုင်၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးမြင့်စိုး၊ စိုင်းကျော်ညွန့်၊ ဦးနိုင်ငံလင်း၊ မင်းကျော်ဇေယျာဦး၊ ဦးတာလှဖေ၊ ဦးထွန်းထွန်းဟိန်၊ ဒေါက်တာအေးမောင်၊ စောထွန်းအောင်မြင့်၊ ဦးသိန်းထွန်း၊ ဒေါက်တာမင်းနွယ်စိုး၊ ဒေါက်တာအောင်မြတ်ဦး၊ ခွန်ထွန်းရွှေ၊ ဦးရွှေမင်း၊ ဦးဇမ်ဇမုန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် (၁၃)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ ရဲဘော်မျိုးဝင်းတို့က သတင်းမီဒီယာများက မေးမြန်းသည့် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကိစ္စ၊ သဘောထားစုစည်းမှု၊ အစည်းအဝေးရလဒ်နှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းစဉ်**

---

✻ **မောင်တောမှ**

"အခုအကောင်ထည်ဖော် တည်ဆောက်ပေးတဲ့ တန်ဖိုးနည်းနေအိမ်အလုံး ၁၀၀ က ဒုတိယသမ္မတ လမ်းညွှန်ချက်အရ ကျွန်တော်တို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ အကောင်အထည်ဖော်တည်ဆောက်ပေးတာ ဖြစ်ပါတယ်၊ အရင်ကျောက်ပန်းရွာဟောင်းကတော့ အိမ်ခြေ ၇၀ လောက်ရှိတယ်၊ ခုတည်ဆောက်ပေးတာက ထပ်တိုးကျေးရွာသစ် ထပ်မံတိုးချဲ့ပေးတဲ့သဘောပါ၊ ဒေသခံတိုင်းရင်းသားတွေအတွက် ရည်ရွယ်ဆောက်လုပ်ပေးတာဖြစ်ပါတယ်၊ ကျေးရွာသစ်အိမ်ခြေ ၁၀၀ မှာ အရင်ကျောက်ပန်းရွာဟောင်းက မိသားစုအိမ်ထောင်ကွဲတွေနဲ့ တခြားမြို့နယ်က ဆန္ဒပြုထားတဲ့ မိသားစုတွေကိုနေရာချထားပေးသွားမှာပါ၊ အားလုံး နိုင်ငံတော်က အကုန်အကျခံတည်ဆောက်ပေးတာဖြစ်ပါတယ်၊ လတ်တလောမှာတော့ ရာခိုင်နှုန်း ၅၀ ပြီးစီးနေပါပြီ၊ ခုဘတ်ဂျက်နှစ်ကုန်မှာ ရာနှုန်းပြည့်ပြီးစီးမှာဖြစ်ပါတယ်" ဟု နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မောင်တောခရိုင် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောသည်။

အဆိုပါ တန်ဖိုးနည်းနေအိမ် အလုံး၁၀၀ ပါဝင်သော ကျောက်ပန်းကျေးရွာသစ်ကို ပြီးခဲ့သောမတ်လပိုင်းက စတင်အကောင်အထည်ဖော်ခဲ့ပြီး နယ်စပ်ဒေသ ရန်ပုံငွေကျပ်သန်းပေါင်း ၆၅၀ ဖြင့် လျာထားဆောင်ရွက်လျက်ရှိသည်။ ယင်းကျေးရွာသစ်တွင် အလယ်တန်းကျောင်း၊ ဈေး၊ ဆိုလာ အသေးစားစက်ရုံ၊ ဘုန်းတော်ကြီးကျောင်း၊ ရဲစခန်း၊ ရေကန်၊ အုပ်ချုပ်ရေးမှူးရုံး၊ ကျန်းမာရေးဌာနခွဲ၊ အားကစားကွင်းမြေနေရာ စသည်ဖြင့် ကျေးလက်ဒေသတစ်ခုတွင် ရှိသင့်ရှိထိုက်သောကဏ္ဍများ ပါဝင်ထည့်သွင်းထားပြီး မောင်တောမြို့ တောင်ပိုင်း မောင်တော-အင်ူမော်ကားလမ်းဘေးတွင် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည်။

"ဒီကျေးရွာသစ် အကောင်အထည်ဖော်တည်ဆောက်တဲ့အခါမှာ အလုပ်သမားအခက်အခဲရှိသလို ဒီကြားထဲ တည်ဆောက်ဆဲကာလမှာ မုန်တိုင်းနဲ့ တွေ့လိုက်တော့ ဆောက်ပြီးသားအိမ်တွေကပျက်သွားတယ်၊ ပြန်စတင်တဲ့အခါမှာလည်း ဩဂုတ် ၂၅ ရက် အရေးအခင်းက ဖြစ်သွားပြန်တော့ လုပ်ငန်းတွေ ယာယီရပ်နားထားခဲ့ရတယ်၊ အောက်တိုဘာ ၃၁ ရက်ကစပြီး ပြန်ပြီးစတင်ဆောင်ရွက်နေတယ်၊ ခုနောက်ပိုင်း ဘာအခက်အခဲမှမဖြစ်ရင်တော့ ဒီဘဏ္ဍာနှစ်ကုန် မတ်လထဲမှာ ပြီးစီးဖို့ လျာထားဆောင်ရွက်နေပါတယ်" ဟု မောင်တောခရိုင် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က ထပ်မံရှင်းပြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စတင်အကောင်ထည်ဖော်နေသော ကျောက်ပန်းကျေးရွာသစ်သည် အကျယ်အဝန်းအားဖြင့် ၂၁ ဧကကျယ်ဝန်းပြီး ဒေသခံ Family Ayechan ကုမ္ပဏီက တာဝန်ယူကာ အလုပ်သမားအင်အား ၆၀ ခန့်ဖြင့် နေ့စဉ် တည်ဆောက်လျက်ရှိရာ လတ်တလောရာခိုင်နှုန်း ၅၀ ကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါကျေးရွာသစ်အိမ်ခြေ ၁၀၀ ကို မိုရာမုန်တိုင်းမကျရောက်မီ Precast အိမ်အမျိုးအစားတည်ဆောက်ခဲ့ပြီး ယခုလတ်တလောတွင် ဒေသနှင့်လျော်ညီသော အုတ်စီ၊ သွပ်မိုးအိမ် အမျိုးအစား ပြောင်းလဲတည်ဆောက်လျက်ရှိသည်။ အိမ်တစ်လုံးချင်းတန်ဖိုးမှာ ကျပ် ၆၅ သိန်းကုန်ကျမည်ဖြစ်ပြီး ဒေသတွင်းတိုင်းရင်းသားလူမျိုးများနေထိုင်နိုင်ရန်အတွက် အမြန်ဆုံးအကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။ မောင်တောခရိုင်အတွင်း ယခုကဲ့သို့ အလားတူတန်ဖိုးနည်းနေအိမ်ကျေးရွာသစ်များ ထပ်မံတိုးချဲ့ တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်**

---

## နမ့်စန်တွင် ဘိန်းခင်း ဧက ၄၀ နီးပါး ဖျက်ဆီးရှင်းလင်း

**နမ့်စန် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် ဘိန်းခင်းဖျက်ဆီးရေးပူးပေါင်းအဖွဲ့က ဘိန်းခင်းများ ဖျက်ဆီးလျက်ရှိရာ ဘိန်းခင်း ဧက ၄၀ ခန့် ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နမ့်စန်မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူး နော်ဆိုင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တပ်မတော်သားများပါဝင်သော ဘိန်းခင်းဖျက်ဆီးရေးပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် ဘန့်ဟင်ကျေးရွာအုပ်စုအတွင်းရှိ တောင်တန်းများပေါ်တွင် စိုက်ပျိုးထားရှိသော ဘိန်းခင်းများကို ကျေးရွာသားများနှင့်အတူ ပူးပေါင်း၍ နိုဝင်ဘာ ၁၁ ရက်မှ စတင်ဖျက်ဆီးခဲ့ပြီး နိုဝင်ဘာ ၁၈ ရက်အထိ သီးပွင့်ဆဲ ဘိန်းခင်း ဧက ၄၀ ခန့် ဖျက်ဆီးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **သူရအောင်(ပြန်/ဆက်)**



## လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေး ဟောပြော

**ရေတာရှည် နိုဝင်ဘာ ၂၄**

လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တောင်ငူခရိုင် အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်စုမှူး ရဲအုပ်ဇော်ဝင်းက မြန်မာနိုင်ငံတွင် လူကုန်ကူးမှုဖြစ်ပေါ်ရခြင်း၏ အခြေခံအကြောင်းတရားများ၊ လူမှုရေး၊ စီးပွားရေး ဘဝအခြေခံနိမ့်ပါးသူတို့ကို ပစ်မှတ်ထားကာ လူကုန်ကူးခြင်း၊ လူကုန်ကူးခံရသူများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆွာနယ်မြေစခန်းမှူး ရဲအုပ်ညီညီဌေးက မြန်မာနိုင်ငံတွင် အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်နှိမ်နင်းလျက်ရှိသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးအမျိုးမျိုး၏ ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မှုခင်းကျဆင်းရေးအတွက် အသိပညာပေးစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

○ ကျောဖုံးမှ

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာ့ကုန်သွယ်ရေးကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ ကိစ္စရပ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင် ၂၀ ပါဝင်ကာ လုပ်ငန်းတာဝန်(၅)ရပ် ချမှတ်ခဲ့ပြီး လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီ(၅)ရပ်ကို ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ရာ ၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ စုစုပေါင်း (၁၁) ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး တင်ပြချက်ပေါင်း (၁၈၁)ချက် ရှိခဲ့ပါကြောင်း၊ အဆိုပါတင်ပြချက် (၁၈၁)ချက်ကိုလည်း သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များသို့ ပြန်ကြားဖြေရှင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အချို့အချက်များသည် ဝန်ကြီးဌာန နှစ်ခု၊ သုံးခုနှင့် သက်ဆိုင်နေသည့်အတွက် မပြီးပြတ်သည်များကို အမြန်ဆုံးပြီးပြတ်အောင် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့် နိုင်ငံတိုင်းတွင် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံစီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သဖြင့် နိုင်ငံတိုင်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး(Private Sector Development-PSD) ကို အကောင်းဆုံး မူဝါဒများ ချမှတ်လုပ်ဆောင်နေရခြင်းဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ခြင်းသည် နိုင်ငံ၏အလုပ်အကိုင် အခွင့်အလမ်းနှင့်ဝင်ငွေကို တိုးပွားစေ၍ ကျွမ်းကျင်မှု အရည်အသွေးကို တိုးတက်စေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၏ အဓိက ရေသောက်မြစ်သဖွယ် အရေးပါသဖြင့် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ နှစ်ခုစလုံးက အဆိုပါကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အခက်အခဲများ နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရန်မှာ လွန်စွာမှ အရေးကြီးပါကြောင်း။

ပုဂ္ဂလိကကဏ္ဍသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် များစွာ အထောက်အကူပြုသည့် အခြေခံအဆောက်အအုံ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အရေးပါသည့် အခန်းကဏ္ဍကနေ ပါဝင်နေပါကြောင်း၊ One Stop Service Center များ တည်ထောင်ခြင်း၊ single –window system ဟု ခေါ်သည့် ကုန်သွယ်မှုပြုလုပ်ရာတွင် အဆင်ပြေချောမွေ့အောင် လုပ်ဆောင်သည့် စနစ်ချမှတ်ခြင်း၊ အွန်လိုင်းမှ လျှောက်ထားသည့်စနစ် အစရှိသည့် လုပ်ဆောင်ချက်များနှင့် ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံးနှင့် လက်တွဲပြီး စီးပွားရေးနှင့် လူမှုရေးအရ ပိုမိုချိတ်ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များ ရှိပါကြောင်း၊ ထိုကဲ့သို့ ပေါင်းစည်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် တတ်သိပညာရှင်များက စီးပွားရေး၊ လူမှုဖွံ့ဖြိုးရေးစသည့် အဆင့်အသီးသီးတွင် ကွဲပြားမှုရှိနေသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကွာဟချက်ကျဉ်းမြောင်းအောင် ဆောင်ရွက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးနှင့် ပတ်သက်သော အဓိကကျသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်ကသွားမည့် စီးပွားရေးမူဝါဒများနှင့်အညီ စီးပွားရေးကဏ္ဍအသီးသီးကို တာဝန်ယူနေရသည့် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့လုပ်ဆောင်ရမည့် ကာလတို၊ ကာလလတ်နှင့် ကာလရှည် မဟာဗျူဟာလုပ်ငန်းစဉ်များသည်လည်း နိုင်ငံ၏ လတ်တလောလိုအပ်ချက်၊ ကမ္ဘာ့အခြေအနေ၊ ဒေသတွင်း အခြေအနေများအရ အနာဂတ်တွင် နိုင်ငံတော်က လုပ်ဆောင်သင့်သည့် အခြေအနေများအပေါ် မျှော်မှန်းပြီး ရေးဆွဲနေကြခြင်း ဖြစ်ပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်အတွက် ဝန်ကြီးဌာနအသီးသီးက ကျင့်သုံးနေသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များသည် လက်ရှိခေတ်ကာလ၏ လိုအပ်ချက်သာမက နောင်အနာဂတ်မျှော်မှန်းချက်များကိုပါ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပါကြောင်း။

စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဥပဒေ၊ အမိန့်များ၊ ညွှန်ကြားချက်များဖြင့် အကောင်အထည်ဖော်ရာတွင် အမှားအယွင်းကို စောင့်ကြည့်အရေးယူမည့် ရှုထောင့်အမြင်နှင့် မဟုတ်ဘဲ အဆိုပါကဏ္ဍ တိုးတက်ရန်နှင့် အဆင်ပြေချောမွေ့စေရန် မည်ကဲ့သို့ လုပ်ဆောင်ပေးနိုင်မည်၊ မည်သို့အားပေးကူညီနိုင်မည်ဆိုသည့် အမြင်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ယနေ့ကျင်းပသည့် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်မြန်ဆန်ရေးအတွက် ဆောင်ရွက်မည့် အခြေအနေ၊ လျှပ်စစ်စွမ်းအားရရှိနိုင်ရန် ဆောင်ရွက်မည့် အခြေအနေနှင့် အခွန်ဥပဒေနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော့သောင်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ (UMFCCI) (စွမ်းအင်ကဏ္ဍ)၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ (UMFCCI) (လျှပ်စစ်ကဏ္ဍ)၊ မြန်မာနိုင်ငံ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မြန်မာ့ကုန်သွယ်ရေးကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ဘားအံမြို့တွင် ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်း၍ ကရင်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား အလားအလာရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ယနေ့တွင် ဘားအံမြို့၌ ကျင်းပသည်။



ပြပွဲကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်များနှင့် တက်ရောက်လာသော ဧည့်သည်တော်များက ပြပွဲတွင် ခင်းကျင်းပြသထားသည့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုအလားအလာများ၊ ကရင်ပြည်နယ် ထွက်ကုန်ပြခန်းများအား လှည့်လည်လေ့လာ ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပရာ ကရင်ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ရှင်းလင်းတင်ပြခဲ့ပြီး စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ စသည့် ကဏ္ဍများအပေါ် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးရေချိန်စံချိန်သစ်

နေပြည်တော် နိုဝင်ဘာ ၂၄

| စဉ် | စခန်းအမည် | မိုးရေချိန် စံချိန်သစ် | | မိုးရေချိန် စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | လားရှိုး | ၉၆ | ၃. ၇၈ | ၇၆ | ၂. ၉၉ | ၃၀. ၁၁. ၁၉၇၀ | ၆၆ |

# ရခိုင်ဒေသနဲ့ပတ်သက်ပြီး အခုထုတ်လွှင့်မယ့် အစီအစဉ်ကို ပြည်သူတွေ စောင့်မျှော်ကြည့်ရှုရင် တကယ့်ဖြစ်ရပ်မှန်တွေ သိနိုင်မယ်

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)က Sunday Talk အစီအစဉ်ကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း နံနက် ၁၀ နာရီတွင် ထုတ်လွှင့်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့)တွင် "ရခိုင်ဒေသ အခြေအနေနှင့် ပြည်တွင်း ပြည်ပသုံးသပ်ချက်များ"ခေါင်းစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်တို့က ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

Sunday Talk အစီအစဉ် တင်ဆက်သူ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က "Sunday Talk အစီအစဉ်ဆိုတာ မြန်မာ့ရုပ်မြင်သံကြား(MRTV)ကနေ အပတ်စဉ်တနင်္ဂနွေနေ့ မနက် ၁၀ နာရီနဲ့ ညနေ ၅ နာရီခွဲမှာ ထုတ်လွှင့်နေတဲ့ အစီအစဉ်ဖြစ်ပါတယ်၊ လာမယ့် နိုဝင်ဘာ ၂၆ ရက် တနင်္ဂနွေနေ့မှာ ပြသမယ့်အစီအစဉ်ကတော့ ထူးခြားတဲ့ အစီအစဉ်တစ်ခုလို့ ပြောလို့ရပါတယ်၊ ပြည်သူတွေ စိတ်ဝင်စားမယ့် အစီအစဉ်တစ်ခုဖြစ်ပါတယ်၊ အဲဒါကတော့ ရခိုင်ဒေသ အခြေအနေနဲ့ ပြည်တွင်း ပြည်ပသုံးသပ်ချက်များ ခေါင်းစဉ်နဲ့ ထုတ်လွှင့်မယ့်အစီအစဉ်ဖြစ်ပါတယ်။ အဲဒီအစီအစဉ်မှာ အစီအစဉ်တင်ဆက်သူကျွန်တော်နဲ့အတူ ပါဝင်ဆွေးနွေးမယ့်သူတွေကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနဲ့ UEHRD ရဲ့ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့ ဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ရခိုင်ဒေသမှာ ဖြစ်ပျက်ခဲ့သည့် အခြေအနေနှင့် ပတ်သက်ပြီး တစ်ကမ္ဘာလုံးက အာရုံစိုက်နေကြကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး တာဝန်ရှိသူ အဆင့်ဆင့်ကလည်း စနစ်တကျ ထိန်းသိမ်းစီမံ ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်နေသည့်ကြားမှ နိုင်ငံတကာ၏ ဖိအားများ အမျိုးမျိုးရှိနေကြောင်း၊ ယခုအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့က လက်ရှိအစိုးရ၏ ဆောင်ရွက်ချက်များ၊ လတ်တလော မည်သို့ဆောင်ရွက်နေသည်၊ ရခိုင်အရေးကိစ္စအပေါ် မည်သို့မြင်သည် စသည့် သုံးသပ်ချက်များပါမည်ဖြစ်ကြောင်း၊ ရခိုင်ကိစ္စတွင် တာဝန်ရှိသူအဆင့်ဆင့်က မည်သို့စေတနာထားပြီး ဆောင်ရွက်နေသည်ကို ပြည်သူကိုအသိပေးလိုခြင်းဖြစ်ကြောင်း၊ ပြည်သူကို အသိပေးလိုသည့်အတွက် အပတ်စဉ်ပြုလုပ်နေကျ Sunday Talk အစီအစဉ်မှတစ်ဆင့် ပြောဆိုဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံအတွက် အကျိုးရှိမည့် အစီအစဉ်တစ်ခုဖြစ်ပြီး ပြည်သူအားလုံး စိတ်ဝင်စားနေသည့် ရခိုင်ဒေသ အခြေအနေကို Sunday Talk အစီအစဉ်မှတစ်ဆင့် အများပြည်သူသိရှိရန် ပြောဆိုကြမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုသည်ဟု ဦးကိုကိုက ဆိုသည်။

"အခု ဒီလိုအရေးကြီးတဲ့ issue တွေကို Sunday Talk ကနေ တင်ဆက်ဖို့ အခွင့်အရေးရတာကလည်း Sunday Talk ရဲ့ အောင်မြင်မှုတစ်ခုလို့လည်း ခံယူပါတယ်၊ ရခိုင်ဒေသနဲ့ပတ်သက်ပြီး အခု ထုတ်လွှင့်မယ့် အစီအစဉ်ကို ပြည်သူတွေ စောင့်မျှော်ကြည့်ရှုရင် တကယ့်ဖြစ်ရပ်မှန်တွေ သိနိုင်မယ်လို့ မျှော်လင့်ပါတယ်၊ မြန်မာ့ရုပ်မြင်သံကြား တင်မကဘဲ အခြားရုပ်မြင်သံကြား Channel တွေကတစ်ဆင့် ကမ္ဘာကိုပါ သိရှိနိုင်အောင် ထုတ်လွှင့်ပြသနိုင်မယ်ဆိုရင် မြန်မာနိုင်ငံအပေါ်မှာ စွပ်စွဲပြောဆိုနေတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး မှားနေတဲ့ကိစ္စတွေကို အမှန်တစ်ခုနဲ့ ချေဖျက်နိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"ဟု ၎င်းက သုံးသပ်ပြောကြားသည်။



ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)

မြန်မာ့ရုပ်မြင်သံကြားက Sunday Talk အစီအစဉ်ကို ပြန်လည်တင်ဆက်နေသည်မှာ တစ်နှစ်ကျော်ကာလရှိပြီး ပြည်သူများ စိတ်ဝင်စားသည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအကြောင်းအရာများ တင်ဆက်နိုင်ခဲ့ကြောင်း သိရသည်။ **ရီရီမြင့်**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ပဉ္စမအကြိမ် အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကိုဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီလေးခုဖြင့် ဆောင်ရွက်ခဲ့ရာ တွေ့ရှိချက်များ၊ အတွေ့အကြုံများအရ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သာမက မြန်မာတစ်နိုင်ငံလုံး၏ အရေးကိစ္စဖြစ်သလို ကမ္ဘာကပါဝင်ပတ်သက်မှုရှိလာသည့်အရေးကိစ္စတစ်ခု ဖြစ်လာကြောင်း တွေ့ရှိလာရပြီး ထိုအရေးကိစ္စများကိုဖြေရှင်းရာတွင် မစ္စတာကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ တစ်နှစ်ကြာလေ့လာတွေ့ရှိသုံးသပ်ဖော်ထုတ်ချက်များအရ ထွက်ပေါ်လာသည့် အကြံပြုချက်များအနက်မှ မိမိနိုင်ငံနှင့်ပြည်သူများအတွက် အကျိုးရှိစေပြီး ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရခိုင်ဒေသတွင် မှီတင်းနေထိုင်ကြသူများ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်များ၊ နေရပ်စွန့်ခွာခဲ့ရသည်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရပ်တန့်သွားခဲ့ရသည်များရှိခဲ့ကြောင်း၊ အစိုးရအနေဖြင့် လူသားချင်းစာနာမှုအကူအညီများကို ချက်ချင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် အားလုံးအပေါ် ပြည့်ပြည့်စုံစုံဖြင့်လွှမ်းခြုံနိုင်ရန်ခက်ခဲကြောင်း၊ ရေရှည်ဖြစ်တည်ခဲ့သည့် တိုင်းရင်းသားများ၏ပြင်းထန်သည့်စိတ်ခံစားမှုများအရ UN, INGOsများထံမှ အထောက်အပံ့အကူအညီများလက်မခံနိုင်သည်ကို မိမိတို့ရင်ဆိုင်လာရကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းအင်အားကိုစုစည်း၍ ရခိုင်ဒေသအရေးကိစ္စများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုစီမံကိန်းတစ်ခုဖြစ်သည့် Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD ကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ UEHRD ၏လုပ်ငန်းများသည် အစိုးရတစ်ခုတည်း၏ဆောင်ရွက်ချက်မဟုတ်ဘဲ ပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သည့် ပြည်ထောင်စုစီမံကိန်းလုပ်ငန်းဖြစ်ကြောင်း၊ ပါဝင်ဆောင်ရွက်သူများနှင့် ဆောင်ရွက်မည့်ပုံစံများလည်း ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

UEHRD၏အစီအစဉ်အရ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ ကိုးဖွဲ့ဖြင့်လည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး (၅)နှစ်စီမံကိန်းလည်းရှိပြီးဖြစ်သဖြင့် UEHRD ၏လုပ်ငန်းများ၊ မိမိတို့ကော်မတီ၏ လုပ်ငန်းများ အားလုံးကို ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ချက်များအပေါ် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းလာသည်များ ရှိကြောင်း၊ ယခု UEHRD ၏ လုပ်ငန်းတစ်ခုဖြစ်သည့် ပြည်သူ့အတွက်လူငယ်ရက် ၂၀ အစီအစဉ်အရ လူငယ် ၄၀ ပါဝင်သည့် ပထမအသုတ်ဖြင့် ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့်မောင်တောမြို့နယ်များတွင် လူသားချင်းစာနာမှု ထောက်ပံ့ကူညီရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဒုတိယအသုတ်ကိုထပ်မံစေလွှတ်ရေး ဆောင်ရွက်နေကြောင်း၊ ထိုလူငယ်အဖွဲ့အနေဖြင့် ထောက်ပံ့မှုသာမက ပြည်သူတို့၏လိုအပ်ချက်များကို လေ့လာမေးမြန်းခြင်းနှင့် ပြည်သူတို့၏ တစ်ဦးချင်းအလိုက်ကျွမ်းကျင်သည့် ဆောင်ရွက်လိုသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်းမေးမြန်းခဲ့ကြပါကြောင်း၊ မိမိတို့အနေဖြင့် ထောက်ပံ့မှုလုပ်ငန်းများဆောင်ရွက်စဉ်ကပင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်လည်း စီစဉ်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ယခု UEHRD ၏အစီအစဉ်အရ မီးလောင်ကျေးရွာများ ပြန်လည်တည်ဆောက်ရေး၊ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ ပြန်လည်လက်ခံရေးအတွက် အဆောက်အအုံများဆောက်လုပ်၊ ပြင်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ နှစ်ဖက်အသိုက်အဝန်းနှစ်ခု ရင်ဆိုင်နေရသည့် အခက်အခဲများကို အတတ်နိုင်ဆုံး ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားသောနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေးအဓိကကျသဖြင့် လုံခြုံရေးကိုလည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးစနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်နေကြောင်း၊ Community Policing System ဖြင့်လည်း ဆောင်ရွက်နေကြောင်း၊ လူမှုသဟဇာတဖြစ်ရေးသည်လည်း အဓိကကျသည့်အချက်တစ်ချက် ဖြစ်ကြောင်း၊ နှစ်ဖက်အသိုက်အဝန်းအကြား သဟဇာတဖြစ်နေပါက လုံခြုံရေးတိုးတက်ကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ ယုံကြည်မှု တည်ဆောက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ယုံကြည်မှု၊ သဟဇာတရှိမှု၊ လုံခြုံရေး ကောင်းမွန်မှုတို့ရှိပါက ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်းမီဒီယာအားကောင်းစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအပေါ် နိုင်ငံတကာ၏ စွပ်စွဲချက်များကို မီဒီယာဖြင့် ပြန်လည်တုံ့ပြန်နိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နိုင်ငံအတွင်းအဖြစ်မှန်များ၊ မိမိတို့၏ လက်တွေ့ကြိုးစားအားထုတ် ဖြေရှင်းဆောင်ရွက်နေမှုများကို မီဒီယာမှတစ်ဆင့် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် ရခိုင်ဒေသအရေးဖြေရှင်းဆောင်ရွက်မှုများကို မိမိတို့အားလုံး ပိုမိုအားထည့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေး ကော်မရှင်အကြံပြုချက်များအရ ဆောင်ရွက်ရန်ရှိသည်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ကျောက်ဖြူ ပေါက်တော၊ ရမ်းဗြဲမြို့နယ်များတွင်လည်း ပြန်လည်နေရာချထားရေး အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် လိုအပ်ချက်များကိုလည်း ယခုထက် ပိုမိုဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာကဏ္ဍကိုလည်း ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင် အကြံပြုချက်များနှင့် UEHRD ၏ လုပ်ငန်းများ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ပါက ရခိုင်ပြည်နယ် သိသိသာသာ တိုးတက်ပြောင်းလဲလာမည်ဟု ယုံကြည်ကြောင်း၊ ပြန်လည်လက်ခံရေး၊ စပါးရိတ်သိမ်းသိုလှောင်ရေး၊ ရောင်းချရေးများလည်းညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ လတ်တလောဆောင်ရွက်ရသည့်လုပ်ငန်းများ အဆင်ပြေစေရေးဆောင်ရွက်လျက်ရှိသလို ရေရှည်လုပ်ငန်းများကိုလည်း သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နက်နဲသိမ်မွေ့ပါကြောင်း၊ ပေါင်းစည်းအင်အားဖြင့် အကောင်းဆုံးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဖြစ်ပေါ်တိုးတက်မှုများ၊ အခက်အခဲများ၊ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဆုံးဖြတ်ပေးရန်လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ရာ ကော်မတီဥက္ကဋ္ဌ၊ ပူးတွဲဥက္ကဋ္ဌတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်အပိုဒ်(၆၀)တွင် ဖော်ပြပါရှိသည့် အစိုးရအနေဖြင့် လူ့အဖွဲ့အစည်းများအကြား စေ့စပ်ဆွေးနွေးညှိနှိုင်းပွဲများကို အားပေးဆောင်ရွက်ပေးသင့်ကြောင်းဖော်ပြချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ယမန်နေ့ ညနေပိုင်းတွင် ကျင်းပသည်။




အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် နှစ်ရက်တာ ကျင်းပခဲ့သော“ Diversity Management in the Age of Globalization” Symposiumတွင် ရှင်းလင်းဆွေးနွေးခဲ့ကြသော ကမ္ဘာအရပ်ရပ်မှ မတူကွဲပြားမှုစီမံခန့်ခွဲရေးလုပ်ငန်းများ၊ အတွေ့အကြုံများနှင့် သင်ခန်းစာများကိုမှတ်သား၍ မိမိတို့ရပ်ရွာဒေသတွင် လိုက်လျောညီထွေရှိစွာ ပြန်လည်အသုံးချနိုင်ရေး၊ ယနေ့ တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်မှ မတူညီသော လူမျိုးများနှင့်အဖွဲ့အစည်းများကို တစုတစည်း တည်းရှိနေခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါကြောင်း၊ လူတစ်ဦးနှင့်တစ်ဦးတူညီမှုရှိနိုင်မည်မဟုတ်ဘဲ ထိုသို့ မတူကွဲပြားမှုများပေါင်းစု၍ အင်အားတစ်ရပ်အဖြစ် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူမျိုးစွဲ ဝါဒစွဲမထားဘဲ အားလုံးပေါင်းစည်း၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွက် UEHRD တည်ထောင်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူငယ်မူဝါဒကို အတည်ပြုပြီးဖြစ်၍ မူဝါဒအကောင်အထည်ဖော်မှုအဖြစ် မတူညီသော အဖွဲ့အစည်းအသီးသီးမှ စေတနာ့ဝန်ထမ်းလူငယ်များအား ဖိတ်ခေါ်၍ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်ငြိမ်းချမ်းမှုသည် ဆက်စပ်နေ၍ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာလုပ်ငန်း အဖွဲ့ကိုးဖွဲ့ကို ဖွဲ့စည်းထားပြီး ဒေသတွင်းလိုအပ်ချက်များလေ့လာ၍ အကောင်အထည်ဖော်ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ မတူကွဲပြားမှုများကို နားလည်လက်ခံ၍ အကျိုးရှိစွာ ပေါင်းစည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲ တက်ရောက်လာကြသော သက်လူမျိုး၊ သက္ကမ(ဒိုင်းနက်)လူမျိုး၊ မြိုလူမျိုး၊ ခမီလူမျိုး၊ မရမာကြီးလူမျိုး၊ ဟိန္ဒူဘာသာဝင်ကိုယ်စားလှယ်၊ ကမန် ကိုယ်စားလှယ်၊ အစ္စလမ် ဘာသာဝင် ကိုယ်စားလှယ်နှင့် ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်တို့က လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဝင်များက အကြံပြုတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်သတင်း

# အိန္ဒိယနိုင်ငံမှ လှူဒါန်းသော ပစ္စည်းများတင်ဆောင်လာသည့် ကုန်တင်လေယာဉ် ရန်ကုန်မြို့သို့ ရောက်ရှိ







**ရန်ကုန် နိုဝင်ဘာ ၂၄**
ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအတွက် အိန္ဒိယနိုင်ငံမှ လှူဒါန်းသော လူသားချင်းစာနာမှု အကူအညီပစ္စည်းများ တင်ဆောင်လာသည့် အိန္ဒိယလေတပ်မှ ကုန်တင်လေယာဉ်သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသည်။

အဆိုပါ ပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vikram Misri က လွှဲပြောင်းပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လက်ခံသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက “အခုလို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းတွေ လွှဲပြောင်းပေးအပ်ရတဲ့ ရည်ရွယ်ချက်ကတော့ အကြမ်းဖက်မှုဖြစ်စဉ်တွေကြောင့် အကူအညီလိုအပ်နေတဲ့ ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားတွေနဲ့ နေရပ်စွန့်ခွာသွားသူတွေအတွက် အိန္ဒိယနိုင်ငံအစိုးရနဲ့ ပြည်သူတွေက မြန်မာနိုင်ငံကို ကူညီခြင်းဖြစ်ပါတယ်၊ ဒ့ါအပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အကြံပြုချက်အတိုင်း ရခိုင်ပြည်နယ်ရှိ လူမှုစီးပွားဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့ အတွက်ကိုလည်း လိုအပ်တဲ့ အကူအညီတွေကို ဆက်လက်ကူညီပေးနိုင်ဖို့ ပူးပေါင်းဆောင်ရွက်နေပါတယ်”ဟု မီဒီယာများကို ပြောကြားသည်။

ယနေ့ရောက်ရှိလာသော ပစ္စည်းများမှာ အိမ်ထောင်စု ၃၀၀၀ အတွက် အိန္ဒိယရူပီး သိန်း ၄၀ တန်ဖိုးရှိ မိသားစုသုံးပစ္စည်းများဖြစ်ပြီး အိမ်ထောင်စုတစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ ပဲ၊ ဆေးစိမ်ခြင်ထောင်နှင့် ဆပ်ပြာ စသည်ဖြင့် မိသားစုသုံးပစ္စည်း ၁၁ မျိုးပါဝင်ကြောင်း သိရသည်။

“အိန္ဒိယနိုင်ငံက ဒီကနေ့ လှူဒါန်းတဲ့ပစ္စည်းတွေကတော့ မိသားစုသုံး ပစ္စည်းတွေဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်မှာရှိတဲ့ အခက်အခဲကြုံတွေ့နေတဲ့ ပြည်သူတွေအတွက် လူသားချင်းစာနာမှု အကူအညီအဖြစ် ထောက်ပံ့လှူဒါန်းပေးတာပါ၊ ကျွန်တော်တို့အနေနဲ့ အဲဒီပစ္စည်းတွေကို အချိန်နဲ့တစ်ပြေးညီ ရခိုင်ပြည်နယ်ကို ပို့ဆောင်သွားမှာဖြစ်ပါတယ်၊ ဟိုရောက်ရင် ပြည်နယ်အစိုးရအဖွဲ့ကို လွှဲပြောင်းပေးအပ်ပြီး တကယ်အခက်အခဲကြုံတွေ့နေတဲ့ ဒေသခံတွေလက်ထဲ အမြန်ဆုံးရောက်ရှိအောင် သက်ဆိုင်ရာနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ထောက်ပံ့မှုတွေ လုပ်တဲ့အခါမှာလည်း လူမျိုး၊ ဘာသာ၊ ကျား၊ မ မခွဲခြားဘဲ တကယ်အခက်အခဲ ဖြစ်နေသူတွေကို ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြောသည်။

အဆိုပါ ပစ္စည်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်သို့ ကုန်တင်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ကာ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ချိတ်ဆက်၍ အခက်အခဲ ကြုံတွေ့နေသည့် ဒေသခံပြည်သူများ၏ လက်ဝယ်အရောက်ပေးပို့သွားမည်ဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ယနေ့လှူဒါန်းမှုများအပြင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် သဘာဝဘေးများနှင့် ပတ်သက်၍လည်း လူသားချင်းစာနာမှု အကူအညီများအဖြစ် ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ် (ဇွန် ၆ ရက်) တို့တွင်လည်း လှူဒါန်းထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ အခက်အခဲကြုံတွေ့နေသော ဒေသခံပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများ အနေဖြင့် တရုတ်နိုင်ငံကလည်း ငွေကြေးလှူဒါန်းမှုများရှိသကဲ့သို့ စက်တင်ဘာ ၂၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံက အမေရိကန်ဒေါ်လာ ၂၈၆၀၄၉ တန်ဖိုးရှိ လူသုံးကုန်၊ ဆေးဝါး၊ စားသောက်ကုန်၊ ယာယီမိုးကာတဲ စသည့် ပစ္စည်းများကိုလည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်တွင် အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) ကလည်း အမေရိကန်ဒေါ်လာ ၄၄၄၈၈၆ ဒသမ ၇၅ တန်ဖိုးရှိ မိသားစုသုံးပစ္စည်းများဖြစ်သော မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများ၊ ရွက်ဖျင်တဲများ၊ လျှပ်စစ်ဖြန့်ဖြူးရေးပစ္စည်းများနှင့် မီးစက်အကြီးနှစ်လုံး၊ မီးစက်ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**စစ်တွေ နိုဝင်ဘာ ၂၄**
ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ စုစုပေါင်း ၂၈၂၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန် ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ စုစုပေါင်း ၂၂၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၂၃ ရက်အထိ စုစုပေါင်း ၂၁၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက် ကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၂၃ ရက်အထိ စုစုပေါင်း ၁၀၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသားကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၃ ရက်အထိ စုစုပေါင်း ၁၁၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၃ ရက်အထိ စုစုပေါင်း ၁၄၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၂၃ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**မောင်တော နိုဝင်ဘာ ၂၄**
မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကန်သာယာ(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ ကပ္ပတောင်း (တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်တစ်ကောင်အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၉၉ ကောင်အား ကာကွယ်ကုသဆေးထိုးနှံပေးခဲ့ကာ ဆိတ် ၆၅၈ ကောင်အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားထုတ်ပေးခြင်းနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**
ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များအနက် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးလုပ်ငန်းများအား ယနေ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက မောင်တောမြို့နယ် ရွှေဇားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး NV Card လာရောက်ဆောင်ရွက်သူများအား ခြင်ထောင်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းလုပ်ငန်းစဉ်သည် ယခင်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာလျက်ရှိပြီး ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း အောက်တိုဘာ ၁၂ ရက်မှစ၍ ရခိုင်ပြည်နယ် (မြောက်ပိုင်း) မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ စတင်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ National ID စနစ်အတွက် Biometric နည်းဖြင့် စိစစ်မှတ်တမ်းတင်ဆောင်ရွက်၍ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးပြီးသူမှာ အမျိုးသား ၆၀၃ ဦး၊ အမျိုးသမီး ၃၉၀ စုစုပေါင်း ၉၉၃ ဦးရှိပြီး National ID စနစ်အတွက် Biometric နည်းဖြင့် သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၄၆ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဒေသခံရွာသူရွာသားများအား NV Card ထုတ်ပေးခြင်းနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသင့်သူများကို အသိအမှတ်ပြု၍ နိုင်ငံသားအခွင့်အရေး ရရှိစေရေးအတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် (National Verification Process) အား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကုန်းတန်းကျေးရွာ သုံးရေကန်အတွင်း ငါးများသေဆုံးမှုကို အဆိပ်မိသည်ထင်၍ သုံးစွဲမှုခေတ္တဆိုင်းငံ့ထား

**ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၂၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ကညင်ချောင်းကျေးရွာအုပ်စု ကုန်းတန်းကျေးရွာရှိ သုံးရေကန်အတွင်း နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းမှ စတင်၍ ငါးများသေဆုံးလာသည်ကို ဒေသခံများတွေ့ရှိခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က သုံးစွဲမှုကိုခေတ္တဆိုင်းငံ့ထားကြောင်း သိရသည်။

စတင်ဖြစ်ပွားသည့်ရက်က ငါးများမူးဝေ၍ နေရာအနှံ့ ရေပေါ်သို့ပေါ်တက်လာပြီး တချို့သေဆုံးကုန်ကြကြောင်း၊ သေဆုံးသည့်ငါးများမှာ ငါးရံ့၊ ငါးခုံးမ၊ ငါးပြေ၊ ငါးစင်ရိုင်း၊ တီလားပီးယားငါးများဖြစ်ကြောင်း ဒေသခံများ၏



ပြောကြားချက်အရ သိရသည်။

ငါးများမသေဆုံးမီ ရက်ပိုင်းအတွင်းက ၎င်းဒေသတွင် နှစ်ရက်ခန့်အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ကြောင်း၊ ငါးများအဆိပ်တစ်မျိုးမျိုးမိ၍ သေဆုံးခြင်း ဟုတ်၊ မဟုတ် ဒေသခံများအကြား စိုးရိမ်မှုမြင့်တက်လျက်ရှိကြောင်း သိရသည်။ နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ရောက်ရှိလာပြီး ကနဦးစစ်ဆေးမှုများအရ ရေကန်အတွင်း ငါးများသေဆုံးမှုမှာ အဆိပ်မိ၍ သေဆုံးသောလက္ခဏာမျိုးမရှိကြောင်း၊ ရေကန်မှာသန့်ရှင်းမှုမရှိ၍ တမန်းဆီများ တက်နေပြီး မြက်များ ထူထပ်နေခြင်း၊ ရေညှိများဖြင့် ညစ်ပတ်နေခြင်းတို့ကြောင့် ရေအတွင်း အောက်ဆီဂျင် ပြတ်သွားဟန်တူကြောင်း၊ အဆိပ်မိသည့် ငါး၏လက္ခဏာများမှာ မျက်လုံးပြူးထွက်နေခြင်း၊ ပါးဟက်များ ညိုမည်းနေခြင်း၊ နံရိုးများကျိုးနေခြင်း၊ ငါးမှာအရောင်ပြောင်းနေခြင်းတို့ တွေ့ရှိရမှာဖြစ်ကြောင်း၊ ယခုတွေ့ရှိရသည့် ငါးအသေများမှာ ယင်းလက္ခဏာများ မတွေ့ရသည့်အတွက် အဆိပ်မိခြင်းမဟုတ်ကြောင်း ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးမှူး ဦးမင်းချွန်သူက ပြောသည်။ ဆက်လက်၍ သုံးရေကန်အား သန့်ရှင်းရေးပြုလုပ်ရန်နှင့် ငါးအသေများအား ဆယ်ယူဖျက်ဆီးရန်တို့အား မှာကြားခဲ့ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ ကုန်းတန်းကျေးရွာသည် အိမ်ခြေ ၄၆၄ အိမ်ရှိပြီး လူဦးရေ ၁၇၉၀ နေထိုင်လျက်ရှိကာ သောက်သုံးရေကို ကန်ရေကိုသာ အဓိကထား အသုံးပြုနေသော ကျေးရွာဖြစ်ကြောင်း၊ သောက်သုံးရေကန် ရှစ်ကန်ရှိကြောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ဖေက ပြောသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ဘူးသီးတောင်မြို့နယ် စိုင်းဒင်တောင်ကြောအနီး ဒေသခံတစ်ဦး မိုင်းနင်းမိသေဆုံး

**နေပြည်တော် နိုဝင်ဘာ ၂၄**
ဘူးသီးတောင်မြို့နယ် ဘောမိကိုင်းကျေးရွာအရှေ့ဘက် စိုင်းဒင်တောင်ကြောအနီး၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီခန့်က အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းနင်းမိကာ ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးရန်ဂီးနှင့် ဇနီးဖြစ်သူတို့သည် ကုလားသေကျေးရွာမှ ပြန်လာစဉ် စိုင်းဒင်တောင်ကြောအနီး၌ ဦးရန်ဂီးသည် မိုင်းနင်းမိပြီး မိုင်းစများ ထိမှန်သေဆုံးခြင်း ဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ဘဇာနယ်မြေစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦးနှင့်အတူ ဆေးခြောက် ခြောက်ကီလို သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**
မောင်တောမြို့နယ် နတ်မြစ်အတွင်း လှေတစ်စင်းပေါ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦးနှင့်အတူ ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ ဆေးခြောက် ခြောက်ကီလို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၂ ရက် ည ၁၁ နာရီခန့်တွင် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ရွက်ညိုတောင်ချောင်းဝ ဦးစောလှကျွန်း၏အရှေ့ဘက်၌ မသင်္ကာဖွယ် လက်ခတ်လှေတစ်စင်းအား တွေ့ရှိ၍ မီးအချက်ပြခေါ်ယူခဲ့ရာ လာရောက်ခြင်းမရှိသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ လှေပေါ်ပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများဖြစ်သည့် အဒူအာဇီနှင့် မာမက်တော်ယုတို့အား ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ ဆေးခြောက် ခြောက်ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်၌ မသင်္ကာဖွယ်ရာလှေတစ်စင်း သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**
မောင်တောမြို့နယ် သဝန်ချောင်းကင်းစခန်းရှေ့ ပင်လယ်ကမ်းစပ်အနီး၌ နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းက မသင်္ကာဖွယ်ရာ လှေတစ်စင်း ဆိုက်ကပ်ထားသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ အလျား ၂၄ ပေ၊ အနံ ခုနစ်ပေ၊ ဇောက် ခုနစ်ပေရှိ လှေတစ်စင်းအား တွေ့ရှိပြီး လှေပေါ်တွင် တရုတ်အင်ဂျင်တစ်လုံး၊ ရဲဝတ်စုံ (လက်မောင်းတံဆိပ်မပါ) အင်္ကျီလေးထည်၊ ရဲဆွယ်တာ နှစ်ထည်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး လှေအား သဝန်ချောင်းကင်းစခန်း၌ ထိန်းသိမ်းထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၄ စီး၊ သွင်းကုန် ၁၀၁၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ဝ၇ဝ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားသိမ်းဆည်းမှုအနေဖြင့် နိုဝင်ဘာ ၂၃ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် Nissan March ယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်မောင်းထိုင်ခုံအောက်နှင့် နောက်ထိုင်ခုံအောက်တို့တွင် အံဝှက်ပြုလုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်အပိုင်းအစဆိုဒ်စုံ (301 kg)၊ လက်ကောက် (ကွင်းကြမ်း) (45 kg)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀ ဒသမ ၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် သစ်တောဦးစီးဌာနမှ နယ်မြေရှင်းလင်းဆောင်ရွက်စဉ် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**
နေပြည်တော် ဥတ္တရခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းနှင့် ဒက္ခိဏခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းရွှေတို့ခေါင်းဆောင်၍ နေပြည်တော် ညွှန်ကြားရေးမှူးရုံးမှ တောအုပ်ကြီး ဦးခင်မောင်ထွေး၊ ဥတ္တရသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်မှ သစ်တောဝန်ထမ်းများသည် နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ဥတ္တရသီရိမြို့နယ်အတွင်း ပန်းတင်ဘိနယ်၊ လဲဝန်း(၂)ဘိနယ်နှင့် နေပြည်တော်-ကံပြား-မကွေးကားလမ်းတစ်လျှောက် နယ်မြေရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်စဉ် အခြားသစ်အလုံး ၂၀ (၄ ဒသမ ဝ၉၇၂ တန်)၊ သုံးပေအောက် အခြားသစ်အလုံး ၃၀ (၃ ဒသမ ၄၁၃၈ တန်) နှင့် အခြားခွဲသား ၁၃ ချောင်း (၁ ဒသမ ၉၃၉၆ တန်)တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# အမုန်းခံ စီရိုနယ်လ်ဒိုရဲ့ နောက်ကွယ်က အံ့အားသင့်ဖွယ် ရက်ရောမှုများ

■ မေလှဲ့သင်း

တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပေါ်တူဂီရဲ့ အသင်းခေါင်းဆောင်၊ လက်ရှိ အားကစားလောကရဲ့ ပုံရိပ်အမြင့်မားဆုံးဖြစ်သလို ဝင်ငွေအားဖြင့်လည်း ထိပ်ဆုံးနေရာမှာ ရှိနေသူ။ သူဟာ နိုက်ကီလို နာမည်ကျော်အားကစားကုမ္ပဏီနဲ့ တစ်သက်တာ စာချုပ်ချုပ်ဆိုထားသလို နာမည်ကြီး စီးပွားရေး လုပ်ငန်းများစွာနဲ့လည်း စပွန်ဆာ စာချုပ်များစွာ ချုပ်ဆိုထားသူဖြစ်ပါတယ်။ သူ့ရဲ့ မောက်မာတဲ့ အောင်ပွဲခံဟန်၊ ဝေဖန်မှုတွေအပေါ် နှုတ်ဆိတ်မနေဘဲ ပြန်လည်တုံ့ပြန်တတ်တဲ့ စရိုက်လက္ခဏာ၊ ကျန်တဲ့ အသင်းဖော်တွေထက် သူဟာ ခေါင်းတစ်လုံး မြင့်တယ်ဆိုတဲ့ ပုံရိပ်မျိုး ပြည့်လျှမ်းနေတတ်တာကြောင့်လည်း တစ်ခါတစ်ရံ မီဒီယာတွေရဲ့ သားကောင်ဖြစ်နေတတ်သူဖြစ်သလို ပရိသတ်အချို့ရဲ့ မျက်မုန်းကျိုးခံနေရသူဖြစ်ပါတယ်။ သို့ပေမယ့် ဒီလို မုန်းတီးခံ စီရိုနယ်လ်ဒိုမှာ အခြားကျော်ကြားတဲ့သူတွေ လုပ်ဆောင်နိုင်ဖို့ ခဲယဉ်းတဲ့ အံ့အားသင့်စရာတွေလည်း များစွာ လုပ်ဆောင်ခဲ့သူဆိုတာကို တင်ဆက်လိုက်ပါတယ်-

## (၁) ရွှေဖိနပ်ဆု

စီရိုနယ်လ်ဒိုဟာ ၂၀၁၁ ခုနှစ် နည်းပြ မော်ရင်ဟို လက်အောက်မှာ ရီးယဲလ်အတွက် တစ်ရာသီတည်း သွင်းဂိုး ၄၀ သွင်းယူခဲ့တာကြောင့် ဥရောပ ရွှေဖိနပ်ဆု (ထိပ်တန်းဂိုးသွင်းရှင်) ဆွတ်ခူးခဲ့ပါတယ်။ အဲဒီဘောလုံးရာသီမှာ သူဟာ ရီးယဲလ်အတွက် ဂိုးတွေ အမြောက်အမြား သွင်းယူပေးနိုင်ခဲ့ပေမယ့် ရီးယဲလ်က လာလီဂါမှာ အဆင့်-၂ ပဲ ရခဲ့သလို ချန်ပီယံလိဂ်မှာလည်း ဆီမီးဖိုင်နယ်အထိပဲ တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် စီရိုနယ်လ်ဒိုက ဒီရွှေဖိနပ်ဆုကို သူ့ရဲ့ ဆုတံဆိပ်အခန်းထဲမှာ သိမ်းထားဖို့ စိတ်ကူးမရှိဘဲ ရောင်းချခဲ့ပါတယ်။ သူ့ရဲ့ ဒီဆုက လေလံပွဲမှာ ပေါင် ၁ ဒသမ ၂ သန်းအထိ ရရှိခဲ့ကာ ဒီငွေတွေကို စစ်ဒဏ်ခံ ဂါဇာဒေသက စာသင်ကျောင်းအဆောက်အအုံတွေ ပြန်လည်ဆောက်လုပ်ဖို့ လှူဒါန်းခဲ့ပါတယ်။

## (၂) ဘာလွန်းဒီအောဆု

စီရိုနယ်လ်ဒိုဟာ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း အလှူတစ်ခု ထပ်မံပြုလုပ်လိုက်ပါတယ်။ သူက ၂၀၁၃ ခုနှစ်မှာ ရရှိခဲ့တဲ့ ဘာလွန်းဒီအောဆုကို ပုံတူပြုလုပ်ပြီး ရောင်းချဖို့ စီစဉ်ခဲ့တာပါ။ လန်ဒန်မြို့မှာ ပြုလုပ်တဲ့ လေလံတင်ပွဲအတွင်း ဒီပုံတူ ဘာလွန်းဒီအောဆုကို ရောင်းချခဲ့ရာ အစ္စရေးရဲ့ အချမ်းသာဆုံးပုဂ္ဂိုလ် အိုက်ဒန်အိုဖာက ပေါင် ၅၃၀၀၀၀ နဲ့ ဝယ်ယူသွားပါတယ်။ စီရိုနယ်လ်ဒိုက ရရှိတဲ့ ငွေတွေကို Make-A-Wish ဖောင်ဒေးရှင်းကို လှူဒါန်းခဲ့တာပါ။ ဒီဖောင်ဒေးရှင်းက အသက်အန္တရာယ် ခြိမ်းခြောက်မှုကြုံခဲ့ရတဲ့ ကလေးသူငယ်တွေနဲ့ ကျန်းမာရေးချို့တဲ့တဲ့ ကလေးသူငယ်တွေကို ထောက်ပံ့ပေးနေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

## (၃) သံတမန်

စီရိုနယ်လ်ဒိုဟာ Save the Children၊ ယူနီဆက်ဖ်နဲ့ ကမ္ဘာ့ဗီရှင်ဆိုတဲ့ အဖွဲ့အစည်း သုံးဖွဲ့ရဲ့ သံတမန်အဖြစ် ဆောင်ရွက်နေသူဖြစ်ပါတယ်။ သူဟာ ၂၀၁၄ ခုနှစ် ဘာလွန်းဒီအောဆု ချီးမြှင့်ပွဲအခမ်းအနားမှာ သွေးကင်ဆာဖြစ်ပွားနေတဲ့ ကလေးတွေအကြောင်းကို ထည့်သွင်းပြောကြားခဲ့သလို ပြီးခဲ့တဲ့နှစ်ကလည်း ဆီးရီးယားနိုင်ငံက စစ်ဒဏ်ခံ ကလေးငယ်တွေကို "သူရဲကောင်းအစစ်"တွေလို့ သုံးနှုန်းပြီး စိတ်ဓာတ်မြှင့်တင်မှု ပြုလုပ်ပေးခဲ့ပါတယ်။ ဒါ့အပြင် သူက ဆီးရီးယားကလေးငယ်တွေအတွက် ပေါင်သိန်းနဲ့ချီပြီး လျှို့ဝှက်လှူဒါန်းမှုတွေ လုပ်ခဲ့ပါသေးတယ်။

## (၄) အပိုဆုကြေးများ

သူဟာ ၂၀၁၃ ခုနှစ် ယူအီးအက်ဖ်အေရဲ့ အကောင်းဆုံးအသင်းစာရင်းမှာ ပါဝင်လို့ ချီးမြှင့်ခံရတဲ့ ဆုကြေး ယူရို တစ်သိန်း (ပေါင် ၈၉၀၀၀)ကို ကမ္ဘာ့ကြက်ခြေနီအဖွဲ့သို့ လှူဒါန်းခဲ့ပါတယ်။ ဒါ့အပြင် ရီးယဲလ်အတွက် (၁၀) ကြိမ်မြောက် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးရာမှာ အဓိက နေရာက ပါဝင်ခဲ့လို့ ရီးယဲလ်က ချီးမြှင့်တဲ့ အပိုဆုကြေး ပေါင် ၄၅၀၀၀၀ ကိုလည်း သူသံတမန်အဖြစ်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်း သုံးဖွဲ့ကို လှူဒါန်းခဲ့ပါတယ်။

## (၅) သွေးနဲ့ ရိုးတွင်းခြင်ဆီ

သူက အခြားစူပါစတား ကစားသမားတွေလို ကိုယ်ခန္ဓာမှာ တက်တူးထိုးထားခြင်း မရှိတဲ့သူပါ။ တက်တူးထိုးထားတဲ့ ကစားသမားတွေလည်း သွေးလှူလို့ရပေမယ့် တက်တူးထိုးပြီး ခါစ လူကတော့ တက်တူးမင်ရည်ဟာ ကူးစက်ရောဂါတွေကို ပြန့်ပွားစေနိုင်တာကြောင့် ချက်ချင်းသွေးလှူလို့ မရပါဘူး။ စီရိုနယ်လ်ဒို တက်တူး မထိုးတဲ့ အဓိက အကြောင်းပြချက်ထဲက တစ်ခုက သူဟာ သွေး မကြာခဏ လှူဒါန်းလေ့ရှိတာကြောင့်လို့ သိရပါတယ်။ စီရိုနယ်လ်ဒိုဟာ သူ့ရဲ့ အသင်းဖော်ဟောင်း ကားလို့စ်မာတင်စ်ရဲ့ သားအတွက် ရိုးတွင်းခြင်ဆီကို လှူဒါန်းခဲ့ဖူးပါတယ်။ ခြင်ဆီလှူဒါန်းဖို့ဆိုတာ သာမန်လူတစ်ဦးအတွက် ခက်ခဲပေမယ့် စီရိုနယ်လ်ဒိုကတော့ "ဒါကို လူတွေက ခက်ခဲတဲ့ အလုပ်လို့ တွေးတတ်ကြတယ်၊ သွေးကို ခန္ဓာကိုယ်က ဆွဲထုတ်လိုက်သလိုပါပဲ၊ ဘာမှ နာကျင်တဲ့ အလုပ်တော့ မဟုတ်ပါဘူး" လို့သာ ပြောကြားခဲ့ပါတယ်။

## (၆) ပေါင်သန်းပေါင်းများစွာ

၂၀၁၅ ခုနှစ် ဧပြီလအတွင်း နီပေါလ်မှာ လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြောင့် လူ ၉၀၀၀ ကျော် သေဆုံးပြီး ၂၂၀၀၀ ဒဏ်ရာရခဲ့ကြပါတယ်။ စီရိုနယ်လ်ဒိုက ငလျင်ဒဏ်ခံ ကလေးသူငယ်တွေ ပြန်လည်ထူထောင်ရေးအတွက် ပေါင် ၆သန်း သီးခြားလှူဒါန်းခဲ့တဲ့အပြင် ပေါ်တူဂီ ကင်ဆာဖောင်ဒေးရှင်းကိုလည်း ပေါင် ၁၂၀၀၀၀ လှူဒါန်းခဲ့ဖူးပါတယ်။

## (၇) ပရိသတ်ကို အလေးထားတတ်သူ

ဟီဒါ အမည်ရ ကလေးငယ်လေးက အသေခံဗုံးဖောက်ခွဲသူတွေကြောင့် မိဘနှစ်ဦးဆုံးရှုံးပြီး လက်ဘနွန်မြို့တော် ဘေရွတ်မှာရှိတဲ့ မိဘမဲ့ ကလေးကျောင်းမှာ ရောက်နေပါတယ်။ သူဟာ ရီးယဲလ် အမာခံ ပရိသတ်ဖြစ်ပြီး ရီးယဲလ်အသင်းက ဒီကလေးကို ကလပ်အသင်းဆီ လာလည်ဖို့ ဖိတ်ကြားမှုပြုခဲ့ပါတယ်။ ဟီဒါက သူ့ရဲ့ သူရဲကောင်းဖြစ်တဲ့ စီရိုနယ်လ်ဒိုကို တွေ့ဆုံခွင့်ရချိန်မှာ ဝမ်းသာပြီး အော်ငိုခဲ့တာကို နှစ်သိမ့်ခဲ့တဲ့ စီရိုနယ်လ်ဒိုရဲ့ ပုံရိပ်ကလည်း မြင်ရသူတွေအတွက် ပီတိဖြစ်ဖွယ် ဖြစ်ခဲ့ရပါတယ်။ စီရိုနယ်လ်ဒိုက အခြားနာမည်ကြီးတွေလို သူ့ကို ပွေ့ဖက်ချင်လို့ သူနဲ့ ဆဲလ်ဖီရိုက်ချင်လို့ ပြေးလာတဲ့ ပရိသတ်တွေကို လုံခြုံရေး အကြောင်းပြပြီး လျစ်လျူရှုတာမျိုး ဘယ်တုန်းကမှ လုပ်ခဲ့ခြင်းမရှိခဲ့ပါဘူး။ အချိန်ပေးပြီး ပြန်နှုတ်ဆက်တာ၊ ဓာတ်ပုံအတူတူ အရိုက်ခံတာမျိုးကို အလေးထား ပြုလုပ်ပေးတတ်သူ ဖြစ်ပါတယ်။ ဦးနှောက်ပုံသဏ္ဍာန် မမှန်မှုကြောင့် တစ်နေ့ကို အကြိမ် ၃၀ လောက် မေ့မြောသွားတတ်တဲ့ ကလေးငယ် ခွဲစိတ်ဖို့ ကနဦး ပေါင် ၅၅၀၀၀ လှူဒါန်းပေးခဲ့ပြီး နောက်ပိုင်းလည်း လိုအပ်ရင် ဆက်လက်လှူဒါန်းပေးဦးမယ်ဆိုတဲ့ ကတိမျိုး ထားရှိတတ်သူပါ။ ဒါ့အပြင် ဆေးရုံတက်နေရတဲ့ ကလေးတွေရဲ့ မိဘတွေက အကူအညီတောင်းခံတဲ့အခါ သူတို့ရဲ့ လိုအပ်မှုအတိုင်း ရက်ရက်ရောရော ဖြည့်ဆည်းပေးတတ်သူလည်း ဖြစ်ပါသေးတယ်။

## (၈) မိတ်ဆွေတွေကို ချစ်ခင်တတ်သူ

စီရိုနယ်လ်ဒိုရဲ့ စူပါအေးဂျင့် ဂျော့ဂျ်မန်းဒက်ဇ်က ၂၀၁၅ ခုနှစ်မှာ ဆန်ဒရာ အမည်ရ အမျိုးသမီးနဲ့ လက်ထပ်ခဲ့ပါတယ်။ စီရိုနယ်လ်ဒိုက သူ့ရဲ့ အေးဂျင့်လည်းဖြစ်၊ အရင်းနှီးဆုံး မိတ်ဆွေလည်းဖြစ်တဲ့ မန်းဒက်ဇ် အတွက် ဘယ်သူမှ ထင်မှတ်မထားတဲ့ လက်ဖွဲ့ကို ပေးခဲ့ပါတယ်။ ဒါကတော့ ဂရိကျွန်းတစ်ကျွန်းလုံးကို ပေါင်သန်း ၄၀ နဲ့ ဝယ်ပြီး လက်ဖွဲ့ခဲ့တာပါ။ စီရိုနယ်လ်ဒိုက မိတ်ဆွေအပေါင်းအသင်းတွေကို ငွေကြေး၊ ပျော်ရွှင်မှု၊ နောက်ဆုံး ကျန်းမာရေးကိစ္စရပ်တွေမှာပါ အကူအညီပေးလေ့ရှိသူပါ။






"ခြင်ဆီ လှူဒါန်းဖို့ဆိုတာ သာမန်လူတစ်ဦးအတွက် ခက်ခဲပေမယ့် စီရိုနယ်လ်ဒိုကတော့ . . ."

# အန်ဖီးလ်မှာ ချယ်လ်ဆီးကို လီဗာပူး ဘယ်လိုရင်ဆိုင်မလဲ

## ၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ - ၁၃

**ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ် - ၁၃ ကို နိုဝင်ဘာ ၂၅၊ ၂၆ ရက်တွေမှာ ကျင်းပဖို့ရှိနေပြီး အဆိုပါပွဲစဉ်မှာတော့ အသင်းကြီးနှစ်သင်းဖြစ်တဲ့ လီဗာပူးနဲ့ ချယ်လ်ဆီးဆုံတဲ့ပွဲပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာနေပါတယ်။ ဒါ့အပြင် မန်နေဂျာသစ် မိုယေးစ်ရဲ့ ဝက်စ်ဟမ်းအနေနဲ့လည်း နိုင်ပွဲရယူနိုင်မလား စောင့်ကြည့်ရမယ်။**

### ဝက်စ်ဟမ်း - လက်စတာ နံနက် ၂း၃၀ (၂၅-၁၁-၁၇)

မိုယေးစ်ကို မန်နေဂျာသစ်အဖြစ် ခန့်အပ်ခဲ့တဲ့ ဝက်စ်ဟမ်းတို့ အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်စတာက လက်ရှိအချိန်မှာ အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်တယ်ဆိုပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုအချို့ ရှိနေတာကြောင့် ဝက်စ်ဟမ်းရဲ့ တုံ့ပြန်ကစားအားကို ထိန်းနိုင်ဖို့ ခက်ပါတယ်။ ဒီပွဲမှာ လက်စတာတို့ အမြင့်ဆုံးသရေသာ ကစားနိုင်ဖို့ရှိပါတယ်။

### ပဲလေ့စ် - စတုတ် ည ၉း၃၀ (၂၅-၁၁-၁၇)

ပဲလေ့စ်က အမှတ်ပေးဇယားရဲ့ အောက်ဆုံးကနေ ရုန်းမထွက်နိုင်သေးတာကြောင့် ဒီအိမ်ကွင်းပွဲကို နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေတယ်။ စတုတ်ကလည်း အသင်းလိုက်ကစားပုံ မာပေမယ့် အဝေးကွင်းပွဲတွေမှာ ကစားအားကျဆင်းတတ်သလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေထင်သလောက်တည်ငြိမ်မှုမရှိဘူး။ ပဲလေ့စ်အိမ်ကွင်းမှာ ကပ်နိုင်ခြေရှိတယ်။

### မန်ယူ - ဘရိုက်တန် ည ၉း၃၀ (၂၅-၁၁-၁၇)

ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့် မန်ယူတို့ ပရီမီယာလိဂ်မှာ ထပ်မံအမှားခံလို့မရတဲ့အခြေအနေ ဖြစ်နေတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် မန်ယူတို့ အားစိုက်ကစားလာမှာဖြစ်ပြီး တန်းတက်အသင်းကို ထပ်မံမရှုံးဖို့လည်း ဂရုစိုက်မှာပါ။ ဘရိုက်တန်ရဲ့ တုံ့ပြန်ကစားပုံ ကောင်းမွန်ပေမယ့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမယ့် မန်ယူကသာ နိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

### ကာဆယ် - ဝက်ဖို့ဒ် ည ၉း၃၀ (၂၅-၁၁-၁၇)

နယူးကာဆယ်ရဲ့ အိမ်ကွင်းခြေနဲ့ အသင်းလိုက်ကစားပုံကောင်းမွန်မှု ရှိပါတယ်။ ဒါပေမယ့်လည်း ဝက်ဖို့ဒ်ရဲ့ခြေစွမ်းကလည်း ကောင်းမွန်မှု ရှိနေတာကို သတိပြုရမှာပါ။ အထူးသဖြင့် ဝက်ဖို့ဒ်ဟာ အဝေးကွင်းပွဲတွေမှာဆိုရင် တုံ့ပြန်ကစားပုံကောင်းမွန်တတ်လို့ ဒီပွဲစဉ်မှာ နယူးကာဆယ်တို့ မထင်မှတ်ဘဲ ရုန်းကန်ရနိုင်ပါတယ်။ နယူးကာဆယ်တို့ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် သရေလောက်ပဲရမယ်။

### စပါး - ဝက်စ်ဘရွန်း ည ၉း၃၀ (၂၅-၁၁-၁၇)

စပါးအနေနဲ့ ချန်ပီယံလိဂ် ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ဝက်စ်ဘရွန်းကလည်း အသင်းလိုက်ကစားပုံ တည်ငြိမ်မှုရှိသလို ခံစစ်ပိုင်းကစားပုံလည်း ကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာ စပါးတို့မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ စပါး အနိုင်ရဖို့ရှိနေပေမယ့်လည်း အိမ်ကွင်းမှာ ဂိုးပြတ်နိုင်ဖို့တော့ ခက်ပါတယ်။

### လီဗာပူး - ချယ်လ်ဆီး နံနက် ၀၀း၀၀ (၂၆-၁၁-၁၇)

နှစ်သင်းစလုံး ချန်ပီယံလိဂ်မှာ အရေးပါတဲ့ပွဲတွေ ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်ပေမယ့် ပရီမီယာလိဂ်မှာလည်း နှစ်သင်းစလုံး အမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒီနှစ်သင်းရဲ့ လက်ရှိအခြေအနေက လီဗာပူးတိုက်စစ်ကစားပုံကောင်းပြီး ခံစစ်မငြိမ်သလို ချယ်လ်ဆီးက ခံစစ်မဆိုးပေမယ့် တိုက်စစ်ပိုင်း ဂိုးသွင်းခြေမငြိမ်ပါဘူး။ သရေကျဖို့များတယ်။

### ဘန်လေ - အာဆင်နယ် ည ၈း၃၀ (၂၆-၁၁-၁၇)

ယူရိုပါလိဂ် ကစားခဲ့ရတာကြောင့် အာဆင်နယ်တို့ ပွဲပန်းလာနိုင်ပါတယ်။ လက်ရှိ အာဆင်နယ်ရဲ့ အသင်းလိုက်ခြေစွမ်းပိုင်းက ကောင်းမွန်တယ်ဆိုပေမယ့်လည်း ဘန်လေက အကောင်းဆုံးခြေစွမ်းကို ရရှိနေတယ်။ ခံစစ်ပိုင်းကျစ်လျစ်သလို တန်ပြန်တိုက်စစ်ကစားရာမှာပါ ထက်မြက်မှုရှိတဲ့အပြင် အိမ်ကွင်းအားပါ ရှိနေပါတယ်။ ဒါကြောင့်လည်း အာဆင်နယ် ဂိုးပြတ်မနိုင်နိုင်ဘူး။

### ဟက်ဒါဖီးလ် - မန်စီးတီး ည ၁၀း၃၀ (၂၆-၁၁-၁၇)

မန်စီးတီးခြေက အကောင်းဆုံးအခြေအနေမှာ ရှိနေပါတယ်။ တိုက်စစ်ပိုင်းကစားပုံကောင်းမွန်သလို အသင်းမှာ ဂိုးသွင်းယူနိုင်တဲ့ ကစားသမားအများအပြားရှိနေကာ အရန်အင်အားပိုင်းကလည်း တောင့်တင်းမှုရှိပါတယ်။ ဒါကြောင့် ချန်ပီယံလိဂ်ကစားခဲ့ရမှာ ဖြစ်ပေမယ့်လည်း မန်စီးတီးတို့ ထင်သလောက်ပွဲပန်းနိုင်ဖို့ မရှိပါဘူး။ ဟက်ဒါဖီးလ်က အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်တတ်တယ်ဆိုပေမယ့် ဒီပွဲမှာတော့ မန်စီးတီးကသာ နိုင်ပွဲရယူသွားမှာပါ။

ရှိုင်းမင်းမင်း

# မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း) အား ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လေ့လာ မှု များပြား

**မန္တလေး နိုဝင်ဘာ ၂၄**
မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ၊ ရေမြေတောတောင်သဘာဝအလှရှုခင်းများ၊ တိုင်းရင်းသားများ၏ရိုးရာဓလေ့များနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား လေ့လာနိုင်ရန် နိုင်ငံခြားသား ခရီးသွားများ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်မှု များပြားလျက်ရှိရာ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ မြန်မာအနုပညာဗိသုကာလက်ရာများ စံပြုကျောင်း ဖြစ်သော မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေနန်းတော်ကျောင်း (ရွှေကျောင်း)အား ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လေ့လာမှု များပြားလျက်ရှိသည်။

"အဆိုပါအဖွဲ့တွင် ဆွီဒင်နိုင်ငံသား ၂၀ ပါရှိပြီး ရွှေနန်းတော်ကျောင်းကြီး၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်ပေါ်များသို့ လှည့်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ သစ်သားကျောင်းကြီးကို လာရောက်လေ့လာကြတဲ့ ပြည်ပခရီးသွားများ အနေဖြင့် ကျေနပ်နှစ်သက် သဘောကျလျက်ရှိကြောင်း၊ အဆိုပါကျောင်းကြီး၏ အတွင်းနှင့်အပြင်ပါ ပြုလုပ်ထားသည့် အနုစိတ်အနုပညာလက်ရာများကို စိတ်ဝင်တစားလေ့လာကြကြောင်း၊ ပန်းချီ၊ ပန်းပုအနုပညာ ဗိသုကာလက်ရာများကို အနီးကပ်လေ့လာရသည့်အတွက် သဘောကျလျက်ရှိကြောင်း၊ သစ်သားကျောင်းကြီး တည်ဆောက်ပုံနှင့် အနုပညာလက်ရာများမှာ စနစ်ကျကြောင်း၊ ရှေးခေတ်ပညာရှင်များ၏ အနုပညာလက်ရာမှာ မြန်မာလူမျိုးများအတွက် ဂုဏ်ယူဖွယ်တစ်ခုအဖြစ် တည်ရှိနေကြောင်း" ခရီးသွားဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

ရွှေကျောင်းဟု လူသိများသော ရွှေနန်းတော်ကျောင်းသည် နှစ်ပေါင်း ၁၃၀ ကျော် သက်တမ်းရှိပြီး ကုန်းဘောင်ခေတ် ၁၉ ရာစု မြန်မာအနုပညာဗိသုကာ လက်ရာစံပြုကျောင်းကြီးဖြစ်သည်။ ရွှေနန်းတော်ကြီးမှာ အမိုးသုံးဆင့်၊ လယ်ပေါ်နှစ်ထပ်၊ စမြင်ပါသောဇေတဝန်ဆောင်ဖြစ်သည်။ ကျောင်းကြီး တစ်ဆောင်လုံးတွင် အရှေ့အနောက်တိုင် ၁၅ လုံးတန်းနှင့် တောင်မြောင် ၁၀ လုံးတန်းရှိခြင်းကြောင့် တိုင်ပေါင်း ၁၅၀၊ နယားရုပ်ထောက်တိုင်ပေါင်း ၅၄ တိုင်နှင့် သရက်ကင်းအုတ်လှေကားငါးစင်းဖြင့် တည်ဆောက်ထားသည်။ ကျောင်းကြီးတစ်ခုလုံးတွင် မြန်မာမှု သစ်သားပန်းပု အခြေခံခြူးပန်း၊ ခြူးနွယ်အပြောက်အမွှမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများနှင့် အတွင်းမာရဘင် အရှေ့ပိုင်ကွန်းစင်တိုင်အခြေတွင် ဇာတ်ကြီးဆယ်ဘွဲ့၊တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်များကို စိတ်ဝင်စားဖွယ် လက်ရာမြောက်စွာ အနုစိတ်တပ်ဆင်ထားကြောင်းမှတ်တမ်းများအရ သိရသည်။

**သန်းဇော်မင်း(မြန်/ဆက်)**



# စားသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေး သွားရောက်စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၄**
စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကျိုးစီးပွားကာကွယ်ရေးဆောင်ရွက်ရန်၊ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေးနှင့် ကုန်စည်ဝန်ဆောင်မှုများ၏ အရည်အသွေး စီမံခန့်ခွဲမှုနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ရည်ရွယ်၍ နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရေဆင်းဈေးအတွင်းရှိ ရောင်းချသည့် စားသုံးကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများအား ထုတ်ကုန်လုံခြုံမှု ရှိ၊ မရှိ စစ်ဆေးခြင်းကို နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥတ္တရခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးငြိမ်းဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဈေးတာဝန်ခံနှင့် အဖွဲ့များပူးပေါင်းကာ ဈေးအတွင်းရှိ မုန့်မျိုးစုံအရောင်းဆိုင်များ၊ ကုန်စုံဆိုင်များ၊ ဆေးအရောင်းဆိုင်များအား ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရန် စစ်ဆေးခဲ့ရာ သက်တမ်းလွန် မုန့်များ၊ သက်တမ်းလွန်ဆေးဝါးများ၊ ထောက်ခံချက်မပါရှိသောတရုတ်ကြက်အူချောင်းနှင့် ကျင်ထုံခြင်ဆေးဘူးများ တွေ့ရှိခဲ့ရာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့စုံ ရှေ့မှောက်တွင် မြေကျင်းတူး၍ မြေမြှုပ်ဖျက်ဆီးခဲ့ပြီး ဈေးသူ ဈေးသားများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့် (မြန်/ဆက်)**

# ဂန့်ဂေါ– ဟားခါး ကားလမ်း မျက်ကွယ် ကုန်းတက်နေရာတွင် သွားလာမှု အဆင်ပြေနိုင်ရေး ဆောင်ရွက်

**ဂန့်ဂေါ နိုဝင်ဘာ ၂၄**
ဂန့်ဂေါ- ဟားခါးကားလမ်း ဂန့်ဂေါမြို့နယ် လမ်းပိုင်း မိုင်တိုင် (၁၈၅) ကီလိုမီတာနှင့် ၁၉၃ ကီလိုမီတာကြား မျက်ကွယ်ကုန်းတက် သုံးထပ်ကွေ့နေရာတွင်အတက်အဆင်း မတ်စောက်သည့်နေရာကို သွားလာမှုအဆင်ပြေစေရေးအတွက်လမ်းဖြောင့်တူးဖော် ဖောက်လုပ်ပေးလျက်ရှိသည်။

ထိုသို့ဖောက်လုပ်ပြုပြင်ရာတွင် ခွင့်ပြုပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၅၅၀ ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကာ အတက်အဆင်း မတ်စောက်သည့်နေရာများအား ပြေပြစ်ကောင်းမွန်စေရန် မျက်ကွယ် ကုန်းတက်များအား အဖြောင့် တူးဖော်လျက်ဖောက်လုပ်ပေးနေခြင်း ဖြစ်ကြောင်း ဂန့်ဂေါမြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

လမ်းဖောက်လုပ်ပြုပြင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်တို့နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၃ ရက်က သွားရောက်ကွင်းဆင်းကြည့်ရှုရာ လမ်းဖောက်လုပ်ပြုပြင်မှု လုပ်ငန်းအခြေအနေကို မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးသိန်းစိုးဦးက ရှင်းလင်းတင်ပြသည်။

အဆိုပါလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ စတင်ကာ လမ်းပုံထုတ်ခြင်း၊ တိုင်းတာခြင်း ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါတွင် အဖြောင့်ဖောက်ထားသည့် မြေသားလမ်းပိုင်းမှ မော်တော်ယာဉ်များ မောင်းနှင်ဖြတ်သန်းနိုင်ပြီဖြစ်သည်။ မြေသားလုပ်ငန်းပြီးစီးပါက လမ်းကို နှစ်လမ်းသွား အကျယ် ၁၈ ပေ ရှိ ကျောက်၊ ကတ္တရာခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် လုပ်ငန်းများပြီးစီးနိုင်မည် ဖြစ်ကြောင်းနှင့် အဆိုပါ နေရာမှာ မျက်ကွယ်ကွေ့ဆင်း၊ ကွေ့တက်နေရာဖြစ်၍ မော်တော်ယာဉ်များ ခက်ခဲစွာမောင်းနှင်ခဲ့ကြရာမှ လမ်းဖြောင့်ဖောက်ခြင်းလုပ်ငန်းပြီးစီးပါက အဆင်ပြေစွာ မောင်းနှင်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**၄၆၅**



# လျှပ်စစ်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်း လက်တွေ့သရုပ်ပြပွဲ ပျဉ်းမနားမြို့နယ်၌ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကျင်းပသည့် လျှပ်စစ်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်းလက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ညောင်ပင်သာ)၌ နိုဝင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်က လျှပ်စစ်ဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက ထိခိုက်ခံရလွယ်သော အုပ်စုတွင် ပါဝင်သည့် လျှပ်စစ်အန္တရာယ်ကို မျှော်မှန်းပြီး ကြိုတင်ပြင်ဆင်ဇာတ်တိုက်လေ့ကျင့်ခြင်းဖြင့် ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် ခံနိုင်ရည်ရှိသော လူ့အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်စေရန်အတွက် လျှပ်စစ်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်း လက်တွေ့သရုပ်ပြပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာသင်ကျောင်းအတွင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မြေငလျင်နှင့်ပတ်သက်သည့် အသိပညာပေးခြင်း၊ မြန်မာနိုင်ငံအတွင်း မြေငလျင်ဖြစ်ပွားတတ်သည့်နေရာများ၊ မြေငလျင်ဖြစ်ပွားခဲ့သောနေရာများနှင့် ပြင်းအား၊ ထိခိုက်ဆုံးရှုံးမှုများကို မြေပုံများ၊ အချက်အလက်များ အသုံးပြု၍ ရှင်းပြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် မီးဘေး၊ ငလျင်ဘေး၊ ရေဘေးနှင့် မုန်တိုင်းဘေးအန္တရာယ်များအား ကြိုတင်ပြင်ဆင်ရန်ပညာပေးစာစောင်များကို အခမဲ့ဖြန့်ဝေပေးသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူပေါင်း၍ လျှပ်စစ်ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကာကွယ်နည်း၊ ကယ်ဆယ်နည်းများနှင့် ကုသပေးခြင်းနည်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ကြသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့မီးသတ်ဦးစီးဌာနမှ သန္ဓေတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအတွင်းရှိ ပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

**စိုးမိုး(မြန်/ဆက်)**

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ရွှေကူ နိုဝင်ဘာ ၂၄**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းကာလ သုံးနှစ်ပြည့်ကျေးရွာများဖြစ်သည့် ကိုင်းရွာ၊ ပူခိုင်၊ သာစည်+ညောင်ကုန်း၊ တုံးပုံ၊ ဟိန်ကောင်၊ ဝေခူး၊ စီပူကြီးကျေးရွာများသို့ ဗန်းမော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်နှင့်အဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျေးရွာများမှ အတည်ပြုရွေးချယ်ထားသော စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ရာ ရွှေကူမြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်နှင့် တာဝန်ခံဝန်ထမ်းများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေကို စစ်ဆေးခဲ့ပြီး လုပ်ငန်းအရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက် သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



**ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းက သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးနှင့် လူကုန်ကူးမှု တားဆီးရေးပညာပေးရေးအကြောင်းအရာများကို နိုဝင်ဘာ ၁၉ ရက်က ဆွေးနွေးပြောကြားစဉ်။**
(ကြေးမုံ)



# နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ရန်ကုန်တိုင်းဒေသကြီး (ယခင်တရားရုံးချုပ်) အဆောက်အအုံအား မြို့ပြအမွေအနှစ်အဖြစ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍတွင် ထင်ထင်ရှားရှား ပါဝင်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ယခင်တရားရုံးချုပ်၌ ယနေ့ နံနက် ၈ နာရီက မြို့ပြအမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါအဆောက်အအုံသည် ကိုလိုနီခေတ်အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံတစ်ခုဖြစ်ပြီး ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းကြားတွင် တည်ရှိသည်။

"အပြာရောင်ကမ္ပည်းပြား တပ်ဆင်ခြင်းဟာ အမွေအနှစ်အဆောက်အအုံတွေကို အရေးပါကြောင်းအထိမ်းအမှတ်ပြုရုံတင်မဟုတ်ဘဲ ရန်ကုန်မြို့မှာနေထိုင်သူတွေအတွက် အဆောက်အအုံရဲ့ သမိုင်းကြောင်းတွေကို ပြန်လည်ဖော်ထုတ်ဖို့၊ အမှတ်ရဖို့၊ ကာကွယ်ဖို့နဲ့ ဂုဏ်ပြုဖို့အတွက် ကူညီဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ နှစ်ပေါင်းတစ်ရာကျော်တိုင်အောင် တရားရုံးချုပ် အဆောက်အအုံထဲမှာ ပြုလုပ်ချမှတ်ခဲ့တဲ့ တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေဟာ ဒီတိုင်းပြည်ကို ပုံဖော်ခဲ့ပါတယ်" ဟု ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန့်မြင့်ဦးကပြောသည်။

ယနေ့တပ်ဆင်သည့် ကမ္ပည်းပြားတွင် 'ဤအဆောက်အအုံသည် ၁၉၁၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ မြန်မာနိုင်ငံ၏ အမြင့်ဆုံးတရားရုံးချုပ်အဖြစ် တည်ရှိခဲ့သည်။ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဖြစ်အသုံးပြုလျက်ရှိသည်'ဟု ရေးသားထားသည်။ အဆိုပါအဆောက်အအုံသည် ဗြိတိသျှအင်ပါယာ၏ ခန်းနားကြီးကျယ်သည့် အမွေအနှစ်အဆောက်အအုံများထဲမှ တစ်ခုဖြစ်ပြီး အိန္ဒိယအစိုးရ၏ အတိုင်ပင်ခံဗိသုကာ Jame Ransome က ပုံစံရေးဆွဲကာ ရန်ကုန်ဆေးရုံကြီးအားတည်ဆောက်ခဲ့သည့်အိန္ဒိယလူမျိုးကန်ထရိုက်တာ Bagchi & Co ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း၊ ၁၉၀၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၁၁ ခုနှစ်တွင်ပြီးစီး၍ ရူပီးငွေ ၂၄ သိန်းခွဲ ကုန်ကျခဲ့ကြောင်း သိရသည်။

ယင်းအပြင် တရားစီရင်ရေးအာဏာကို ထင်ဟပ်စေရန် ရည်ရွယ်ချက်ဖြင့် ပုံစံထုတ်ခဲ့ခြင်းဖြစ်ပြီး တစ်မူထူးခြားသောလက်ရာများဖြစ်သည့် အမိုးအခုံးများပေါ်ရှိ ခြသေ့်ရုပ်နှင့် ကြီးမားသော နာရီစင်ကို ထည့်သွင်းထားသည်။ ရန်ကုန်မြို့တွင် ပထမဆုံး လျှပ်စစ်မီးတပ်ဆင်အသုံးပြုသည့် အဆောက်အအုံများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ရှေးဟောင်း အမွေအနှစ်အဆောက်အအုံ ထောင်ကျော်ရှိပြီး အထင်ကရဖြစ်သည့် အဆောက်အအုံ တစ်ရာကျော် နှစ်ရာခန့်အား အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်သွားမည်ဖြစ်ကြောင်း သမိုင်းသုတေသီနှင့် စီမံကိန်းမန်နေဂျာ ဦးသူရိန်အောင်က ပြောသည်။

**သတင်း− ဇာနည်မောင်**
**ဓာတ်ပုံ− အေးမင်းသူ**

# တရုတ်နိုင်ငံ ချည်မျှင်နှင့် အထည်အလိပ် ကုန်စည်ပြပွဲ ရန်ကုန်တွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသည့် (2017 Myanmar International Textile Expo) ၂၀၁၇ ခုနှစ် နိုင်ငံတကာ ချည်မျှင်နှင့် အထည်အလိပ် ကုန်စည်ပြပွဲ (ZHEJIANG EXPORT FAIR)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၃ ရက်က ရန်ကုန်မြို့ Orchid ဟိုတယ်၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ဦးအောင်ဝင်းက "အခုလို နိုင်ငံတကာပြပွဲတွေ လာပြသတဲ့ အခါကျတော့ ကုန်ကြမ်းတွေ ထုတ်လုပ်တဲ့ မြို့တွေကို ဆက်သွယ်ရမယ့် အဆက်အသွယ် ဖုန်းနံပါတ်၊ ဒီပြပွဲကနေ နိုင်ငံတကာဈေးကွက်ကို သိရှိသွားတယ်၊ ပစ္စည်းတွေ လွယ်လွယ်ကူကူရမှာဆိုတော့ ချုပ်ခစားအနေနဲ့ မဟုတ်တော့ဘဲ ကုန်ကြမ်းကိုဝယ် ကုန်ချောကို တစ်ခါတည်း ထုတ်လုပ် ပြည်ပကို တိုက်ရိုက်ပို့နိုင်တဲ့ အဆင့်အထိ သွားဖို့ရှိပါတယ်၊ ကူးသန်းရောင်းဝယ်ရေးနဲ့ ပတ်သက်တဲ့ စိတ်ကူးတွေ ပိုရသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ထို့ပြင် ပြပွဲမှတစ်ဆင့် ပြည်ပလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုကို စိတ်ဝင်စားပြီး ကုန်ကြမ်းထုတ်လုပ်ရန် စက်ရုံတည်ဆောက်လာပါက လက်ရှိ ပြည်တွင်းလုပ်ငန်းရှင်များ ကုန်ကျနေသည့် ပြည်ပမှ မှာယူနေရသော ချည်မျှင်နှင့် အထည်အလိပ်အတွက် ကုန်ကျငွေမှာ လျော့နည်းသွားမည်ဖြစ်ပြီး မြန်မာ့အထည်အလိပ်လုပ်ငန်း၏ နိုင်ငံခြားဝင်ငွေမှာလည်း တိုးလာမည်ဖြစ်ကြောင်း Creation Strength မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးလှိုင်က ပြောသည်။

အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားတွင် Chinese Textile& Garment Association in Myanmar၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် တာဝန်ရှိသူများက ပြပွဲနှင့် ပတ်သက်သည်များကို ရှင်းလင်းခဲ့ကြသည်။

2017 Myanmar International Textile Expo ပြပွဲတွင် တရုတ်နိုင်ငံမှ လာရောက်ပြသသည့် စက်ရုံပေါင်း ၁၅၀ ကျော်မှ အရည်အသွေးအဆင့်မီ ပိတ်စမျိုးစုံ အမျိုးပေါင်း တစ်သိန်းကျော်၊ ချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာ ကုန်ကြမ်းပစ္စည်းများကို ပြည်သူများ ကြည့်ရှုလေ့လာ ဝယ်ယူနိုင်မည်ဖြစ်ပြီး ဖက်ရှင်ရှိုးများ၊ ကံစမ်းမဲအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း**



ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့မစခန်းမှူး ဒုရဲမှူးကျော်ဆွေသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ကျောက်တန်းမြို့နယ် ညောင်ပိုင်း ကျေးရွာအုပ်စု မြိုင်သာယာ (၄) ရပ်ကွက် ဓမ္မာရုံတွင် ရပ်ကွက်နေ ပြည်သူများအား မှုခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေး၊ သက်ငယ် မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး တို့အတွက် မှုခင်းအသိပညာပေး ဟောပြောခဲ့သည်။ (၆၈၉)

# မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးဌာန၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**စမ်းချောင်း နိုဝင်ဘာ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် Myanmar Trillion Group Trading Co.,Ltd တို့ပူးပေါင်းကာ နိုဝင်ဘာ ၂၃ ရက် နံနက် ၈ နာရီက (Workshop on Urban Disaster) မြို့ပြဒေသများ၌ ကြုံတွေ့ရလေ့ရှိသည့် မီးဘေး၊ ရေဘေး၊ ငလျင်ဘေး၊ ပေါက်ကွဲစေတတ်သည့် ဓာတု၊ ဇီဝပစ္စည်းများ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၊ နျူကလီးယားပစ္စည်းများကြောင့် ဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးနှင့် လုပ်ငန်းသုံး ပစ္စည်းကိရိယာများဖြင့် ကိုင်တွယ်အသုံးပြုတတ်စေရန် ရည်ရွယ်ကာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များအား နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး နည်းစနစ်များကို ထိရောက်စွာနှင့် ကျွမ်းကျင်ပိုင်နိုင်စွာဆောင်ရွက်နိုင်ရန်၊ တပ်ဖွဲ့ဝင်များ၏လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားလာရေး၊ နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို ပိုမိုသိရှိနားလည်ကာ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာစေရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ NGO/INGO အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ Myanmar Trillion Group Trading Co.Ltd မှ တာဝန်ရှိသူများနှင့် နိုင်ငံခြားမိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်**

# ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အလုံ အ−ထ−က(၇)တွင် ထိုးနှံပေး

**အလုံ နိုဝင်ဘာ ၂၄**

အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့ညိုဝင်း ဦးဆောင်၍ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုသားဖွားဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အလုံမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာတွင် အလုံမြို့နယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်မြင့်နှင့် အဖွဲ့ဝင်များ၊ အ-ထ-က(၇) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူခင်နှင့် ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့က ကျောင်းသားကျောင်းသူများအား မုန့်များပေးဝေခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# လူငယ်အိုလံပစ်လက်ရည်စစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာမြားပစ်အသင်း ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပမည့် အကြိမ် (၂၀) မြောက် အာရှမြားပစ်ပြိုင်ပွဲနှင့် လူငယ်အိုလံပစ်လက်ရည်စစ်ပြိုင်ပွဲ (20th Asian Archery Championships 2017 & 2018 Buenos Aires YOGO Continental Qualifying Asia Federation) သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် ကမ္ဘာ့မြားပစ်အာရှအဖွဲ့ချုပ် ညီလာခံ (World Archery Asia Federation Congress) သို့ တက်ရောက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦး (အဖွဲ့ခေါင်းဆောင်)၊ အုပ်ချုပ်သူ၊ နည်းပြ ဒေါ်အောင်ငှိမ်း (ဒုတိယညွှန်ကြားရေးမှူး)၊ အားကစားသမားဖြစ်ကြသော ဇင်သူရိန်မှူး၊ စုစုလှိုင်နှင့် ပြည့်စုံနှင်းတို့သည် နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။




**အား/ကာ**

# ဧရာဝတီ လင်းပိုင်နှင့် ရေလုပ်သားတို့၏ အကျိုးတူ ပူးပေါင်းငါးဖမ်းနည်း လျှို့ဝှက်ချက်

ညီတူး

ဧရာဝတီမြစ်၏ အောက်တိုဘာလကုန် မနက်ခင်းက လေတဟူးဟူး၊ မိုးတအုံ့အုံ့ဖြင့် ရေပြင်မှာလှိုင်းကြက်ခွပ်တွေ ထလျက်။ နေခြည်ကတိမ်ညိုစိုင်တွေကိုထိုးဖောက် ကာ ဟိုတစ်ကွက်၊ ဒီတစ်ကွက်။ ခပ်လှမ်းလှမ်းကမြစ်ကမ်း နဖူးပေါ် ယာကွက်အချို့တွင် နွားတစ်ရှဉ်းကိုယ်စီဖြင့် ထွန်ယက်နေချေ၏။ စက်တပ်လှေငယ်အချို့ မြစ်ရိုး တစ်လျှောက် အထက်၊ အောက် သွားလာနေကြ၏။

လှေတစ်စင်းနှင့်တစ်စင်း တစ်မျှော် တစ်ခေါ်အကွာ အဝေးတွေဆီမှာတော့ ရေလုပ်သားအချို့ ကွန်များ၊ ပိုက်များဖြင့် ငါးရှာနေကြသည်။ အထက်သို့ ဆန်တက်လာသည့် ကျွန်တော်တို့လှေမှာလည်းစီးရိပ်ဘားအလွန် တစ်နေရာတွင် စက်သတ်သည်။ ရေလုပ်သား ဦးမောင်လေးလည်း ဧရာဝတီလင်းပိုင်နှင့် အကျိုးတူပူးပေါင်း ငါးဖမ်းဖို့ စတင်ပြင်ဆင်လေ၏။

လှေ၏ ခပ်လှမ်းလှမ်းတွင် ရှိနေသော ဧရာဝတီလင်းပိုင် များကို ဦးမောင်လေးသည် လှေနံကိုတုတ်ဖြင့် "တတောက်၊ တောက်၊ တောက်" ခေါက်၍ အချက်ပေး သည်။ ထိုသို့ခေါက်နေရင်းက တက်မကိုင်ထားသော ဦးမောင်လေး၏သားက တက်မဖြင့် ရေပြင်ကို နှစ်ချက် ပေါက် (ရိုက်)လိုက်သည်။ပါးစပ်ကလည်း တရွှီးရွှီးပြု၍ ခေါ်သည်။

## ပြင်ဆင်ပုံမှာ အဆင့် ကိုးဆင့်

ဤနည်းဖြင့်ထပ်ဖန် တလည်လည် အချက်ပေးသံ တို့ကြောင့် ဧရာဝတီလင်းပိုင်သည် လှေ၏ အနီးဆုံးသို့ ရောက်လာ၏။ ထို့နောက်လင်းပိုင်မှာ အမြီးဖြင့် ရေပြင် ပေါ်ဝှေ့ဝဲ၍ ရိုက်ပြီးအချက်ပြသည်၊ ဦးမောင်လေးက "သူဒီမှာ အလုပ်လုပ်တော့မယ်၊ ငါ့ကိုငါးဖမ်းဖို့ အသင့် ပြင်ထားလို့ပြောတာ၊ ဒါက အချိတ်အဆက်ပဲ"ဟု ကျွန်တော့်ဘက်လှည့်၍ ဆိုသည်။

ရေလုပ်သားဦးမောင်လေးသည် ဧရာဝတီလင်းပိုင် ထပ်မံအချက်ပြလျှင် အသင့်ဖြစ်ဖို့ ကွန်ကို ပြင်ဆင်တော့ ၏။ ကွန်ပစ်ရန် ပြင်ဆင်ပုံမှာအဆင့်ကိုးဆင့် ရှိသည် ဟု သူကရှင်းပြ၏။

ဝါရင့်ရေလုပ်သားတစ်ဦးဖြစ်နေသည့် ဦးမောင်လေး မှာ သွက်လက်စွာပင် ကွန်ကြိုးကို စတင်ကောက်၏။ နောက်ကွန်ကိုလက်သန်းဖြင့် ညှပ်၊ ပြီးရင် လက်သကြွယ် ဖြင့် ညှပ်၏။ တစ်ဖန်လက်ညှိုးဖြင့် ညှပ်လိုက်သည်။ တစ်ဆင့်တက်၍ ကွန်ကိုလက်မနှင့် လက်ညှိုး ညှပ်ပြန် ၏။ ထို့နောက် ကွန်ကိုတံတောင်ပေါ်သို့ တင်လိုက် ပြီးလျှင် ကွန်ခဲလက်ကောက်များကိုကောက်၏။

နောက်ဆုံးအဆင့် အသင့်ပင် လင်းပိုင်အချက်ပြပါက ကွန်ပစ်နိုင်ရန် ဟန်ချက်ယူထားလိုက်သည်။ ထိုအဆင့် တွေသည် စက္ကန့်ပိုင်း၊ တစ်မိနစ်ကျော်မျှသာ ကြာမြင့် သည်။ ခဏအကြာတွင် လင်းပိုင်သည်အမြီးဖြင့် ရေကို ဝှေ့ရမ်းဖယ်ထုတ်ကာရေပြင်ကိုရိုက်လိုက်တော့သည်။ ဦးမောင်လေးလည်း ဧရာဝတီလင်းပိုင် အချက်ပြသော နေရာသို့ ကွန်ကို စက်ဝိုင်းသဏ္ဌာန် ဝိုင်းအောင်ပစ် သည်။ ပြီးလျှင် ကွန်ကြိုးမှ ကိုင်၍ ကွန်ကိုတဖြည်းဖြည်း ဖော်တော့သည်။

## ထူးခြားသည့်ငါးဖမ်းနည်း

ဧရာဝတီလင်းပိုင်နှင့် ဧရာဝတီ ရေလုပ်သားတို့၏ အကျိုးတူပူးပေါင်းငါးဖမ်းဆီးမှုဓလေ့မှာ ကမ္ဘာတွင် မြန်မာတစ်နိုင်ငံတည်းသာရှိသော ထူးခြားသည့် ငါးဖမ်း နည်းဖြစ်သည်။ ဤဓလေ့ကို ကမ္ဘာလှည့် ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ အထူးစိတ်ဝင်စားကြပြီး လာ ရောက်လေ့လာသူနှစ်စဉ်တိုးလာလျက်ရှိသည်။ ဓလေ့မှာ နှစ်ပေါင်း ၁၀၀ ကျော်ကတည်းကရှိခဲ့သည်ဟူ၍ ဒေသခံ တို့က ယူဆထားသည်။

အသက် (၅၃) နှစ်အရွယ် ဆင်ကျွန်းရွာသား ဦးမောင် လေးမှာ ဧရာဝတီရေလုပ်သားအဖြစ် (၃၄)နှစ် လုပ်ကိုင်ခဲ့ပြီး ကွန်ပစ်၍ ငါးဖမ်းရသောအဆိုပါ အကျိုး တူ ပူးပေါင်းငါးဖမ်းဆီးခြင်းဓလေ့တွင် ၎င်းတွင် အတွေ့ အကြုံများစွာရှိပါသည်။

"ဒီဓလေ့ဟာသူ့ရဲ့ပုံပြင်က မိတ်ဆွေရဲ့ ပမာဏလို့ ခေါ် ဆိုထားတာပေါ့၊ ဒါပေမယ့် ကျွန်တော်တို့ ရေလုပ်သား တွေရဲ့ ရင်ထဲမှာတော့ ကိုယ့်မိဘဟာသားငယ်သမီးငယ် တွေကို လုပ်ကျွေးပြုစုနေတဲ့ သဘောတရားနဲ့ လင်းပိုင် တွေကို တန်ဖိုးထားပါတယ်"

## အခြားစိတ်ဝင်စားစရာကောင်းသည့် လျှို့ဝှက်ချက်

ဧရာဝတီလင်းပိုင်နှင့် အကျိုးတူပူးပေါင်းငါးဖမ်းခြင်း ကိုဦးမောင်လေးကဲ့သို့ ဆက်လက်လုပ်ကိုင်သူတွေ ရှိပါ သည်။ သူတို့က မန္တလေးတိုင်းဒေသကြီးတွင် ဆင်ကျွန်း၊ အေးကျွန်း၊ စိန်ပန်းကုန်း၊ မြေစွန်း၊ မြစ်ကမ်းကြီးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီးထဲမှ အင်ဒေါင်းရွာတို့က ရွာသားအချို့ဖြစ်ပြီး စုစုပေါင်း ၁၇၀ ခန့်ရှိသည်။ ထို အထဲက အချို့ကို ဦးမောင်လေးကသင်တန်းပေးထားခြင်း ပါ။ ဦးမောင်လေးက သူတို့ကို ဤဓလေ့ကိုရေရှည်တည်တံ့ အောင် ထိန်းသိမ်းသူတွေဖြစ်လာလိမ့်မည်ဟု ယုံကြည် ထားသည်။

ဤသင်တန်းတွေကို ငါးလုပ်ငန်းဦးစီးဌာန၏ လမ်း ညွှန်မှုဖြင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်) က ထောက်ပံ့ပေးနေခြင်းဖြစ်ပြီး ဓလေ့ပိုမို ကျယ်ပြန့်အောင်သင်တန်းများထပ်မံပေးဖို့လည်းအစီအ စဉ်ရှိသည်ဟုသားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံ အစီအစဉ်)၏ လင်းပိုင်ထိန်းသိမ်းရေးတာဝန်ခံ ဦးကျော် လှသိန်းက ပြောသည်။

ဤအကျိုးတူပူးပေါင်းငါးဖမ်းနည်းတွင် အခြားစိတ်ဝင် စားစရာကောင်းသည့် လျှို့ဝှက်ချက်တွေလည်း ရှိပါသည်။ ရေလုပ်သားကလင်းပိုင်ခေါ်ဆိုပုံ၊ အချိတ်အဆက်ပေးပုံ၊ လင်းပိုင်က ငါးကိုထိန်းကျောင်းခေါ်ဆောင်လာပုံ စသည့် ဧရာဝတီလင်းပိုင်နှင့် ဧရာဝတီရေလုပ်သားအကြား၊ ဧရာဝတီလင်းပိုင်နှင့် ဧရာဝတီမြစ်ထဲက ငါးတွေအကြား လျှို့ဝှက်ချက်တွေ ရှိပါသေးသည်။ ဧရာဝတီလင်းပိုင်က ငါးစုဆောင်းပေးပုံကို ဧရာဝတီရေလုပ်သားတွေကယခုလို ရှင်းပြသည်။

## လင်းပိုင်နဲ့ အကျိုးတူငါးဖမ်း

ရေလုပ်သားက အကျိုးတူပူးပေါင်းငါးဖမ်းဖို့ အချက် ပြချိန်တွင် လင်းပိုင်တစ်ကောင်က ရေလုပ်သားအနီးသို့ လာသည်။ အနီးအနားကငါးတွေကိုစုပေးသည်။ ကျန် လင်းပိုင်တွေကလည်း ငါးတွေကိုပတ်လည် ဝိုက်ကာ ရေ လုပ်သားအနီးသို့ စုပေးသည်။ မြစ်လယ်မှာရှိသည့် ငါးတွေကိုလည်း ရေလုပ်သားအနီးသို့ မောင်းပေးတတ်၊ စုပေးတတ်သည်ဟုဆိုကြသည်။ ထိုနည်းတူစွာ ပုစွန် တုပ်တွေကိုပင် ခေါင်းနှင့် တိုက်၊ တိုက်ပြီးလာချတတ်သည် ဟု ကိုယ်တွေ့ကြုံသူအချို့ကပြောသည်။

"လင်းပိုင်နဲ့ အကျိုးတူငါးဖမ်းမှုက အတိုင်းအဆမရှိဘူး။ ကွန်တစ်ချက် ပစ်လိုက်ရတဲ့ သူနဲ့ ငါးရရှိမှုကအချိန် တစ်ဆယ်လို့လည်းပြောမရဘူး၊ လေးငါးဆယ်လည်း ပြောမရဘူး။ ခုချိန်မှာက အရင်လိုတော့ မရတော့ဘူး" ဟု စိန်ပန်းကုန်းရွာသား ဦးကျော်စိုးက ပြောသည်။ ယခု





အချိန်တွင် ကွန်တစ်ချက်ကို နှစ်ပိဿာ - လေးပိဿာ သာရရှိတော့သည်ဟု ရေလုပ်သက် (၃၅)နှစ်ခန့် ရှိသော သူက ဆက်ပြောသည်။

အကျိုးတူပူးပေါင်း ငါးဖမ်းနည်းက ယခုအချိန်တွင် အတန်အသင့် ငါးများရရှိသော်လည်း လွန်ခဲ့သည့်ဆယ်စု နှစ် သုံးစုဝန်းကျင်က ငါးရရှိမှုထက် များစွာလျော့နည်း သွားသည်ဟုရေလုပ်သားတွေကဆိုသည်။ရေလုပ်သား တွေအတွက် တစ်ချိန်က ရွှေခေတ်ရှိခဲ့ဖူးသည်။

## သူတို့ချစ်သော၊ အားထားရသောလင်းပိုင်

ထိုအချိန်က ဦးမောင်လေးတို့ ဆင်ကျွန်းရွာတစ်ရွာ တည်းမှာပင် အဆိုပါဓလေ့ဖြင့် အသက်မွေးသူလှေ ခုနစ်စင်း၊ ရေလုပ်သား ၁၄ ဦးရှိသည်။ အနီးပတ်ဝန်းကျင် က ရွာတွေကြည့်ရင် ပိုက်လှန်လှန်၊ ကွန်လှန်လှန် အများ ကြီး။ ဧရာဝတီမြစ်ထဲ ငါးတွေပေါသလိုရေလုပ်သားတွေ၏ လှေတွေကလည်း များလှသည်။ ရေလုပ်သားတွေ၏ မိသားစုစားဝတ်နေရေးလည်း အဆင်ပြေသည်။

၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ရေလုပ်သားတွေ တဖြည်းဖြည်းဖြင့် လျော့နည်းလာသည်။ တချို့ကအသက် ကြီး၍ နားကြသည်။ တချို့ တောင်ယာအလုပ်ကို ပြောင်း ကြသည်။ တချို့က လင်းပိုင်တွေ သေဆုံးမှုများတွင် သူတို့ ချစ်သော၊ အားထားရသောလင်းပိုင်တွေ ပါသွားရာက အနားယူသွားကြသည်။

ဧရာဝတီမြစ်ထဲတွင် ငါးသယံဇာတလည်းအတော်ပင် လျော့နည်းလာသည်ဟုရေလုပ်သားတွေကပြောသည်။ ထိုသို့လျော့နည်းမှုမှာငါးဆေးချမှုနှင့် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုများကြောင့် ဖြစ်သည်ဟုဆိုသည်။ထိုရှော့ တိုက်ငါးဖမ်းဆီးမှုမှာ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ပိုမိုများပြားလာပြီး ဧရာဝတီလင်းပိုင်များလည်း သေဆုံးကြရသည်။

## ရှော့ထိုး ရှော့တိုက်

ရှော့ထိုးရှော့တိုက်မှုများသည် ငါးသယံဇာတများကို ပျက်စီးစေသလို လင်းပိုင်တွေအပေါ်လည်း အဓိကခြိမ်း ခြောက်နေသည်ဟုရေလုပ်သားတွေကပြောသည်။ ရှော့ တိုက်၍ ငါးရရှိမှု ပမာဏမှာငါး ငါးပိဿာရလျှင် ရှော့ ကြောင့် ရေထဲတွင် ငါးသေဆုံးမှုမှာ ၁၀ ပိဿာကျော် မက ကျန်ရှိနိုင်သည်ဟု ရေလုပ်သားတွေက နှိုင်းယှဉ်ပြ သည်။ဤသို့ အကျိုးဆက်များကြောင့်ဧရာဝတီလင်းပိုင် တွေအတွက် အစာရေစာရှားပါးလာမည်ကိုလည်း သူတို့ စိုးရိမ်နေကြသည်။

"ရှော့ထိုးရှော့တိုက်တွေကိုလျှော့ချနိုင်မယ်ဆိုရင် ငါး သယံဇာတလည်း ပိုမိုပေါလာမယ်၊ ဒီဘက် လင်းပိုင်နဲ့ အကျိုးတူပူးပေါင်းငါးဖမ်းတဲ့ဓလေ့လည်း ပိုမိုအားကောင်း လာမယ်၊ ဧည့်သည်တွေလည်း ပိုမိုကျရောက်လာ မယ်" ဟု ဦးမောင်လေးက သူမျှော်လင့်ထားမှုကိုပြော သည်။

ဧရာဝတီလင်းပိုင်များကို မင်းကွန်းနှင့် ကျောက်မြောင်း ကြားတွင် ၂၅ ကောင်၊ တတိယမြစ်ကျဉ်းနှင့် ဒုတိယမြစ် ကျဉ်းကြားတွင် ၃၇ ကောင်၊ ဒုတိယမြစ်ကျဉ်းအထက်နှင့် ဗန်းမော်ဝန်းကျင်တွင် ခုနစ်ကောင် စုစုပေါင်း ၆၉ ကောင် ကျက်စားကြကြောင်းယခုနှစ် ဇန်နဝါရီလ စစ်တမ်းများ တွင် ဖော်ပြထားသည်။

## ထိန်းသိမ်းရေးဧရိယာ တိုးချဲ့ထူထောင်

တတိယမြစ်ကျဉ်း(မလယ်ရွာ)နှင့် ဒုတိယမြစ်ကျဉ်း (ရွှေကူမြို့) အကြားရှိ ဧရာဝတီလင်းပိုင် ကျက်စားရာ ဧရိယာကို ထိန်းသိမ်းရေးဧရိယာအဖြစ် တိုးချဲ့ထူထောင်ဖို့ ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက် ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိ သည်။

"ဒီဧရိယာတိုးချဲ့ထူထောင်ပြီးရင် ဒီအကျိုးတူပူးပေါင်း ငါးဖမ်းဆီးမှုဓလေ့ကို တိုးချဲ့သွားနိုင်ဖို့ သင်တန်းပေးဖို့ အစီအစဉ်ရှိပါတယ်" ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်) လင်းပိုင်ထိန်းသိမ်းရေး တာဝန်ခံကိုကျော်လှသိန်းက ပြောသည်။

ဧရာဝတီမြစ်၏ သယံဇာတလို ဖြစ်နေသည့် ဒီရိုးရာ ငါးဖမ်းနည်းဓလေ့ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်း နိုင်ဖို့ ဒီပညာကို ဖြန့်ဝေသွားမည်ဟု ဦးမောင်လေးက သူ့ကွန်ကိုဆယ်ယူနေရင်းကပြောသည်။

ကွန်ကိုဆယ်ယူပြီးချိန်တွင် ဦးမောင်လေးက ဧရာဝတီ လင်းပိုင်နှင့် အကျိုးတူ ပူးပေါင်းငါးဖမ်းမှုဆိုတာ "ဒီလိုပဲကွန်တစ်ချက်ဆိုတစ်ချက်ပဲ" ဟု ကွန်ထဲက ငါးတွေကို မြှောက်ပြရင်း ဆိုလိုက်လေသတည်း။ ။

---

## ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျောင်း အခြေပြုဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၁၅ မှ ၂၃ ရက်ထိ ဆေးထိုးအဖွဲ့ ခြောက်ဖွဲ့ဖြင့် ကွင်းဆင်းထိုးနှံပေးခဲ့ကာ ပညာရေး ဌာန၏ ပူးပေါင်းကူညီမှုဖြင့် အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်း များရှိ ကျောင်းသား ကျောင်းသူ ၁၁၆၃၇ ဦးအနက် ၁၁၁၂၇ ဦးကို ကာကွယ် ဆေးများထိုးနှံပေးနိုင်ခဲ့ပြီး ကျောင်းအခြေပြုအနေဖြင့် ၉၆ ရာခိုင်နှုန်း ထိုးနှံ ပေးနိုင်ခဲ့ကြောင်း ဒဂုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မူခင်းပညာပေး ပြခန်းယာဉ်ဖြင့် အသိပညာပေး

**မင်္ဂလာတောင်ညွန့် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရှေ့တွင် နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်ဝင်းနိုင်နှင့်အဖွဲ့က အထက(၁) မင်္ဂလာတောင်ညွန့်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဦးတို့က ပူးပေါင်း၍ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် မူခင်းကျဆင်းရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## မွေးနေ့မှာ အမှတ်တရ ဂီတဖျော်ဖြေပွဲပြုလုပ်သွားမည့် တေးသံရှင် ဒေါ်မာမာအေး



နိုင်ငံကျော် မြန်မာသံစဉ်တေးသံရှင် ဒေါ်မာမာအေး၏ အသက် (၇၅) နှစ်ပြည့် မွေးနေ့အမှတ်တရဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၃ ရက် ညပိုင်းတွင် ရန်ကုန်အမျိုးသား ကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

ဖျော်ဖြေပွဲနှင့်ပတ်သက်ပြီး ဒေါ်မာမာအေးက "ကျွန်မ အရင်ကတည်းက အသက် (၇၅) နှစ်ပြည့်ရင် ကိုယ့် တိုင်းပြည်ပြန်လာပြီး မွေးနေ့လုပ်မယ်လို့ စဉ်းစားထားပြီးသားပါ၊ အဲဒါအခု ကျွန်မ (၇၅) နှစ်လည်း ပြည့်ရော ကိုယ့်ပြည်သူပြည်သားတွေဆီ လာပြီး ပွဲလေးတစ်ပွဲ လုပ်ပြီးတော့ လက်ဆောင်ပေးတာပေါ့၊ (၇၅) နှစ်ပြည့် အမှတ်တရပါပဲ၊ မှတ်တမ်းတစ်ခုလိုတော့ ဖြစ်နိုင်တာပေါ့၊ အခြားအဆိုတော်တွေအနေနဲ့ကတော့ နာမည်ကြီးတဲ့ လူကြီးတေးသံရှင်ကြီးတွေလည်း ပါမယ်၊ ပတ်ဝန်းကျင်က သူတွေလည်းပါမယ်၊ ကျွန်မတို့ခေတ် တုန်းက စတီရီယိုခေတ်ဟောင်းကြီးတွေလည်း ပါမယ်၊ ဂီတသမား လူငယ်လေးတွေလည်း ပါမယ်၊ ဒီလူငယ် တွေထဲမှာဆိုတဲ့ သူတွေရော၊ တီးခတ်တဲ့သူတွေရော ပေါင်းပြီးတော့ ပရိသတ်တွေကို ဖျော်ဖြေပေးမယ်၊ အဲဒီသဘောပါပဲ၊ သီချင်းတွေကတော့ မျှပြီးရွေးထား ပါတယ်၊ ပရိသတ်တွေ ကြိုက်နှစ်သက်မယ့် သီချင်းတွေနဲ့ ကလေးတွေလည်း ဆိုနိုင်မယ့် သီချင်းတွေ ရွေးထား ပါတယ်၊ အစုံတော့ဖြစ်မှာပါ"ဟု ပြောသည်။

"စိန်ရတုအဥ္ဍလီ"ဟု အမည်ပေးထားသည့် ယင်း ဖျော်ဖြေပွဲတွင် နိုင်ငံကျော် တေးသံရှင်များမှ တစ်ခေတ် တစ်ခါက အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည့် တေးသီချင်းပေါင်းများစွာကို ပါဝင်သီဆိုဖျော်ဖြေသွား မည့်အပြင် ပြည်ပရောက်ရှိနေကြသည့် မြန်မာသံစဉ် တေးသံရှင်များကလည်း လာရောက်သီဆိုပေးကြမည်ဟု သိရသည်။

**မေနှင်းဆီ - စုစည်းသည်**




## မြကျွန်းညိုညို အနုပညာဖျော်ဖြေပွဲ ဒုတိယအကြိမ် ကျင်းပမည်

မေခဆောင်ဖောင်ဒေးရှင်းက ကြီးမှူးကျင်းပမည့် မြကျွန်း ညိုညို အနုပညာဖျော်ဖြေပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာ ၌ ဒီဇင်ဘာ ၂ ရက်တွင် ပြုလုပ်သွားမှာ ဖြစ်ကြောင်း နိုဝင်ဘာ၂၂ ရက်က အိုလံပစ်ဟိုတယ်၌ ပြုလုပ်ခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အဆိုပါဖျော်ဖြေပွဲကို ရန်ကုန်စီးပွားရေးတက္ကသိုလ် မေခဆောင်တွင် ပညာသင်ကြားခဲ့ကြသော စီးပွားရေး ပညာရှင် ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား ဟောင်းကြီးများမှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး မြန်မာ နိုင်ငံ ရုပ်ရှင်အစည်းအရုံးကလည်း ပံ့ပိုးကူညီသွားမည်ဟု သိရသည်။

"ဒီပွဲမှာ လာရောက်ကြည့်ရှုတဲ့ ပရိသတ်တွေအနေနဲ့ ဖျော်ဖြေမှုဆိုတဲ့ ခံစားမှုကိုရရှိမှာပါ၊ ပရိသတ်တွေ ပေးလိုက်တဲ့ အခကြေးငွေဟာလည်း ကျွန်တော်တို့နိုင်ငံ ပြန်လည်ထူထောင်တဲ့နေရာမှာ အုတ်တစ်ချပ် သဲတစ်ပွင့် အနေနဲ့ တန်ဖိုးရှိမှာ ဖြစ်ပါတယ်၊ ပါဝင်ဖျော်ဖြေကြတဲ့ အနုပညာရှင်တွေကလည်း အနုပညာကြေး လုံးဝမယူဘဲ ကူညီပေးကြမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။

ဖျော်ဖြေပွဲတွင် ပါဝင် ကူညီဖျော်ဖြေပေးကြမည့် အနုပညာရှင်များမှာ လူမင်း၊ ထွန်းထွန်းဝင်း၊ အောင်ခိုင်၊ အောင်ရဲလင်း၊ ဟိန်းဝေယံ၊ မိုးယံဇွန်၊ အိစိကွေး၊ ထွန်းကိုကို၊ ဖွဲ့ပြည့်၊ အောင်မင်းခန့်၊ ချိုပြုံး၊ ခင်သီတာထွန်း၊ ခင်ဇာခြည်ကျော်၊ စိုးပြည့်သဇင်၊ ဝါဝါအောင်၊ ချစ်စနိုးဦး၊ လင်းဇာနည်ဇော်၊ ဆုပန်ထွာ၊ သင်ဇာဝင့်ကျော်၊ မေခလာ၊ ခွန်းဆင့်နေခြည်၊ မေမြတ်နိုး၊ ပွင့်၊ နန်းဆုရတီစိုး၊ မေကဗျာ နဲ့ ဟန်သီတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါဖျော်ဖြေပွဲမှ ရရှိလာသည့်အကျိုးအမြတ်များ ကို နိုင်ငံတော်အတွက် စီးပွားရေးဖိုရမ်များ ကျင်းပပေးခြင်း၊ စီးပွားရေးပညာရပ်များ ဖြန့်ဝေရာတွင် အသုံးပြုခြင်း၊ စီးပွားရေးနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ ထုတ်ဝေ ခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများနှင့် အခြားသော ဘေးဒဏ်သင့်ဒေသများသို့ လှူဒါန်းခြင်းများ ပြုလုပ်သွား မည်ဟု သိရသည်။

## ဒီဇင်ဘာ နောက်ဆုံးပတ်မှာ OneLady Show ပြုလုပ်မယ့် ဝိုင်းစုခိုင်သိန်း



တေးသံရှင် ဝိုင်းစုခိုင်သိန်းရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ရန်ကုန် နဲ့ မန္တလေး နှစ်မြို့လုံးမှာ ကျင်းပသွား မှာဖြစ်ပြီး လက်ရှိအချိန်မှာတော့ ဖျော်ဖြေပွဲအတွက် လိုအပ်တဲ့ ပြင်ဆင်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

"One Lady ရှိုးအတွက် Dream Lover Band နဲ့ သီချင်းတွေ စတိုက်နေပြီ၊ ပထမတော့ ရန်ကုန်တစ်ပွဲပဲ လုပ်ဖို့ စဉ်းစားထားတာပါ၊ ဒါပေမယ့် ဝိုင်းစုရဲ့ပရိသတ်တွေက မန္တလေးမှာလည်း လုပ်စေချင်တဲ့အတွက်ကြောင့် ရန်ကုန်၊ မန္တလေး နှစ်နေရာလုံးမှာ လုပ်ဖြစ်ပါမယ်။

ရန်ကုန်မှာ လုပ်မယ့်ရက်က ဝိုင်းစု မွေးနေ့နဲ့ တိုက်ဆိုင်နေတဲ့အတွက် အဲဒီနေ့မှာ သီချင်းတွေဆိုရင်း ဝိုင်းစု ချစ်ရတဲ့သူတွေနဲ့အတူ မွေးနေ့ကို ဖြတ်သန်းမယ်၊ နှစ်ပွဲလုံးအတွက် ဝိုင်းစု သေချာလေးပြင်ဆင်ထားပါတယ်၊ သီချင်းတွေ ရွေးတာရော၊ ဖျော်ဖြေတင်ဆက်မှုပိုင်းအတွက်ပါ ဝိုင်းစု အကောင်းဆုံးကြိုးစားထားပါတယ်၊ နှစ်ပွဲလုံးမှာ ချစ်ပရိသတ်တွေ အားလုံးနဲ့ ဆုံချင်ပါတယ်၊ လာပြီး အားပေးကြပါလို့ ပြောချင်ပါတယ်"လို့ ဝိုင်းစုခိုင်သိန်းက သူ့ရဲ့ ကိုယ်ပိုင်လူမှုကွန်ရက် စာမျက်နှာကနေတစ်ဆင့် အသိပေးစကားဆိုထားပါတယ်။

ရန်ကုန်မှာကျင်းပမယ့် သူ့ရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၄ ရက်မှာ ပြုလုပ်သွားမှာ ဖြစ်သလို မန္တလေးမှာတော့ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။

## တိတ်တဆိတ် လက်ထပ်ထားကြောင်း ဖွင့်ဟလာတဲ့ ပါ့ခ်ဟန်ဗျော



"Oh! My Lady" ရဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ မင်းသမီး ပါ့ခ်ဟန်ဗျောက လတ်တလောမှာတော့ သူဟာ လက်ထပ် ထားပြီးဖြစ်ကြောင်းနဲ့ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ ယခင်က ပါ့ခ်ဟန်ဗျောဟာ လက်ထပ်လိုက်ပြီဖြစ်ကြောင်း တစ်ကြိမ်တစ်ခါမျှ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘဲ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၄ ရက်မှာမှ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် လက်ထပ်ပြီး ဖြစ်ကြောင်း ပရိသတ်တွေကို တရားဝင်အသိပေးပြောကြားလာတာလည်း ဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပါ့ခ်ဟန်ဗျောက အမ်ဘီစီရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် သူ့ရဲ့ရုပ်သံဇာတ်လမ်းတွဲ ရုပ်ရှင်သစ် "Borg Mom"ကို ရိုက်ကူးပြီးနောက်နေ့မှာ ယခုလို လက်ထပ်ခဲ့ပြီးဖြစ်ကြောင်းနဲ့ လက်ရှိမှာ ရင်သွေးလေးလွယ်ထား ရပြီဖြစ်ကြောင်းကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။ ပါ့ခ်ရဲ့ ကိုယ်ဝန်ဟာ လက်ရှိမှာ လေးလခန့် ရသွားပြီဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပါ့ခ်ဟန်ဗျောက သူ့ရဲ့ရုပ်ရှင်ရိုက်ကူးနေစဉ်ကာလတွေ အတွင်းမှာလည်း အခြားသော လုပ်ဖော်ကိုင်ဖက်တွေကို သူဟာ ကိုယ်ဝန်လွယ်ထားရကြောင်း ထုတ်ဖော်ပြောကြား ခဲ့ခြင်း မရှိကြောင်းနဲ့ ဒီလို မပြောရတာဟာလည်း အခြားသောသူတွေကို သူ့ကြောင့် အနှောင့်အယှက်မဖြစ်စေလို တာကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ရိုက်ကူးရေးလုပ်ငန်းတွေပြီးဆုံးမှသာ တရားဝင်အသိပေးပြောကြားခဲ့ တာဖြစ်ပြီး ဒီလို ထုတ်ဖော်ပြောကြားခဲ့တာကြောင့် ပရိသတ်တွေအနေနဲ့ အထူးအံ့အားသင့်ခဲ့ရပါတယ်။ ဒါပေမယ့် ပါ့ခ်ဟန်ဗျောဟာ ယခင်ကလည်း ချစ်သူရနေပြီဖြစ်ကြောင်း ကောလာဟလတွေ ပေါ်ထွက်လာချိန်မှာ ငြင်းဆိုခဲ့တာဖြစ်ပြီး ချစ်သူရှိနေကြောင်း အတည်ပြုပြောကြားခဲ့ခြင်းမရှိတာလည်း တွေ့ရပါတယ်။

ပါ့ခ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက လတ်တလော ပေါ်ထွက်လာတဲ့ သတင်းနဲ့ပတ်သက်ပြီး ပါ့ခ်ဟန်ဗျောဟာ လက်ထပ်ပြီးဖြစ်ကြောင်း၊ သူ့ရဲ့ခင်ပွန်းနဲ့ ချစ်သူတွေအဖြစ် လွန်ခဲ့တဲ့တစ်နှစ်ခန့်က စတင်လက်တွဲခဲ့တာဖြစ်ကြောင်း၊ ချစ်သူတွေအဖြစ်လက်မတွဲမီ သူငယ်ချင်းတွေအဖြစ် သုံးနှစ်ကျော်ကြာ ခင်မင်ခဲ့ကြသူတွေဖြစ်ကြကြောင်းနဲ့ ခင်ပွန်း ဖြစ်သူဟာ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်ကြောင်း အတည်ပြုခဲ့တယ်လို့လည်း သိရပါတယ်။

**အေးပြည့်**

## ပရိသတ်တွေကို ရိုင်းတယ်လို့ ဆိုလိုက်တဲ့ မိုင်လီဆိုင်းရပ်စ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်က လတ်တလောမှာ သူဖော်ပြခဲ့တဲ့ ဓာတ်ပုံအပေါ် ဝေဖန်မှုတွေပြုခဲ့ကြတဲ့ အချို့သော ပရိသတ်တွေကို ရိုင်းပျကြသူတွေဖြစ်တယ်လို့ ပြန်လည် စွပ်စွဲပြောဆိုခဲ့တာ ဖြစ်ပါတယ်။

မိုင်လီဆိုင်းရပ်စ်က လတ်တလောမှာ ကျရောက်ခဲ့တဲ့ သူ့ရဲ့ အသက် ၂၅ နှစ်ပြည့် မွေးနေ့အကြို အမှတ်တရရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံတစ်ပုံကို လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီလိုဖော်ပြခဲ့တဲ့ ဓာတ်ပုံမှာ မိုင်လီဆိုင်းရပ်စ် ရဲ့ ဝမ်းဗိုက်ဟာ အနည်းငယ်ပူနေတဲ့ ပုံပေါက်တာကြောင့် အချို့သော ပရိသတ်တွေက မိုင်လီရဲ့ ဓာတ်ပုံကိုကူးယူကာ ကိုယ်ဝန်လွယ်ထားရပြီဖြစ်ကြောင်း ဝေဖန်ပြောကြားမှုတွေကို အွန်လိုင်း မီဒီယာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုဝေဖန်ခဲ့ကြတဲ့ ပရိသတ်တွေကို မိုင်လီဆိုင်းရပ်စ်က သူတို့ရဲ့အပြုအမူတွေဟာ ရိုင်းပျကြောင်း ပြန်လည်ရေးသား ဖော်ပြခဲ့တာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒါ့အပြင် "Malibu" တေးသီချင်းရဲ့ တေးသံရှင် မိုင်လီဆိုင်းရပ်စ်က သူ့အနေနဲ့ ကိုယ်ဝန်လွယ်ထားရပြီဆိုတာ မဟုတ်ကြောင်းလည်း ပြန်လည်ငြင်းချက်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၃ ရက်မှာ မိုင်လီဆိုင်းရပ်စ်က သူ့ရဲ့ဓာတ်ပုံကို ဖော်ပြခဲ့တာဖြစ်ပြီး ဝေဖန်မှုတွေကြုံခဲ့ရပြီးနောက် ချက်ချင်းဆိုသလို မိုင်လီဆိုင်းရပ်စ်က နိုဝင်ဘာ ၂၃ ရက်မှာပဲ ပြန်လည်ရှင်းချက်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ ပြန်လည်ရေးသားဖော်ပြခဲ့ရာမှာတော့ မိုင်လီ ဆိုင်းရပ်စ်က ကိုယ်ဝန်လွယ်ထားရပြီဖြစ်ကြောင်း မဟုတ်မမှန်ပြောကြားခြင်းဟာ ရိုင်းစိုင်းတဲ့ အပြုအမူဖြစ်ကြောင်း၊ သူ့မှာ ကိုယ်ဝန်မရှိကြောင်းနဲ့ အစားတွေ များစွာစားထားတာကြောင့် ဝမ်းဗိုက်ပူနေရခြင်းဖြစ်ကြောင်း ပြန်လည်ရေးသားဖော်ပြကာ ကောလာဟလတွေကို အဆုံး သတ်စေခဲ့တာ ဖြစ်ပါတယ်။

**အေးပြည့်**

# အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်) သင်တန်းဆင်းပွဲကျင်းပ



**ပဲခူး နိုဝင်ဘာ ၂၄**
ပဲခူးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်ကသင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းနည်းပြများအားဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ကာ သင်တန်းသူများအားသင်တန်းဆင်းလက်မှတ်ပေးအပ်သည်။

သူနာပြုသားဖွားသင်တန်းသူများနှင့်အခြေခံပညာကျောင်းများမှသင်တန်းသူများက အခြေခံ(၅၀)ကွက်ကိုလည်းကောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်း ကျောင်းနှင့် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတို့မှ သင်တန်းသူများက အခြေခံ (၅၃) ကွက်ကိုလည်းကောင်း သရုပ်ပြသကြသည်။

အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်) သင်တန်းအား အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး အကြီးတန်းအခြေခံ(၅၀)ကွက်နှင့် အငယ်တန်းအခြေခံ(၅၃)တို့သင်ကြားကာ သူနာပြုသားဖွားသင်တန်းကျောင်းနှင့် ပဲခူးမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှသင်တန်းသူ ၁၅၀ တက်ရောက်ကြကြောင်းသိရသည်။

အဆိုပါသင်တန်းအားဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အားကစားအသိစိတ်ဓာတ် ပိုမို သက်ဝင်ယုံကြည်လာခြင်းမှသည် တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိဝါသနာပါရာ အားကစားနည်းများကိုလေ့ကျင့်လိုက်စားခြင်းမှသည် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် သင်တန်းမှတစ်ဆင့်ဗီဇပါရမီရင့်သန်၍ အလားအလာရှိသော ရွက်ပုန်းသီး မျိုးဆက်သစ်အားကစားသမားများရှာဖွေဖော်ထုတ် လေ့ကျင့်ကာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ်သို့ ပြုစုပျိုးထောင်လေ့ကျင့်ပေးသွားရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

**တင်စိုး(ပဲခူး)**

# ကျိုင်းတုံ၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ကျိုင်းတုံ နိုဝင်ဘာ ၂၄**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆ၊ အတွေးအခေါ်များ ထက်မြက်လာစေရန်၊ ကလေးများ တီထွင်ဖန်တီးမှုများ ရင့်သန်လာစေရန်၊ ကလေးများစာပေနှင့် ရင်းနှီးပြီး ကလေးများ၏ ပျော်ရွှင်မှုကို စာပေဖတ်ခြင်းဖြင့် ဖန်တီးပေးရန်၊ အပြောအဆိုနှင့် နှုတ်မှုစွမ်းရည်များ မြင့်မားလာစေရန်ရည်ရွယ်၍ ဒီဇင်ဘာ ၂ ရက်မှ ၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲတို့နှင့်အတူ ဂိမ်းကစားပွဲများဖြစ်သော ခွက်နင်း၊ ဖိနပ်စီး၊ ပူပေါင်းညှပ်၊ အရုပ်ဆက်၊ စကားပုံဆက်၊ အရုပ်ခေါက်၊ အိမ်ဆောက်ကစားနည်းများအပြင်စာအုပ်ဆိုင်များမှ သုတ၊ ရသစာအုပ်စာစောင်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော်အတွက် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆုများချီးမြှင့်ရေး၊ ကလေးများအတွက်လက်ဆောင်ပစ္စည်းပေးအပ်နိုင်ရေးတို့ကိုလည်း ကူညီဆောင်ရွက်လျက်ရှိသည်။ ကလေးစာပေပွဲတော်ကို ကလေးများအားလုံး လွတ်လပ်စွာပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကင်ဆာရောဂါ ထိန်းချုပ်ရေး ဆရာဝန်များ၏အခန်းကဏ္ဍ ဆွေးနွေး

**မြိတ် နိုဝင်ဘာ ၂၄**
မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)နှင့် ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ကင်ဆာရောဂါ ထိန်းချုပ်ရေးတွင် ဆရာဝန်များ၏အခန်းကဏ္ဍဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ မြေနီလမ်းရှိ ဒက္ခိဏဒီပါဆေးရုံ လေးလွှာ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြိတ်ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာစန်းစန်းသီက အဖွင့်မိတ်ဆက်စကား ပြောကြားကာ ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းမှ ပါမောက္ခဒေါ်ရင်ရင်ထွန်းက ဖောင်ဒေးရှင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး အထူးကုဆရာဝန်ကြီး များက ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ အသည်းကင်ဆာ၊ အူမကြီးကင်ဆာ၊ အမျိုးသားလိင်အင်္ဂါကင်ဆာ၊ ခံတွင်းကင်ဆာ၊ သွေးကင်ဆာစသည့် ကင်ဆာရောဂါဖြစ်ပွားပုံနှင့် တားဆီးကာကွယ်ကုသမှုအပိုင်းတွင် ဆရာဝန်များ၏ အရေးကြီးသည့် အခန်းကဏ္ဍကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဆရာဝန်များနှင့် လေ့လာသူများက သိရှိလိုသည့် ကင်ဆာဆိုင်ရာဖြစ်စဉ်များနှင့် ပတ်သက်၍ မေးမြန်းရာ အထူးကုဆရာဝန်ကြီးများနှင့် ကင်ဆာဖောင်ဒေးရှင်းမှ ဆရာဝန်ကြီးများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကင်ဆာရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေး ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**

# ကလေးမြို့ မြစ်သာမြစ်ကမ်းပါးအနီးရှိပြင်သာကျေးရွာတွင် မြေသား ၁၅ ပေခန့် နိမ့်ကျ

**ကလေး နိုဝင်ဘာ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၊ ကလေးမြို့နယ် မြစ်သာမြစ်ကြီး ဖြတ်သန်းစီးဆင်းနေသော ပြင်သာကျေးရွာ ကမ်းပါးအစပ်တွင် နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက ကမ်းပါးအစပ်မြေသားများ စတင်နိမ့်ကျခဲ့ရာမှ ၂၄ နာရီအတွင်း နိုဝင်ဘာ ၂၂ရက် နံနက်ပိုင်းတွင် ၁၅ ပေခန့်အထိ မြစ်ရေအတွင်းသို့ ကျွံကျခဲ့ရာ ပြင်သာဆိပ်အထိ ဖောက်လုပ်ထားသော ကွန်ကရစ်လမ်းဘေးအထိ အက်ကွဲကြောင်းများ ဖြစ်ပေါ်လာခဲ့ပြီး ကွန်ကရစ်ရေမြောင်း၏အချို့အစိတ်အပိုင်းများလည်း ၁၅ ပေခန့် နိမ့်ကျသွားကြောင်း သိရသည်။

ယခုအချိန်တွင် မြစ်ကမ်းနံဘေးရှိ လူနေအိမ် နှစ်လုံး ဖျက်သိမ်းခဲ့ရပြီး အနီးပတ်ဝန်းကျင် ရှိနေအိမ်များမှာလည်း အိမ်အောက်မြေကြီးတွင် အက်ကြောင်းများ ပေါ်လာခြင်းတို့ကြောင့် ဆက်လက်ကျွံကျသွားမည်ကို စိုးရိမ်ပူပန်လျက်ရှိကြကြောင်း၊ မြစ်သာမြစ်ဆိပ်အောက်ပိုင်းတွင် မုန်စုပ်ယူမှုများသောကြောင့် မြေကြီးများကျွံကျခြင်းဖြစ်နိုင်ကြောင်း ပြင်သာရွာသား ကိုသားငယ်က ပြောသည်။

ယင်းကဲ့သို့ ထူးဆန်းစွာဖြစ်ရသည်မှာ ရေနှင့်ထိစပ်နေသော မြစ်ကမ်းပါးများ နိမ့်ကျခြင်းမရှိဘဲ အဆိုပါ



မြေကျွံကျမှုမှာ ပေ ၁၀၀ ပတ်လည်ခန့်ရှိပြီး ၂၀၁၅ခုနှစ် ရေဘေးကာလက မြေအမြင့်ဆုံး ရောက်ခဲ့သည့် အမှတ်များကို နေ့စွဲများဖြင့် မှတ်သားထားပေးသော အမှတ်အသားပါ အုန်းပင်ကြီးမှာလည်း မြေကျွံကျပါသွားကြောင်း သိရသည်။

**ချင်းတွင်းသား**



# ကော့သောင်းမြို့တွင်းလမ်းများ မြို့အင်္ဂါရပ်နှင့်အညီ နိုင်လွန်ကတ္တရာခင်း

**ကော့သောင်း နိုဝင်ဘာ ၂၄**
မြန်မာပြည် တောင်ဘက်စွန်း ထိုင်း-မြန်မာ နယ်စပ် မြို့ဖြစ်သည့် ကော့သောင်းမြို့သည် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးလာနေမှုနှင့်အတူ နိုင်ငံခြား ခရီးသွားဧည့်သည်များ ဝင်ထွက်လည်ပတ်လျက်ရှိရာ ကော့သောင်း မြို့တွင်းလမ်းများ မြို့တော် အင်္ဂါရပ်နှင့်အညီ နိုင်လွန်ကတ္တရာခင်း လုပ်ငန်းများအား မြို့နယ်လမ်းဦးစီးဌာနမှ နိုဝင်ဘာ ဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့တွင်းလမ်းများသည် ၁၉၉၂ ခုနှစ် ကတည်းက မြန်မာနိုင်ငံအတွင်းရှိ နယ်မြို့များတွင် ပထမအဦးဆုံး နိုင်လွန်ကတ္တရာခင်းလမ်းများအဖြစ် အများပြည်သူအသုံးပြုခဲ့ကြသည့် မြို့တစ်မြို့ဖြစ်ပြီး ယခုအခါ အဆိုပါလမ်းမှာ သက်တမ်းလွန်ကာ ချွတ်ယွင်းမှုများ ဖြစ်ပေါ်နေပြီဖြစ်သဖြင့် ကော့သောင်းမြို့ ကမ်းနားလမ်း မြို့မ ဘောတံတားထိပ်မှ စတင်ကာ အရှည် ၁၁ ဒသမ ၄ ကီလိုမီတာအထိ လမ်းပျမ်းမျှ ၂၄ ပေ အကျယ် AC နိုင်လွန်ကတ္တရာနည်း ပညာဖြင့် ကော့သောင်းမြို့နယ် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆွေ (မြို့ပြ) ဦးဆောင်သည့် ပညာရှင်များ အပါအဝင် လုပ်သားအင်အား ၆၀၊ စက်ယန္တရားအင်အား AC နိုင်လွန်ကတ္တရာဖျော်စက် တစ်စုံ၊ လမ်းခင်းစက် တစ်စီး၊ လမ်းကျိတ်စက် နှစ်စီး၊ ကတ္တရာဖျန်းစက် တစ်စီးဖြင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၃၃၈၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် မတ်လအတွင်း လုပ်ငန်းအားလုံး ပြီးစီးနိုင်ရန် မျှော်လင့်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ကလေးသူငယ် အခွင့်အရေးဆိုင်ရာနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ကွတ်ခိုင် နိုဝင်ဘာ ၂၄**
ကွတ်ခိုင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save the Children တို့ပူးပေါင်း၍ ကျင်းပသော (၂၈)ကြိမ်မြောက် ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးဆိုင်ရာနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် လူမှုဝန်ထမ်းဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။

အထွေထွေ အုပ်ချုပ်ရေးမှူးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က အဖွင့်အမှာစကား ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ဆရာမကြီးဒေါ်နန်းမော်ခမ်းက (UNCRC Day) ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာနေ့ ဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ Save the Children စီမံကိန်းမန်နေဂျာ ဒေါက်တာစိုင်းအောင်မျိုးက (Save the Children)အဖွဲ့၏ လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းမျှဝေကာ ချစ်စရာ့ မူကြိုကလေးငယ်များက "ငြိမ်းချမ်းရေးပန်းခင်း" သီချင်းဖြင့် သရုပ်ပြတင်ဆက်ခဲ့သည်။

**ဆိုင်ဖြူ(ပြန်/ဆက်)**

Gakken

# Open your Gakken Classroom Centre

Franchise Opportunity Avaialable Now!

**No.1** *market share in the Japanese after-school learning industry where children learn primary maths*

Since 1947, Gakken has been pioneering new educational publications. With the hopes of helping children to have confidence and to experience the joy of learning, we have started Gakken Classroom in 1980 and successfully introduced across Japan and Asian countries with more than 420,000 members and 15,000 centres.




If you are passionate about education and eager to contribute to your community, please contact us

**Orientation**

26th (Sun) November
1st (Fri) December
13:00 PM sharp (2hours) #406, Hledan Centre
Note : Please arrive at the venue 25-30 minutes earlier. The number of participants will be strictly limited and if you would like to join the orientation, please contact us.
Call us now! 01-2307803 / 09-258936343

G.C
**Golden Crown**
ကိုယ်ပိုင်အထက်တန်းကျောင်း
09-250 031 747, 09-960 099 333, 09-798 473 066

Leader - S.S. Top သိန်းဝေ M.Sc (Phys:) Founder - Dr.ဥညီသူဝေ(M.B.B.S)Ph.D (Sydney)

စိန်ငါးလုံး ဆီးကျောက်ကပ်အားဆေး

**Pun Hlaing Clinic**
(Downtown Yangon)




ရင်သားဓါတ်မှန်စမ်းသပ်စစ်ဆေးခြင်း

မူလဈေးနှုန်း ~~၂၅,၀၀၀ ကျပ်~~
ယခု ၉,၉၀၀ ကျပ်
ဒီဇင်ဘာလကုန်အထိသာ

ဆက်သွယ်ရန် 01 - 824 5483, 09 513 7812



# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးစည်သူ(ငြိမ်း) ညွှန်ကြားရေးမှူးနယ်စပ်စည်ပင်(ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်းတို့၏
တစ်ဦးတည်းသောသား
ဦးအိုးဝေမင်း (သံမှူး၊ မြန်မာသံရုံး/Paris)- ဒေါ်ဖြိုးဒါလီစည်သူတို့၏မောင်

**ဒေါက်တာဟိန်းဇေယျာစည်သူ**
**BDS (YGN), IDCS(UK) IADCS (UK)**
**(CEO,Z&T Pro-Solution, Water Empire & Dr.S-THETIC Center)**

နှင့်

ရန်ကုန်မြို့နေ ဦးစောလွင် (CEO, Myanmar Interior First Co.,Ltd)-
ဒေါ်ရင်ရင်ကြည် (မြန်မာ့စီပွားရေးငွေစုဘဏ်(၂)/ငြိမ်း)တို့၏တစ်ဦးတည်းသောသမီး

**မစောသီရိနွယ်**
**B.Sc (Physics)**
**Managing Director (SHINE Modern Funiture & Shine On You Beauty Center)**

တို့၏ ၂၁-၁၀-၂၀၁၇ ရက် (စနေနေ့)တွင် NOVOTEL YANGON MAX HOTEL (Yangon Ballroom) ၌ ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဖေဖေဦးစောလွင်နှင့် မေမေ ဒေါ်ရင်ရင်ကြည်တို့အား လည်းကောင်း၊ မင်္ဂလာပန်းကုံး ဆင်မြန်းပေးပါသော ဖေဖေဦးစည်သူနှင့် မေမေ ဒေါ်မြင့်မြင့်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဒုတိယ ဗိုလ်ချုပ်ကြီးသူရ မြင့်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဌေးနှင့် ဇနီး ဒေါ်မြင့်မြင့်ခိုင်၊ ဗိုလ်ချုပ်မြင့်အောင်(ငြိမ်း)နှင့် ဇနီး ဒေါ်သဇင်ခိုင်၊ ဗိုလ်ချုပ်သန်းဌေး (ငြိမ်း)နှင့်ဇနီး ဒေါ်နွဲ့နွဲ့ဝင်း၊ ဗိုလ်မှူးချုပ်တင်ထွန်း(သံအမတ်ကြီး-ငြိမ်း)နှင့် ဇနီး ဒေါ်နန်းဖောင်း၊ ဗိုလ်မှူးချုပ်ညွှန့်တင်(ငြိမ်း)နှင့်ဇနီး ဒေါ်တင်တင်ကြည်၊ ဦးဝင်းမြ (ဥက္ကဋ္ဌ/မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်)နှင့်ဇနီး ဒေါ်မြမာဝင်း၊ ဦးညွှန့်တင် (သံအမတ်ကြီး-ငြိမ်း) နှင့် ဇနီး ဒေါ်မေအောင်မြင့်၊ ဒေါက်တာ ချန်းစံဝင်း(ပန်းလှိုင်ဆေးရုံ-အရိုးအကြောအထူးကုခွဲစိတ်ဆရာဝန်ကြီး) နှင့်ဇနီး ဒေါ်မြင့်မြင့်ရီ၊ လက်ဝတ် ရတနာများ မေတ္တာနှင့် ဆင်မြန်းပေးပါသော Zar and Diamonds Gems and Jewellery မှ ဦးစိုးမင်းနိုင်နှင့် ဒေါ်ဇာဇာသဲဦးတို့အား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော သရုပ်ဆောင် ကျော်သက်ဝေနှင့် သရုပ်ဆောင်/အဆိုတော် နန်းဆုရတီစိုး၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးပါသော အဆိုတော် ပိုပိုဟေသာ၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော သရုပ်ဆောင် ငြိမ်းဖြူ၊ မင်္ဂလာသတို့သားအရံသရုပ်ဆောင်ကြည်ဖြူအောင်နှင့် မောင်ကောင်းမြတ်ကျော်၊ မင်္ဂလာသတို့သမီးအရံ သရုပ်ဆောင်စောယုနန္ဒာနှင့် မကုဋ္ဌေ၊ မင်္ဂလာအခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ Signing and Dinner Announcer ကိုကျော်သူလင်း၊ ဓာတ်ပုံ/ဗီဒီယို ကိုစိုးဝေ (Kulala Photography) ဓာတ်ပုံ/ဗီဒီယို ကိုရဲထွဋ်(Ye Htut Photography)၊ ဓာတ်ပုံ/ဗီဒီယို ကိုသိဒ္ဓိ(Kingsman Photo Club)၊ တအာန်းရိုးရာ အကအလှများတင်ဆက်ပေးပါသော တအားန်ပလောင် လူငယ်များအဖွဲ့ Dancer အကအဖွဲ့၊ Jade Dragon ၊ မင်္ဂလာဝတ်စုံများ ချုပ်လုပ်ဖန်တီးပေးပါသော မေမြတ်ဝါဆို (Happy Heart) ၊ ဝင်းမိုးကြည် (My Lady Fashion)၊ မိတ်ကပ်မထက် (Pop-Soul) ၊ စိုးစိုးဒါလီ၊ ပန်းအလှပြင် His &Her၊ ဖိတ်စာ Dagon ပုံနှိပ်တိုက်၊ Dollar လက်ကမ်း Sweet Invitation တို့အားလည်းကောင်း ၁၁-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် SEDONA HOTEL (Mindon Hall) ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းတို့အားလည်းကောင်း၊ ၁၄-၁၀-၂၀၁၇ရက်(စနေနေ့)တွင် မြစ်ကြီးနားကျောင်းတိုက်၌ ကျင်းပသော မင်္ဂလာဦး ဆွမ်းကျွေးအလှူသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ ၂၁-၁၀-၂၀၁၇ ရက် (စနေနေ့)တွင် Chatrium Hotel (Pool Side) ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းတို့နှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**ဒေါက်တာဟိန်းဇေယျာစည်သူ-မစောသီရိနွယ်**




## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(A-၄၄၂)၊ မြေဧရိယာ(၀. ၂၆၄)ကေရှိ ဦးထွန်းသန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးထွန်းသန်း၏ အထူးကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးမျိုးညွှန့်[၉/ပမန(နိုင်)၁၈၄၇၇၂]မှ မြေငှားစာချုပ်မူရင်းတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၀၇၅)၊ ဧရိယာ(၀. ၁၄၆) ဦးမိုးမြင့်(ဘ)ဦးမောင်ငယ်[၁၄/ပသန(နိုင်)၀၁၇၆၄၁]အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခင်ငြိမ့်ငြိမ့်သူ(ဘ) ဦးသိန်းဦး[၁၂/မဂဒ(နိုင်)၀၉၆၃၁၃]မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်း များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများ တရားရုံး အမိန့်ဒီဂရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



# MBA Scholarship Week

INSPIRO INSTITUTE

LSC London School of Marketing

LAP Local Access Point



Awarded by Anglia Ruskin University, UK

500 USD Per Month Installment

## Scholarship Up to USD 3000

Delivered in two Stages, second part is delivered by London School of Marketing via Blended Learning model.

15 November to 5 December

CONTACT

F 38, First Floor Tower(A)
Pearl Condominium
Kabar Aye Pagoda Road, Yangon

Inspiro Institute +95(0) 92 5777 6667

---

## သုံးခွမြို့၊ အ.ထ.က (၁+၂)

### [၁၈] ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်၊ သုံးခွမြို့၊ အ.ထ.က (၁+၂) တွင် ပညာသင်ကြားပေးခဲ့ကြသော အနန္တဂိုဏ်းဝင်း ဆရာသင်ကျေးဇူးရှင်များအား အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

နေ့ရက် - ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)

အချိန် - နံနက် ၉း၀၀ နာရီတွင် စတင်ပါမည်

နေရာ - မဟာအတုလဝေယံသာသနာ့ဗိမာန်၊ သုံးခွမြို့

ဆရာကြီး ဆရာမကြီးများ (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ကြွရောက်အပူဇော်ခံယူကြပါရန်နှင့် ရပ်နီးရပ်ဝေးတပည့်များမှလည်း တက်ရောက်ပူဇော်ခြင်းဖြင့် ပြန်လည်ဆုံတွေ့နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (ရန်ကုန်မှ ဆရာကြီး ဆရာမကြီးများကို ABC သုံးခွကားဂိတ်မှ နံနက် ၈း၀၀ နာရီနောက်ဆုံး ကားကြိုရှိပါသည်။)

- ဆက်သွယ်ရန်ပုဂ္ဂိုလ်များ -

| | |
|---|---|
| (၁) ဦးချစ်ထွန်း (၀၉ ၅၀၁၉၇၇၁) | (၂) ဦးကျော်တိုး (၀၉ ၅၁၂၉၀၇၄) |
| (၃) ဦးစိန်ဌေး (၀၉ ၄၃၁၁၁၁၂၂) | (၄) ဦးစန်းမောင် (၀၉ ၄၂၀၂၉၆၁၉) |
| (၅) ဦးဝင်းဇော် (၀၉ ၅၀၁၄၀၅၂) | (၆) ဒေါက်တာနွယ်နီသန်း (၀၉ ၅၁၇၄၇၁၈) |
| (၇) ဦးမင်းကိုကိုဦး (၀၉ ၄၂၅၃၀၂၈၆၄) | (၈) ဒေါ်အေးအေးခိုင်(သရဖီ) (၀၉ ၅၄၁၀၃၂၃) |


---

KEMBANGAN - UHC HOSPITAL
(ကမ်ဘန်ဂန်-ယူအိတ်ချ်စီဆေးရုံ)

- ဝက်ခြံ၊ တင်းတိတ်၊ မဲ့ခြောက်နှင့်
- အမာရွတ်အမျိုးမျိုးကုသခြင်း
- နင်းခူရောဂါအမျိုးမျိုးကုသခြင်း
- မွေးကျွတ်နာ၊ အင်ပြင်၊ ရေယုံနာ၊
- လက်သည်း/ခြေသည်းမှိုစွဲခြင်း
- အနာစက်များပေါက်ခြင်း
- ပွေး၊ ဝဲ၊ ညှင်း စသော အရေပြားရောဂါအမျိုးမျိုးကုသခြင်း
- ဆရုသင်း/သမင်မြီးအထူးကုသခြင်း
- Excimer Laser ဖြင့် ကုသနိုင်ခြင်း
- ရောင်ခြည်ဆဲလ် အစားထိုးခွဲစိတ်ကုသခြင်း

အရေပြားအထူးကု ဆရာဝန်များမှ ကုသပေးနေပါပြီ





Kembangan Group Of Medical Centres facebook ကို Like လုပ်ခြင်းဖြင့် သတင်းများရယူနိုင်ပါသည်

Kembangan UHC Hospital — Kembangan Group of Medical Centres — 09 772 488 911, 09 795 899 634

Kembangan Thuwunna — Kembangan-thuwunna — 09 778 527 793, 09 778 527 794

Kembangan Mandalay — Kembangan Mandalay — 09 961 358 805, 09 962 565 561/62

---

## မြေညီ(၂)ခန်းတွဲ အရောင်း

ဝေဇယန္တာလမ်းနှင့် ရတနာလမ်းမကြီး ၂ ခုဆုံရာ အကွက်အကွင်းကောင်း၊ ရုံးခန်း SHOW ROOM ဖွင့်ရန်ကောင်း အမြင့် ၁၂ ပေ (ညှိနှိုင်း)

ဖုန်း-09420027113

---

## Queenswood Beauty Spa

ဆံပင်ညှပ်(ကျား/မ)သင်တန်း

Ph: 09 5177028

---

## ရွှေကံနှင့်ရီ

အိမ်ဖော်၊ အိမ်အကူ၊ ကလေးထိန်း၊ လူနာစောင့်များ

(မြို့တွင်း / နယ်ဝေး)

09-2532 77776
09-2532 66667
09-2532 66668
09-2532 66669

---

## အမည်ဖြည့်စွက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ် ၂/၂၉/၄၈ မင်းလမ်းနေ မသန္တာစံ [၁၂/ရပသ(နိုင်)၁၀၉၀၄၄]၏ ဖခင်အမည်အား ဦးတူဖိုး(ခ)ဦးနိုင်ဝင်းဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

---

## ပြင်ဆင်ဖတ်ရှုပါရန်

---

## "ကုန်အမှတ်တံဆိပ်ကြေငြာချက်"

Mr. Park Sunghoon (Passport No. M0 3655940)

SHANGPREE Spa Care System

Health Care Foods, Cosmetic, (Body or Face Spa), E-mail, Internet, Website, Facebook, TV

ဦးစန္ဒြီး LL.B.,D.B.L., D.I.L.

---

## "ကုန်အမှတ်တံဆိပ်ကြေငြာချက်"

AUTO Spa

Filter, "AUTO Spa", E-mail, Internet, Facebook, Website

ဦးစန္ဒြီး LL.B.,D.B.L., D.I.L.

---

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Ph:09421117007,09970282930

---

## SEVEN စံ

အုံ့ဆိပ်တမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?

အိမ်အရောက်ငွေပေးချေသည်။

"ပွဲခ လုံးဝ မယူပါ"

09-33 333 511
09-33 333 514
09-33 333 644

---

## နန်းထိုက်အောင်

အိမ်ဖော်၊ အိမ်အကူ၊ ကလေးထိန်း၊ လူနာစောင့်

09 3128 2593
09 3128 2594
09 3128 2595

---

## "ကုန်အမှတ်တံဆိပ်ကြေငြာချက်"

AUTO CLEAN Car Wash & Polish

Filter, AUTO CLEAN, E-mail, Internet, Facebook, Website

ဦးစန္ဒြီး LL.B.,D.B.L., D.I.L.

---

သစ် ပင် စိုက် ပါ ဒို့ ကမ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ



ရဟန်းသာမဏေ (၂၁) ပါး၊ သူငယ်တန်းမှ (၁၀) တန်းတိုင်အောင် ကျောင်းသူကျောင်းသား (၃၅၀) ကျော်တို့အား အခမဲ့ပညာဒါန သင်ကြားပေးလျက် ရှိသော မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာအုပ်စု၊ လေးထောင့်ကန် စံပြကျေးရွာ ကရုဏာရာမပညာဒါန ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဖြစ်သော -
MRTV - 4 ဆရာတော် အရှင်ကဉ္စနာဘာသ မှ ဆောက်လုပ် လှူဒါန်းနေသော ပုညကာရီသုံးထပ်ကျောင်းဆောင် သစ်ကြီး တွင် -

| | | |
|---|---|---|
| - အလျား ပေ ၉၀ အနံ ပေ ၄၀ | တစ်ထပ်လျှင် | ၇၆၀ သိန်း |
| | သုံးထပ်လျှင် | ၂,၂၈၀ သိန်း |
| - တစ်ပေ ပတ်လည် | တစ်ကွက်လျှင် | ၂၅၀၀၀ိ/ - ကျပ် |
| - ဘုရားခန်းလှူဒါန်းလိုလျှင် ဘုရားနှင့် အခန်း အပြီးအစီး | | ၇၀ သိန်း |
| - သံဃာ နေထိုင်ရန် (၁၀) ခန်း၊ တစ်ခန်းလျှင် | | ၂၅ သိန်း |
| - သံဃာတော်များ ဆွမ်းစားဆောင်အတွက် | | ၃၀၀ သိန်း |
| - ကျောင်းသား(၃၀၀) ဆံ့ စားသောက်ခန်းအတွက် | | ၂၀၀ သိန်း |
| - မီးဖိုဆောင်အတွက် | | ၁၀၀ သိန်း |
| - ဧည့်ဆောင် | | ၅၀ သိန်း |
| - လှေကား (တစ်ဖက်) | | ၅၀ သိန်း |
| - ကုဋီ / အိမ်သာ တစ်ခန်းလျှင် | | ၆ သိန်း |

နှုန်းများဖြင့် အောက်ပါ ဖုန်းနံပါတ်များ သို့ ဆက်သွယ် လှူဒါန်း နိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်လိုက်ရပါသည်။
ဖုန်း - ၀၉ - ၅၀၇၈၆၅၉ ၊ ၀၉ - ၇၉၀၁၉၆၉၉၆၉
Bank Account: VEN KANCANOBHASA 04230104201381001 (KBZ BAHAN) Facebook - Ven Kancano Basa

ဝိတိသုခ
Dec-15,22

Myanmar Culture Land Travels & Tours
ရွှေနံ့သာ... (၅-ရက်) Dec-15,22,29 ၂၅၀,၀၀၀ကျပ်
... (၅-ရက်) Dec-15,22,29 ၁၅၀,၀၀၀ကျပ်
... (၄-ရက်) Dec-15,22,29 ၁၁၀,၀၀၀ကျပ်
... (၅-ရက်) Dec-22,29 ၁၆၀,၀၀၀ကျပ်
... (၅-ရက်) Dec-22,29 ၁၆၀,၀၀၀ကျပ်
... (၄-ရက်) Jan-4 ၃၀၅,၀၀၀ကျပ်
ဖုန်း-09-799601085, 09-445459946, 09-975809322, 09-251045076
... MAC Tower ...

Victoria Hospital
ဗိတိုရိယဆေးရုံ နှလုံးနှင့်သွေးကြောဌာနတွင်
HVC
Bulgaria နိုင်ငံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးသည်
(အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ အတွင်း) ပြင်ပလူနာများကို ကြည့်ရှုပေးမည်အပြင်
24/7
✣ နှလုံးသွေးကြော ဓါတ်မှန်ရိုက်ခြင်း (Angiogram)
✣ နှလုံးသွေးကြောချဲ့ ကုသခြင်း(Angioplasty)
✣ နှလုံးထောက်တိုင် (Stent) ထည့်သွင်းကုသခြင်း
✣ နှလုံးနှိုးဆွစက် (Pacemaker) တပ်ဆင်ခြင်း
အစရှိသည့် နှလုံးနှင့် ပတ်သက်သောကုသနည်း အမျိုးမျိုးကို ကုသပေးနေသည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လူနာစာရင်းပေးသွင်းလိုပါက
Hunt Line - +95 1 9666141
Hot Lines - +95 9 783666 141~4 Ext - 7080 (or) 2

ဦးရဲမင်းပိုင်(ဒ-ချ)

လမ်းမတန်း(မြေရောင်း)
၁။ ပေ(၂၅×၅၀) ဗဟိုလမ်းမ၊ မရမ်းကုန်း၊ ဂရန်အမည်ပေါက်၊ လမ်းသန့် (၄၀၀၀)ညှိနိုင်း
၂။ ပေ(၄၀×၆၀) ဗဟိုလမ်းမ၊ ရွှေသံလွင်ဖုန်ရှေ့(လှိုင်သာယာ)၊ (၁၀)ဘီးကားဝင်ထွက်နိုင်၊ အုတ်ခတ်ပြီး၊ ရေ မီး ပါသည်။ ပါမစ်(၁၂၀၀) (ညှိနိုင်း) ဖုန်း-၀၉၇၈၈၀၀၀၅၅၅

ငှားရမ်းမည်
ဆက်သွယ်ရန်ဖုန်း - 09-5131294, 09-2000866

ငှားရမ်းမည်
Commercial
(77'x47')
(100KVA)
ဆက်သွယ်ရန်ဖုန်း - 09-5131294, 09-2000866

CARSDB AUTOSHOW NOV 25 - 26 YANGON 2017
25.11.2017(SAT) - 26.11.2017(SUN)
THUWUNNABUMI EVENT PARK

DONGFENG
DONGFENG MOTOR CORPORATION
Dongfeng Brand New ကားများအား
အထူးဈေးနှုန်းဖြင့်ရောင်းချပေးသွားမည်။

H30 CROSS

5 Seaters
Auto/ Manual Gear
Engine: 1.6L (Gasoline)

AX7

2017 Model SUV, 5 Seaters
Auto/Manual Gear
Engine: 2.0 L (Gasoline)

S30

5 Seaters
Auto/ Manual Gear
Engine: 1.6L (Gasoline)

C37

သိန်း ၁၈၀(အမည်ပေါက်ပြီးစီး)
2017 Model, 5 MT,
1.5L (Gasoline), 11 Seaters

K01

၇၈.၅ သိန်း(အမည်ပေါက်ပြီးစီး)
(စတီးအမိုးကိုင်း တစ်ခု လက်ဆောင်ပေးသည်)
Manual Gear 5 MT,
Engine:1.1L (Gasoline), Loads:900 Kg

Oting

OFF ROAD 5 Seaters
Manual Gear
Engine: 2.5L (Diesel)

30% Down Payment
ဘဏ်အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။

Sojitz Sunrise Automobile Co., Ltd. (Authorised Distributor)
Address : No.19, Baho Road, Sanchaung Township, Yangon, Myanmar.
Tel : 01-230 4801, 01-230 4802 Hotline : 09 42509 7655
Web Page : www.dongfeng-myanmar.com Facebook Page : DFM-Myanmar

Hotline Phone:
09425097655
09428885587

# ပင်လုံနှင်းဆီ ကိုယ်ပိုင်အထက်တန်းကျောင်း၏ကျေးဇူးတင်လွှာ

ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်းနှင့်(ဘော်ဒါ)၏ ကျက်သရေဆောင်ခန်းမကြီးတွင် ၁၉. ၁၁. ၁၇(တနင်္ဂနွေနေ့)၌ ကျင်းပပြုလုပ်သော (၂၀၁၆-၂၀၁၇)ပညာသင်နှစ်၏ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြပါသောဧည့်သည်တော်များ၊ မိဘများနှင့်တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ ကျောင်းသား/သူများ၊ အတန်းအသီးသီးမှဆုရကျောင်းသား/သူများ၊ အခမ်းအနားအောင်မြင်စွာပြီးမြောက်အောင် အဘက်ဘက်မှဝိုင်းဝန်းကူညီကြသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများအားလှိုက်လှိုက်လှဲလှဲအထူးကျေးဇူးတင်ရှိပါကြောင်း။

တည်ထောင်အုပ်ချုပ်သူဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)နှင့်ဇနီး

အမှတ် ၆၄/၆၅၊ဘုရင့်နောင်လမ်းမကြီး၊ ၂၇ရပ်ကွက်(ပင်လုံဥယျာဉ်အိမ်ရာ)၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ 09 2400261, 09 448541535

---

## ၂၀၁၇ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် မိုးလုံးပြည့်အောင်ပွဲခံသွားသော

၂၀၁၈ ထိုင်ကျောင်းသား ဆယ်တန်း — မေးခွန်း ၅ စုံ နှင့် ဝါဖြေအဖြေများ — မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူ့စွမ်းရည်၊ အထွေထွေသိပ္ပံ — ဘာသာစုံတစ်အုပ်(၁၅၀၀)ကျပ်

၂၀၁၈ ထိုင်ကျောင်းသား အဋ္ဌမတန်း — မေးခွန်း ၅ စုံ နှင့် ဝါဖြေအဖြေများ — မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ အထွေထွေသိပ္ပံ — ဘာသာစုံတစ်အုပ်(၁၁၀၀)ကျပ်

၂၀၁၈ ထိုင်ကျောင်းသား တက္ကသိုလ်ဝင်တန်း — မေးခွန်း ၇ စုံ နှင့် ဝါဖြေအဖြေများ — သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ၊ ဝိဇ္ဇာတွဲ — တစ်ဘာသာတစ်အုပ်(၁၁၀၀)ကျပ်

ပြည့်စုံကျော် စာပေ- အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း(အထက်)၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၁-၃၈၅၁၉၆၊ ၀၉-၅၃၀၂၅၉၂၉

---

အရပ်ဟ
ဒဂုံမြို့သစ်
Ph.09-443121050
09-45 777 8224
09-73121050

---

ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

---

GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

---

ပြည်တွင်း/ပြည်ပ -အလုပ်အကိုင်ရှာနေသူများ အတွက် အလွယ်တကူ အလုပ်အကိုင်ရရှိပြီး လစာကောင်းစေဖို့ ...

**ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း**

(နေ့စရိတ်/စားစရိတ်/သွားစရိတ်)- ငြိမ်း + စာတွေ့/လက်တွေ့ကျွမ်းကျင်မှု
အချိန်ပြည့်တစ်လ ➡ ရက်(၃၀)သင်တန်း အလယ်တန်းနှင့်အထက် (ကျား/မ)

**အခြေခံအင်္ဂလိပ်နီယာသင်တန်း (B.E.C)**

လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း - (၅)မျိုးပါဝင်သည်။
(5)Week ➡ တနင်္လာမှ စနေနေ့ထိ(အချိန်ပြည့်) အလယ်တန်းနှင့်အထက် (ကျား)

ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုလိုင်စင်ရရှိထားသော

**သုခရစ် + အသက်မွေးပညာသင်တန်းကျောင်း +**

ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)တိုက်အမှတ်(၅၀၆)။
Ph: (01) 377 343, 377 344. www.tkss.com.mm FB - overseatkss

---

## ငှားမည်

မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန် အိမ်ရာ(၁)၊ အိပ်ခန်း(၄)ခန်း။

ဖုန်း-၀၉-၂၅၂၁၈၂၅၈၁

---

## ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

---

## “၁၀”တန်းစာမေးပွဲအနီးကပ် (၃)လပြတ် အထူးစခန်းသွင်းဘော်ဒါ

- အငြိမ်းစားပါမောက္ခများ၊ တက္ကသိုလ် ဆရာ၊ ဆရာမဟောင်းများမှ အမှတ်ပေးစည်းမျဉ်းနှင့်အညီ သင်ရိုးအစမှ စသင်မည်။
- စာမေးပွဲကြီးအတွက် အထူးအရေးကြီးသင်ခန်းစာများ ဖြည့်စွက်သင်ကြားမည်။
- သင်ကြား၊ လေ့ကျင့်၊ ကျက်မှတ်၊ စစ်ဆေးဖြေဆိုစေခြင်းများကို အထပ်ထပ်ပြုလုပ်ပေးမည်။
- ဘာသာရပ်တစ်ခုလျှင် ရမှတ်(၇၀)ဖိုး လေ့ကျင့်သင်ကြားမည်။
- တစ်နှစ်တည်းနှင့် အောင်ရမည်။
- ကျား/မသီးသန့်(၂၅)ဦးဝိုင်း
- နေထိုင်စားသောက်စရိတ် အားလုံးပါဝင်ပြီး (၃)လပြတ် သင်တန်းကြေး (၇)သိန်းကို
  ပထမလ ၃ သိန်း
  ဒုတိယလ ၂ သိန်း
  တတိယလ ၂ သိန်းခွဲ၍ ပေးသွင်းနိုင်သည်။
- မိဘမှ အခြားအပိုငွေကြေး ထပ်မံပေးရန် မလိုပါ။

၅-၁၂-၁၇ စသင်ပါမည်

**အမှတ်(၈၄၇)၊ မြမဥ္ဇူ(၃)လမ်း၊ (၂၉)ရပ်ကွက်၊ မြောက်ဒဂုံ။**
**ဖုန်း-၀၉-၇၉၈၄၀၄၅၈၉၊ ၀၉-၂၅၄၇၀၆၅၄၆**

---

JUNCTION CITY　JUNCTION SQUARE　JUNCTION CENTRE

JUNCTION 18th Anniversary CHARITY

## Junction Centre 18th Anniversary With Charity

**မသန်စွမ်းကလေးငယ်များ နှင့် အမြင်အာရုံ၊ အကြားအာရုံချို့တဲ့သူများ၏ လက်မှုပစ္စည်းအရောင်းပွဲ နှင့် အနုပညာစွမ်းရည် ဖျော်ဖြေပွဲ**

www.junctioncentregroup.com　www.facebook.com/junctionshoppingcentre

| 12 Nov | 19 Nov | 26 Nov | 30 Nov | 3 Dec | 9 Dec |
|---|---|---|---|---|---|
| Junction Centre 8 Mile | Junction Centre Zawana | Junction Centre Mawtin | Junction City | Junction Square | Junction Centre Naypyitaw |

Hmwe Taunggyi Business Group Travel & Tours Co.,Ltd
License No(661)
သာကီနွယ်
Hot Line - 01-200952
ပုဂ္ဂလိကဘုရားဖူးပို့ဆောင်ရေး
Dec - 9,16,17
Jan - 20,27
Feb - 4,10,17,18,24
Mar - 4,10,18,25
Shine Tower
(Golden View Condo)

ဧည့်ဗိမာန်
09-444450446, 09-444450558
09-250144709




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလက်ယာဦးစီးဌာန၊ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း) ကျောက်ဆည်မြို့မှ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | လက်တွန်းထွန်းစက်(PT-017)မှ ပစ္စည်းအစိတ်အပိုင်းများ | 2 Lot |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၃-၁၁-၂၀၁၇
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် - ၄-၁၂-၂၀၁၇
၃။ တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း) ကျောက်ဆည်

အထက်ပါလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ကြော်ငြာပါသည့်နေ့မှစ၍ ဤစက်ရုံသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၆-၅၀၄၈၃၊ ၀၆၆-၅၀၄၈၄၊ ၀၉-၄၀၀၄၅၉၅၈၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ**

MIA Travel & Tours
မြင့်မြတ်
ပုဂ္ဂလိကဘုရားဖူးခရီးစဉ်များ
ရုံး(A-1) အခန်း(502)
01-519415, 09-453300339, 09-453300449, 09-777565449, 09-777567449




## လမ်းမတန်းနေရာကောင်းရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်းမပေါ် ပေ(၆၀×၆၀) 2BN ရေ၊ မီး၊ ကြိုးဖုန်း မြေပိုင်မြေ ပိုင်ရှင်အမည်ပေါက်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၀၅၈၃၆**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
မြေ (၄၀ × ၆၀)၊ ညှိနိုင်။
၀၉ ၇၈၅၅၅၄၀၀၀၉







ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးသည့်အဆောက်အအုံ ပြီးစီးသည့်အကြောင်း (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ
ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး
တစ်ပေပတ်လည်လျှင်
၉၀၀၀၀/- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ
စွယ်တော်စိမ်းတီး အိမ်ရာ
မင်္ဂလာဒုံမြို့နယ်
ရန်ကုန်မြို့တော်၏ မြောက်ဖက် အဝင်ဝပေါက်၊ အမှတ်(၃) လမ်းမကြီးအနီး၊ အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊ သီရိရတနာ လက်လီ လက်ကားဈေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန်၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀) ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်ဂုပေါင်းအိမ်ရာ ဖြစ်ပါသည်။
Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation၊ ခေတ်မီ Post-Tensioned စနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့် အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System, CCTV, Fire Protection & Fire Alarm System, Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။
ရေကူးကန်၊ စားသောက်ဆိုင်၊
Fitness Center, SPA,
Convenience Store,
လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။
(၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင် သာယာလှပသော ပန်းခြံ ဥယျာဉ်၊ ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။
အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။
DEVELOPER-
GRAND STYLE CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
TEL : 09 799-332211, 09 797-221133
09 799-221133

# Diabetasol®
**Diabetes Nutrition Solution**

ဒိုင်ယာဘီတစ်စောနှင့် အတူတူ 3C လိုက်နာမှုများဖြင့် ဆီးချို သွေးချို ရောဂါကို စတင်ကာကွယ်ထိန်းသိမ်းကြပါစို့ ..!

ACT NOW STOP DIABETES 3C

Count
Classify
Comply



ဒိုင်ယာဘီတစ်စော ကို
တစ်နေ့ (၂) ကြိမ် သောက်သုံးခြင်းဖြင့်
သင့်သွေးတွင်း အချိုဓါတ်ကို ထိန်းသိမ်းဖို့ ကူညီလိုက်ပါ။

Diabetasol is available in :
✔ Zero Calorie Sweetener
✔ Balanced Nutrition for Diabetic
(Vanilla, Chocolate, Cappuccino)

KALBE Customer Care 0942-666-0055

Healthy Living with Diabetasol

ဆီးချို သွေးချိုရှိသူများ၏ အာဟာရအတွက် အသင့်တော်ဆုံးရွေးချယ်မှု

KALBE



ကျွန်ုပ်တို့ လူ့လောကအလယ် တင့်တယ်စွာ နေထိုင်နိုင်ကြ၍ မိဘအား ဥပကျေးမပြုမိကြပါနှင့်။

# မိဘဂုဏ် ကိုထွေး
**အဆင့်မြင့်စတီးဘလိပ်ခါးသွားဆူးကြိုးတပ်ဆင်ဖြန့်ချိရေး**

အဆင့်မြင့် Steel ဘလိပ်ခါးသွား ဆူးကြိုးများကို သံချေးမတက် (၁၅)နှစ်အာမခံ၍ တပ်ဆင်ပေးရာတွင် Steel တန်းကြိုး Steel တုတ်ကြိုးအသုံးပြုလျက်ဈေးနှုန်းချိုသာစွာဖြင့် နေရာဒေသမရွေး လက်ခံ၍တိုက်ရိုက် ရောင်းချ တပ်ဆင်ပေးနေပါပြီ။
ရန်ကုန်အရောင်းဆိုင်(၁) - အမှတ်(၁၂)အခန်း(၄/၅)မင်းနန္ဒာလမ်းမကြီး သာကေတမြို့နယ်။
ရန်ကုန်အရောင်းဆိုင်(၂) - အမှတ်(၁၂၈၈)ပင်လုံလမ်းမကြီးထွေ/ရပ်ကွက်(AYA)ဘဏ်ဘေးချင်းကပ် ရွှေပြည်သာမြို့နယ်
Ph : 09 - 5064145, 09-445064145, 09-250058416,09-420707316



"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့်
ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534



တရုတ် | ENGLISH Conversation Practice
စကားပြောနှံ့စပ်လိုလျှင် (တရုတ်)စာမေးဖြေ ဆရာ Sayar Yang
Great Wall
TAMWE - 540714, 09 5183636
09 420230133



မူလကျွင်ရွှ-မောလျှင်သောက်
TMR000849(0516)
ရွှေမုန်ကြယ် အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး
အမူးအမောများခြင်း၊ ထိုင်မော၊ ထမောဖြစ်ခြင်း၊ နှစ်မြိုက်စွာအိပ်မပျော်ခြင်း၊
အစားအသောက်ပျက်ခြင်း၊ အသား အရေစိုပြေမှုကင်းခြင်း၊ တင်းတိပ်ထွက်ခြင်း၊
မီးယပ်ကွက်များထွက်ခြင်းနှင့် မီးယပ်သွေးဆုံးရောဂါများအတွက်
မြန်မာ့ဆေးစွမ်းကောင်း



ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

# နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ

Rain Flower



ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၀၀၀၈၉၀
-၀၉-၇၃၀၀၀၈၉၁
-၀၉-၄၅၀၇၃၀၀၀၅
-၀၉-၄၅၀၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၀၅၄၆၇၀
-၀၉-၄၅၀၇၃၀၀၀၈
၉-မိုင် ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
-၀၉-၄၅၀၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၁၁၃၆၂၆၀
မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၄၂၂
-၀၉-၆၅၀၀၄၁၃

5 Year Warranty



Imported from Singapore
Kaday Myaing Co.,Ltd
Bldg 31, Rm no 5, Sabal St., Near Yuzana Plaza (Aung Mingalar Bus-stop),
Ph: 01 203671, 205736,
09 5142388

GOLDEN EDEN®
SLEEP SOLUTIONS

Let's us Make your Dream

Bedsheet | Comforter | Pillow | Bolster




သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့




ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
တန်ဆောင်တိုင် Promotion အထူးအစီအစဉ် (1.11.2017 မှ 30.11.2017) အတွင်း
ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို ဘေးထိုးရွှေကလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၁၃၀၂ ၅၂၃၈၈၈
PH; ၀၉-၄၅၃၈၀၀၂၆၉၇၊ ၀၉- ၂၅၄၂၈၈၈၀၂




Smart & Beauty
အမျိုးသမီးဝတ်သီးသန့်အပ်ချုပ်သင်တန်း
သင်တန်းချိန် – တစ်နေ့ (၃) နာရီ
နံနက်(၁၀း၀၀)နာရီ မှ ညနေ(၁း၀၀)နာရီအတွင်း
တန်း(A) တနင်္လာ ၊ အင်္ဂါ ၊ ဗုဒ္ဓဟူး ၊ သောကြာ
တန်း(B) စနေ ၊ တနင်္ဂနွေ
သင်တန်းကြေး – (၂၂)သိန်း
အမှတ် (၃၅၁)၊ မြေညီ (B)၊ ရေးရိပ် (၆)လမ်း၊ အပိုင်း (၃)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
PH : 09 450 962 199, 09 - 762 712 334

ပညာတံခွန် (၁၀ တန်းအထူးအနီးကပ်စနစ်သင်တန်း)
➤ (၃) လအတွင်း ဘာသာရပ်အောင်မှတ်ရအောင် သင်ကြားပေးမည်။ စမ်းသပ်ကာလ(၂)ပတ်ရှိသည်။ (တစ်သိန်းခွဲ)
➤ ဘော်ဒါပြောင်းသောကလေး၊ ကျောင်းတစ်ဝက်တစ်ပျက်ထားပြီးသော (ကလေးများအားလုံးပြီးဆုံးအောင် ဆက်လက်သင်ကြားပေးမည်။)
➤ ပြင်းပြသောအောင်ချင်စိတ်သာရှိပါစေ၊ သင်ကြားနေကို (၁၀၀%)အာမခံသည်။ မြန်မာနိုင်ငံ၏မည်သည့်နေရာဒေသကမဆိုလာရောက်ဆက်သွယ်စုံစမ်းမေးမြန်းအပ်နှံနိုင်ပြီ။
ဖုန်း-၀၉-၄၂၀၂၅၅၆၈၃၊ (၁၅/၁၇)ပန်းလှိုင်လမ်းကြည့်မြင်တိုင်။




## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ် တရားရုံးတော်၌
၂၀၁၇ -ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉

| | | |
|---|---|---|
| ဦးဇင်မင်းထွန်း | နှင့် | ၁။ ဦးတင်လှိုင် |
| | | ၂။ ဒေါ်သိန်းဟန် |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ(၆)လမ်း၊ အမှတ်(၁၉၅)နေ ၁။ ဦးတင်လှိုင် ၂။ ဒေါ်သိန်းဟန်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။ သင့်အပေါ်၌ တရားလို ဦးဇင်မင်းထွန်းက ၂၀-၁၁-၂၀၀၉ ရက် နေ့စွဲပါ မြေနှင့် အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၇ခုနှစ် ဒီဇင်ဘာလ ၆ရက် (၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ရက်) နံနက် ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်ဝယ်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ (ခင်နီနီအေး)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

### အများသိစေရန် ကြေညာချက်

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရန်ကုန်ကော်မူနစ်)၊ မြေကွက်အမှတ်(၃၃၁)၊ ဓာတ်မှုနစ်(၉)လမ်း၊ အမှတ်(၃၃၁)တွင် (၃)ထပ် Steel အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေချပေးစာအမည်ပေါက် ဦးရဲမင်းထွန်း(၉/အမဇ(နိုင်)၀၁၈၉၄၂)၊ ဦးကျော်မင်း(၁၀/မလမ(နိုင်)၁၅၁၄၉၀)၊ ဦးကျော်ရွှေလင်း(၁၂/ဥကတ(နိုင်)၁၆၀၇၄၈)တို့ ထံမှအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ ဦးကျော်မြတ်ထွန်း (၁၂/ပဘတ(နိုင်)၀၀၀၂၇၇)မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့် အထုကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူးအင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၁၂)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် နိုဝင်ဘာ ၂၄**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၂)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံပျော့ဖတ်နှင့် စက္ကူလုပ်ငန်းအသင်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**




# မောင်တောခရိုင် ကျောက်ပန္နုကျေးရွာသစ်တည်ဆောက်မှု ၅၀ ရာခိုင်နှုန်း ပြီးစီး

မောင်တော နိုဝင်ဘာ ၂၄

**နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရခိုင်ပြည်နယ် မောင်တောခရိုင်တောင်ပိုင်း မောင်တောမြို့နယ်တွင် တန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ ပါဝင်သော ကျောက်ပန္နုကျေးရွာသစ်တစ်ရွာကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ လတ်တလောတွင် ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ယခုဘတ်ဂျက်နှစ်ကုန်တွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻


မောင်တောမြို့နယ်တွင် တန်ဖိုးနည်းနေအိမ်အလုံး ၁၀၀ ပါဝင်သော ကျောက်ပန္နုကျေးရွာသစ်စီမံကိန်းမှတည်ဆောက်ပြီး နေအိမ်များကို တွေ့ရစဉ်။

## ရခိုင်ဒေသအခြေအနေများနှင့် ပြည်တွင်း၊ ပြည်ပသုံးသပ်ချက်များခေါင်းစဉ်ဖြင့် ဆွေးနွေးမည့် Sunday Talk အစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၂၆ ရက်တွင် ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရခိုင်ဒေသအခြေအနေများနှင့် ပြည်တွင်း၊ ပြည်ပသုံးသပ်ချက်များ ခေါင်းစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့ ပြောဆိုဆွေးနွေးမည့် Sunday Talk အစီအစဉ်ကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






# ရခိုင်တိုင်းရင်းသားရိုးရာ ကျင်ကိုင်ကစားပွဲဓလေ့

■ မာန်သစ်ငြိမ်း(ရေးဟောင်းသုတေသန)

ရခိုင်တိုင်းရင်းသားများသည် ကျင်ကိုင်ပွဲခေါ်သည့် ရခိုင်ရိုးရာအားကစားနည်းတစ်မျိုးကို အထူးတလည်အားပေးကာ ရှေးမင်းများလက်ထက်ကပင် စဉ်လာမပျက် ကျင်းပခဲ့ကြပေသည်။ ကျင်ဟူသော ဝေါဟာရနှင့်ပတ်သက်၍ အမျိုးမျိုးရေးဖွဲ့ကြသည်။ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများ (ရခိုင်) စာအုပ်တွင် "ကျင်ဟူသည်မှာ ကျားလျင်မှ ပြောင်းလဲလာခြင်းဖြစ်ကြောင်း ကျားသည် သားကောင်ကို ဖမ်းသည့်အခါ လျင်မြန်သည့်အဟုန်ဖြင့် ဖမ်းသကဲ့သို့ ဖျပ်လတ်လျင်မြန်ရသည့်အတွက် "ကျားလျင်"ဟုခေါ်ရာမှ "ကျင်"ဖြစ်လာသည်ဟု ဆိုထားသည်။

ဒွါရာဝတီ အသျှင်ကုသလ၏ ရခိုင်ဌာနီလရာသီကျမ်းတွင်"ကျင်"ဟူသော ဝေါဟာရသည် "ကျားအင်" ဟူသော ဝေါဟာရမှ ပြောင်းလဲလာသောစကားဖြစ်သည်။ "ကျားအင်" ဟူသည် "ကျား နှင့် အင်" ဖြစ်ပြီး "ကျား"မှာ "ယောကျ်ား"၊ "အင်"မှာ "ကိုယ်အင်္ဂါအချိုးအစား"ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကျားအင်(ကျင်)ဆိုသည်မှာ "ယောကျ်ားကောင်းတစ်ယောက်၏ ကိုယ်အင်္ဂါအချိုးအစားကို ထုတ်ဖော်ပြသသောပွဲ"ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ရခိုင်ရိုးရာကျင်ကိုင်ပွဲသည် မည်သည့်အချိန်က စတင်ခဲ့သည်ကို သိရှိရန်ခက်ခဲသော်လည်း ဝေသာလီခေတ် စူဠစန္ဒြားမင်း(အေဒီ ၇၇၃-၇၆၉)လက်ထက်တွင် တကောင်းသင်းတွဲပြည်သို့ စစ်ချီထွက်ရာ၌ စီးသောစစ်လှေပေါ်တွင် ကျင်သန်များ ပါဝင်လှော်ခတ်ခဲ့ကြောင်းကို အမတ်ကြီးဓမ္မဇေယျ၏ စန္ဒြားမင်းဘွဲ့၌ "ကိုးစိပ်ကိုးလံ၊ ကိုးပင့်ကန်၊ ကျင်သန်တက်ပြီး၊ စည်ကိုတီး၊ တီးသည့်စည်တော်၊ ဟိုးဟိုးကျော်"ဟူ၍ စပ်ဆိုခဲ့ရာ ကိုးစိပ်ကိုးလံရှည်သော လောင်းလှေကြီးများပေါ်တွင် ကျင်သန်များ လှော်ခတ်ခဲ့ရကြောင်း သိရှိရသဖြင့် ကျင်ကိုင်ပွဲသည် ဝေသာလီခေတ်(အေဒီ ၈ ရာစု)တွင် ပေါ်ပေါက်ပြီးဖြစ်ကြောင်း သိရှိရာ ထိုထက်စော၍ ပေါ်ပေါက်ခဲ့မည်ဟု ယူဆမိပေသည်။ မြောက်ဦးခေတ်သို့ ရောက်သောအခါတွင်လည်း ကျင်ပညာကို ကိုယ်ခံပညာတစ်ရပ်အဖြစ် သင်ကြားပေးခဲ့ကြသည်။

ရခိုင်ရိုးရာကျင်ကိုင်ပွဲသည် နေ့ထူးနေ့မြတ်များ၊ ဘုရားပွဲတော်များ၊ ဘုန်းကြီးပျံပွဲတော်များတွင် မပါမဖြစ်ပြုလုပ်သော အားကစားပွဲဖြစ်သည်။ ရခိုင်မြောက်ဦးခေတ်တွင် ကျင်ပညာကို ကိုယ်ခံပညာတစ်ရပ်အဖြစ် သင်ကြားပေးခဲ့ကြသည်။ ကျင်ကိုင်ပွဲကျင်းပသည့်ရာသီမှာ စပါးရိတ်သိမ်းပြီးချိန် နတ်တော်လမှ ကဆုန်လ မိုးမကျမီကာလအတွင်း ဖြစ်သည်။ ရခိုင်ရိုးရာကျင်ကိုင်ပွဲမှာ ကြေးစားအားကစားနည်းမျိုးမဟုတ်ဘဲ ရိုးရာအားကစားနည်းအဖြစ် ထိန်းသိမ်းကျင်းပသည့် ပြိုင်ပွဲဖြစ်သဖြင့် ရွှေတံဆိပ်၊ ငွေတံဆိပ်တို့ကို ချီးမြှင့်ကာ ငွေကြေးချီးမြှင့်ခြင်းကို အငယ်တန်းအဆင့်တွင်သာ ပြုလုပ်ပေသည်။

ရခိုင်ရိုးရာကျင်ကိုင်ပွဲကို ရွှေမောင်းတန်းအဆင့်နှင့် ငွေမောင်းတန်းအဆင့်ဟူ၍ နှစ်မျိုးခွဲခြား ယှဉ်ပြိုင်နိုင်သည်။ ရွှေမောင်းတန်းအဆင့် ဆုတံဆိပ်ကို ရွှေအလေးချိန် တစ်ကျပ်သား၊ ငါးမူးသား၊ တစ်မတ်သား စသည်ဖြင့် ပြုလုပ်ပြီး ငွေမောင်းတန်းအဆင့် ဆုတံဆိပ်ကိုလည်း ငွေအလေးချိန် တစ်ကျပ်သား၊ ငါးမူးသား၊ တစ်မတ်သားဖြင့်ပြုလုပ်ကာ ချီးမြှင့်ကြသည်။

ရခိုင်ပြည်နယ်တွင် ထင်ရှားသော ကျင်ကိုင်ပွဲများမှာ စစ်တွေမြို့၌ ကျင်းပသော ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ကျင်ပွဲ၊ မြောက်ဦးမြို့ သျှစ်သောင်းဘုရားပွဲတော် ကျင်ပွဲ၊ ကျောက်ဖြူမြို့ ကံကော်တောဘုရားပွဲ၊ ပေါက်တောမြို့ ဘဝမ်းဘုရားပွဲ၊ မင်းပြား ကျိန်းတောင်ဘုရားပွဲ၊ ပုဏ္ဏားကျွန်း ဂူဝဘုရားပွဲတို့မှာ ရခိုင်ပြည်နယ်အရပ်ရပ်မှ ကျင်သန်များ လှည့်လည်ပါဝင် ယှဉ်ပြိုင်ကြသောပွဲများ ဖြစ်ပါသည်။

ကျင်ကိုင်မှုသည် ကိုယ်ခန္ဓာကြီးမှု၊ သေးငယ်မှုနှင့်မဆိုင်ဘဲ ခွန်အားနှင့် ကျွမ်းကျင်မှုကိုအခြေခံပြီး စနစ်တကျတီထွင်ထားသော အားကစားနည်းတစ်ရပ် ဖြစ်ပါသည်။ ကျင်ကိုင်နည်းများတွင် အဖမ်းသားမှ ပစ်ချနည်းနှင့် အခံသားမှ ပြန်လည်ပစ်ချနိုင်သော နည်းစနစ်ပေါင်း ၃၀ ကျော်ရှိကြောင်းကို စာရေးသူကိုယ်တိုင် ကျင်သန်ဖြစ်သူ ဆရာလှရွှေမောင် (တောင်ညို)ထံတွင် ငယ်စဉ်က သင်ကြားဆည်းပူးခဲ့ရပေသည်။ ဝင်ရောက်ယှဉ်ပြိုင်မှုကား မရှိခဲ့ပေ။ ကျင်ကိုင်နည်းစနစ်များကိုလည်း "ဂုတ်ချိုးပစ်နည်း၊ မောင်းလိမ်၊ ပေါင်ထမ်း၊ မောင်းပြန်၊ ကြောင်လိမ်ပစ်နည်း" စသည်ဖြင့် အမည်များ သတ်မှတ်ခေါ်ဝေါ်ကြပေသည်။

ကျင်ကိုင်ပွဲကျင်းပပုံစံမှာ ပေ ၅၀ အချင်းရှိ သဲမြေကွက်လပ်ပေါ်တွင် ကျင်သန်နှစ်ဦး ယှဉ်ပြိုင်ပြီး မြေကြီးပေါ် ပစ်လှဲချရပါသည်။ ကျင်အနိုင်အရှုံး၊ အငြင်းအခုန်တို့ကို ဆုံးဖြတ်ရန် ခုံသမာဓိအဖွဲ့နှင့် အနီးကပ်စောင့်ကြည့် အဆုံးအဖြတ်ပေးနိုင်ရန် ကျင်ဒိုင်များ ထားရှိရပါသည်။ ကျင်သန်နှစ်ဦးကို

အထူးကဏ္ဍ [ ခ ] သို့ »»



# ရှမ်းနှစ်သစ်ကူး ကောက်သစ်အလှူပွဲတော် မုခ်ဦးနှင့် စတိတ်စင်ဖွင့်ပွဲ ကျင်းပ



**ဖယ်ခုံ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၌ ရှမ်းတိုင်းရင်းသားလူမျိုးတို့၏ ၂၀၁၁ ခုနှစ်အကုန် ၂၀၁၂ ခုနှစ်သို့ ကူးပြောင်းခြင်း ရှမ်းနှစ်သစ်ကူး ကောက်သစ်အလှူပွဲတော်ကို ဈေးရှေ့ရပ်ကွက် ရွှေဓမ္မရောင်ခြည်ဓမ္မာရုံ၌ ကျင်းပရာ နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ပွဲတော်မုခ်ဦးနှင့် စတိတ်စင်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းနှစ်သစ်ကူးကောက်သစ်အလှူပွဲတော်မုခ်ဦးကို ရှမ်းစာပေနှင့် ယဉ်ကျေးမှု ရွှေဓမ္မရောင်ခြည်ဓမ္မာရုံမှ ဦးဓမ္မသာရ၊ လားရှိုးမြို့ လွယ်လွမ့်ကျောင်းမှ ဦးကဝိဓဇနှင့် ဖယ်ခုံမြို့နယ် လွယ်ပေါကျောင်းမှ ဦးတေဇဝန်တတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပွဲတော်စတိတ်စင်ကို ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ဦးလုံးရွှေနှင့် ဦးစိုင်းအုန်းဖေ၊ ကော်မတီအတွင်းရေးမှူး ဦးစိုင်းကျော်ရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်အလံတော်ကို လွှင့်တင်ပြီး အလံတော်၊ အာဇာနည်များနှင့် ရှမ်းစာပေ ရှေးဦးဆရာကြီးတို့အား အလေးပြုခြင်းနှင့် ရပ်ကွက်များမှ တိုးနယားနှင့် ကိန္နရီကိန္နရာအဖွဲ့များက ရှမ်းရိုးရာဗုံမောင်းတို့ဖြင့် စုပေါင်းကပြဖျော်ဖြေခဲ့ကြသည်။ ဆက်လက်၍ မွန်းလွဲပိုင်းတွင် ညောင်ပင်သာဘုန်းတော်ကြီးကျောင်း၌ စုရပ်အဖြစ်စတင်ပြီး ဆွမ်းတော်ပဒေသာပင်များ၊ ပိဋကတ်တော်တို့ကို ဈေးလမ်းအတိုင်းလှည့်လည်၍ ရွှေဓမ္မရောင်ခြည်ဓမ္မာရုံသို့ ရောက်ရှိပူဇော်ကာ အဆိုအကများဖြင့် ဆက်လက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၁၉ ရက်တွင် အရှဏ်ဆွမ်းဆက်ကပ်ခြင်း၊ တရားတော်နာယူခြင်း၊ နှစ်သစ်ကူးအခမ်းအနားကျင်းပခြင်းနှင့် နွေရာသီရှမ်းဗုဒ္ဓဘာသာစာပေ ဖြေဆိုအောင်မြင်သော ကျောင်းသား ကျောင်းသူတို့ကို ဆုပေးအပ်ချီးမြှင့်ခြင်းများ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**



အထူးကဏ္ဍ [ က ] မှ »»

ခါးပတ်အဖြူနှင့် အနီတို့ဖြင့် ခွဲခြားသတ်မှတ်ပေးထားပါသည်။ ကျင်ကိုင်မည့် ကျင်သန်များသည် မည်သည့်အင်္ကျီကိုမှ ဝတ်ဆင်ထားခြင်း မရှိဘဲ အောက်ပိုင်းတွင် ဝတ်ဆင်ထားသော လုံချည်ကို ခါးတောင်းကျိုက်ထားရသည်။ ကျင်သန်တို့၏ ကိုယ်ခန္ဓာအချိုးအစား သန်မာထွားကျိုင်းမှုကို ထင်ရှားပေါ်လွင်စေခြင်း ဖြစ်ပါသည်။

ကျင်ကိုင်ပွဲမစတင်မီ ရွှေမောင်း၊ ငွေမောင်းရ ကျင်သန်များက ကျင်ကွင်းထဲတွင် ဟန်ရေးပြခြင်းကို ကျင်ကွင်းခြင်းဟုခေါ်ဆိုပါသည်။ ကျင်ကွင်းနည်းအမျိုးမျိုးကို လိုက်၍ ဥဒေါင်းဝဲကွင်းနည်း၊ ဝံလက်သည်းကွင်းနည်း စသည်ဖြင့် အမည်အမျိုးမျိုးရှိကာ လှပစွာဟန်ရေးပြကြပါသည်။ ကျင်ကွင်းပြနေစဉ် ပရိသတ်က ကျင်သန်များအား ဆုငွေများချီးမြှင့်ကြပါသည်။ ကျင်ကွင်းနေစဉ်နှင့် ကျင်ကိုင်နေစဉ်တို့တွင် ရခိုင်ရိုးရာစည်တော်များ သံပြိုင်တီးခတ်ခြင်းအားဖြင့် အားမာန်တက်စေပြီး ပရိသတ်များကလည်း သံပြိုင်အော်ဟစ်အားပေးကြကာ အလွန်တရာမှ စိတ်ဓာတ်တက်ကြွစေသည့် ပြိုင်ပွဲကြီး တစ်ရပ်ပင် ဖြစ်သည်။

ကျင်ကိုင်ရာတွင် အဖမ်းလှည့်နှင့် အခံလှည့်ဟူ၍ သတ်မှတ်ပေးထားပြီး ခေါင်းပန်းလှန်စနစ်ဖြင့် အဖမ်းအခံ ရွေးချယ်ကြသည်။ အဖမ်းသားမှာ အခံသားအား ဖမ်းချုပ်ပစ်ချခွင့်ရှိပြီး အခံသားအနေဖြင့် အဖမ်းသားမှ ခြေချိတ်လှဲချသည့်အချိန်တွင်မှ ပြန်လည်ရုန်းထွက်ခြင်း နည်းစနစ်ဖြင့် လှဲချခွင့်တို့ ရရှိပါသည်။ ပထမအခွင့်အရေးရရှိသူ အဖမ်းသားမှ သုံးကြိမ်ကြိုးစားပြီး အခံသားအား မြေကြီးပေါ် ပစ်မချနိုင်လျှင် တစ်ကြိမ်အရှုံးဖြစ်ပြီး အခံသားမှ တစ်လှည့်ဖမ်းခွင့်ရပါသည်။ မြေကြီးပေါ်လှဲချခံရလျှင် သို့မဟုတ် သုံးကြိမ်ဖမ်းမရလျှင် အရှုံးအဖြစ် သတ်မှတ်ပါသည်။ နှစ်ကြိမ်အနိုင်ရသူကို အနိုင်ပေးပြီး နောက်တစ်ဆင့် တက်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ထိုသို့အဆင့်ဆင့်ယှဉ်ပြိုင်ပြီး နောက်ဆုံးအဆင့် အနိုင်ရရှိသူကို ရွှေမောင်းပထမဆု၊ ဒုတိယဆု ရရှိသူကို ရွှေမောင်းဒုတိယဆု၊ တတိယရရှိသူကို ရွှေမောင်းတတိယဆုတို့ကို ချီးမြှင့်သည်။ ငွေမောင်းတန်းအဆင့်တွင်လည်း ထိုသို့ အဆင့်ဆင့်ယှဉ်ပြိုင်ကာ ငွေမောင်းဆုများ ချီးမြှင့်ပါသည်။

ရခိုင်တိုင်းရင်းသားလူမျိုးတို့၏ ကျင်ကိုင်နည်းသည် အနောက်တိုင်းကစားနည်းဖြစ်သော နပန်းကစားနည်းနှင့် ကွဲပြားမှုရှိပေသည်။ နပန်းကစားနည်းတွင် မြေပြင်တွင် ကျသွားသော်လည်း ထပ်မံမထနိုင်အောင် ဖိထားပြီးအနိုင်ချုပ်ရသောနည်းသာဖြစ်သည်။ ဂျပန်နိုင်ငံရှိ ဆူမိုကစားသမားများ ကစားသည့် နပန်းပွဲတွင်ကြည့်ပါကလည်း စည်းဝိုင်းမှာ လက်နှစ်ဖောင်စာလောက်သာကျယ်ပြီး ကိုယ်ခန္ဓာအင်အားကို အသုံးပြုပြီး စည်းဝိုင်းအပြင်သို့ ထွက်အောင် လုံးထွေးရသောနည်းသာလျှင် ဖြစ်ပါသည်။ ထိုအခြင်းအရာများစွာထဲမှ ရခိုင်တိုင်းရင်းသားတို့၏ ကျင်ကိုင်နည်းစနစ်သည် ရှေးခေတ်ရခိုင်ဘုရင်များလက်ထက်ကတည်းကပင် ရိုးရာကစားနည်းစနစ်တစ်ခုလည်း ဖြစ်ပါသည်။ ရခိုင်ရိုးရာ ကျင်ကိုင်ကစားနည်းသည် ကမ္ဘာကျော်သောကစားနည်းတစ်ခုဖြစ်ရန်အတွက် လိုအပ်နေသေးသည်။ ယခုအခါတွင်တော့ ရခိုင်ပြည်နယ်သို့ နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်မှု များလာသဖြင့် ကျင်ကိုင်ကစားနည်းကို စိတ်ဝင်စားမှုများလာခဲ့ပြီဖြစ်သည့်အတွက် ရခိုင်တိုင်းရင်းသားလူမျိုးများ၏ တန်ဖိုးထားထိန်းသိမ်းလာခဲ့ကြသည့် ရခိုင်ရိုးရာကျင်ကိုင်ပွဲအား ဆက်လက်ထိန်းသိမ်းကျင်းပနိုင်ကြစေရန်နှင့် ပိုမိုတန်ဖိုးထားမြတ်နိုးကြစေရန် ဖော်ပြလိုက်ရပါသည်။ ■

အထူးကဏ္ဍ [ ဃ ] မှ »»

တညင်းသီးထွက်ချိန်တွင်မူ ပြည်ခြင်နှင့် ရောင်းလေ့ရှိပြီး ဈေးပေါလှသည်ဟုဆိုသည်။ တောင်တက်ခရီးတွင် တွေ့မြင်ရသည့် တောင်စွယ်တောင်တန်းများ၌ ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပုထိုးများကိုလည်း ကြည်ညိုဖွယ် ဖူးတွေ့ရလေသည်။ တောင်ပေါ်ရောက်ခါနီးတွင်မူ လက်ဖက်စိုက်ခင်းများကို အစီအရီ မြင်တွေ့ရပါ၏။ ဒေသခံတိုင်းရင်းသားများမှာ အေးဆေးဖော်ရွေလွန်းလှသည်။ အချို့သော ခရီးသွားများကား ဆိုင်ကယ်ကယ်ရီများဖြင့် တက်ကြသည်။ ခရီးသွားတိုးရစ်အချို့မှာ လမ်းအတိုင်းနားနားနေနေ ခြေကျင်တက်လာသည်ကို မြင်ရ၏။ တောလမ်း အသွယ်သွယ် လျှိုမြောင်အထပ်ထပ်ရှိ ပသာဒ သဘာဝအလှအပများကို ရှာဖွေခံစားလိုကြသူများပါပေ။

တောင်ပေါ်အရောက်တွင်ကား မြို့အင်္ဂါရပ်နှင့်အညီ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းနှင့် ဆေးရုံ၊ ဆေးခန်းများ တွေ့ရသည်။ ထူးခြားချက်ကား ဆူညံသံပေါင်းစုံနှင့် အသားကျနေကြသော မိမိတို့မှာ တိတ်ဆိတ်အေးချမ်းခြင်းသုခကို တအံ့တသြခံစားကြရသည်။ လူသူလေးပါးများ တွေ့မြင်နေရပါလျက် အသံဗလံများ မကြားရဘဲ ပတ်ဝန်းကျင်တစ်ခွင်လုံး ဆိတ်ငြိမ်နေခြင်းမှာ ထူးခြားချက်တစ်ရပ်ပါပေ။

မိမိတို့ အလယ်တန်းကျောင်းသားဘဝတွင် မြန်မာစာ စကားပြေ၌ သင်ကြားရသည့် ဆရာကြီး ရွှေဥဒေါင်း၏ "သိုင်းနယ်မှ ကျားသောင်းကျန်း" ဆောင်းပါး၌ ပါဝင်သော တော၏တိတ်ဆိတ်ခြင်း၊ ဂူ၏တိတ်ဆိတ်ခြင်း ဆိုသည့် စာကိုသတိရမိရာ ဤသို့တောင်အလုံ၌ တိတ်ဆိတ်နေခြင်းကို မည်သို့စာဖွဲ့ရမည်ကိုကား မသိတော့ပါချေ။ မိမိသည် တောင်ကြီး၊ မေမြို့၊ ကလော၊ အောင်ပန်းအစရှိသည့် အေးချမ်းသော တောင်စခန်းမြို့အတော်များများသို့ ရောက်ဖူးပါ၏။ သို့သော် ဤသံတောင်ကြီးတောင်စခန်းမြို့ကလေးနှင့် ကွာခြားချက်ကား ဆိတ်ငြိမ်မှုအရသာပင် ဖြစ်ပေလိမ့်မည်။ ဒေသခံတိုင်းရင်းသားများ၏ လူနေမှုစရိုက်နှင့် လူနေအိမ်ခြေ ကျဲပါးမှုလေလား။ ထို့ထက်မူ သဘာဝအတိုင်း ရှိနေသေးသော ပတ်ဝန်းကျင်အနေအထားကြောင့် ဖြစ်ပေလိမ့်မည်ဟု နောက်ဆုံး၌ အဖြေကို စဉ်းစားမိ၏။



သံတောင်မြို့ရှိ ပသီချောင်းကို တွေ့ရစဉ်။

ဓာတ်ပုံ - Theint Honey Htut

မြန်မာတိုင်းရင်းသားတို့၌ တွေ့ရလေ့ရှိသည့် ချစ်ဖွယ်ဓလေ့တစ်ခုမှာ လူမျိုးစုအလိုက် ရိုးရာပုံပြင်များ၊ ဒဏ္ဍာရီဇာတ်လမ်းများ ကိုယ်စီရှိကြခြင်းပင်။ စာရေးဆရာကြီး လူထုဦးလှ ကြိုးပမ်းပြုစုထားသည့် တိုင်းရင်းသားပေါင်းစုံအလိုက် ရိုးရာပုံပြင်များကား မြန်မာ့စာပေလောက၌ အထင်အရှားရှိနေပါ၏။ ယခု သံတောင်ကြီး တောင်စခန်းမြို့ကလေးရှိ နော်ဘူဘောတောင်သည်လည်း ပုဂံမြို့ဟောင်းရှိ တစ်ဝဂူဇာတ်ကြောင်းကဲ့သို့ ကရင်မင်းသမီးကလေး နော်ဘူဘောနှင့် မင်းသားလေး စောသာဂေါ်ခွားတို့၏ လွမ်းမောဖွယ်ရာ ဇာတ်လမ်းနောက်ခံ ရှိလေသည်။ ဇာတ်လမ်းပါ အကြောင်းအရာများ၏ အထောက်အထားအဖြစ် ကျောက်ဆင်နှာမောင်း၊ ကျောက်ပုခက်၊ ကျောက်စားပွဲများအား ကျောက်စိုင်ကျောက်သားများအဖြစ် ကျန်နေဆဲဟူ၍ ယုံကြည်နေကြလေသည်။

**ပသီချောင်းရေအေးအေး**

သံတောင်ကြီး တောင်ပေါ်မှအပြန် အဆင်းလမ်းအဆုံးရှိ ၁၃ မိုင်စခန်းတွင် ခရီးသွားဧည့်သည်များ မဖြစ်မနေပြုလေ့ပြုထရှိသောအရာကား ပသီချောင်းရေအေးအေး ချိုးကြခြင်းပင်။ ပသီချောင်းရေမှာ ကျောက်စိုင်ကျောက်တုံးကြီးများကို အရှိန်ပြင်းပြင်းနှင့် ကွေ့ပတ်စီးဆင်းလာသည်ဖြစ်ရာ စိမ့်စမ်းရေတမျှ အေးမြကြည်လင်နေ၏။ ခရီးပန်းလာကြသူ ဧည့်သည်များကား ချောင်းရေ စိမ်ကာမျှနှင့် အမောအပန်းတွေ ပြေပျောက်သွားကြသည်ချည်းဖြစ်၏။ အရိပ်အာဝါသကောင်းသော ချောင်းတစ်လျှောက်တွင် အသင့်နားနေရန်နှင့် အဝတ်လဲရင်း အပန်းဖြေစားသောက်နိုင်သည့် တဲလှလှလေးများလည်း အသင့်ရှိပါ၏။ အသက်အရွယ်မရွေး ချောင်းရေအေးအေးကို စိတ်လွတ်ကိုယ်လွတ်စွာ ကူးခတ်နေသူများအား မြင်ရုံနှင့်ပင် စိတ်ရွှင်လန်းဆန်းမှုများဖြစ်ရပါသည်။

**တိမ်တွေနေတဲ့အရပ်**

သံတောင်ကြီးတောင်စခန်းမြို့လေးကား ရန်ကုန်နှင့် မနီးမဝေးဖြစ်၍ နေ့ချင်းပြန်ခရီးပင် သွားရောက်နိုင်ပါသည်။ တောတောင်ရေမြေ လျှိုမြောင်စိမ့်စမ်းများ၏ သဘာဝပတ်ဝန်းကျင်အလှကို တစ်ဝကြီးခံစားနိုင်သည့် ခရီးလည်းဖြစ်ပါ၏။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀၀ ခန့်အမြင့်၌ တိမ်တိုက်များနှင့် ရောထွေးနေသည့် တောင်စခန်းမြို့လေးတွင် မြို့ပြများ၌ မရရှိနိုင်သည့် လတ်ဆတ်သော တောင်ပေါ်လေအေးအေးကို ရှူရှိုက်ရင်း စိမ်းလန်းသော တောင်ပေါ်ရှုခင်းအလှများကို မျက်စိတစ်ဆုံး ရှုမြင်ခံစားနိုင်လေသည်။ အထူးသဖြင့်ကား နားနောက်စရာအသံဗလံဆူညံသံများ ကင်းဝေးရာအရပ်ဖြစ်သည့် အားလျော်စွာ တောတောင်လျှိုမြောင်အရပ်ရပ်တို့၏ တိတ်ဆိတ်အေးချမ်းခြင်းသန္တိသုခအရသာကိုကား ထူးခြားစွာ ခံစားရမည်မှာ အမှန်ဖြစ်ကြောင်း။ ■



သံတောင်မြို့အဝင် ဆိုင်းဘုတ်

ဓာတ်ပုံ - Theint Honey Htut

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

**မိမိတို့နိုင်ငံသည် ပြည်ထောင်စုဖွားတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်သည်။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော သွေးချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို အပတ်စဉ်ဖော်ပြလျက်ရှိရာ ယခုတစ်ပတ်အတွက် မောင်အောင်မွန်ရေးသားသော သွေးချင်းတို့အကြောင်း တစေ့တစောင်း စာအုပ်မှ ကရင်တိုင်းရင်းသားတို့၏အကြောင်းကို ဖော်ပြလိုက်ပါသည်-**

# တောကျွမ်းမှ တောင်ပေါ်သား




ကရင်ပြည်နယ် ဒေါနတောင်တန်း ဓာတ်ပုံ - Go-Myanmar.com

## ■ မောင်အောင်မွန်

*ယခင်တစ်ပတ်မှအဆက် »»*

ရှေးခေတ်လူတို့ တောတောင်တွေထဲ လှည့်လည်သွားလာစူးစမ်းရင်း သဘာဝပစ္စည်းများကို လူ့အသုံးအဆောင်ဖြစ်အောင် မည်သို့ပြုလုပ်မည်နည်းဟု တွေးတောကြံဆခဲ့ခြင်း၏ ကျေးဇူးကြောင့်သာ သစ်တောလုပ်ငန်း၊ စက္ကူလုပ်ငန်းစသည်တို့ ပေါ်ထွန်းခဲ့ရသည်မဟုတ်ပါလား။

တစ်ဖန် လူ့ပတ်ဝန်းကျင် အနီးအနားအဝေးအလှမ်းမှာရှိနေကြသော တိရစ္ဆာန်တို့ကို မည်သို့ဆိုလျှင် အလွတ်ပေးကြမည်နည်း။

မည်သည့်အကောင်မျိုးက လူကိုအန္တရာယ်ပေးသည်၊ မည်မျှအတိုင်းအတာထိပေးနိုင်သည်၊ ခုခံ၍ ရ မရ၊ အောင်နိုင်ရန် မည်သို့လုပ်ရမည် စသည်ဖြင့် အတွေ့အကြုံအရ တစ်စတစ်စသိလာကြသည်။ မည်သည့်အကောင်မျိုးက အန္တရာယ်မပေးနိုင်၊ မပေးနိုင်သည့်အပြင် မိမိက ဖမ်း၍ရနိုင်သည် သို့မဟုတ် အလွယ်တကူ သတ်နိုင်သည် စသည်ဖြင့်လည်း သိလာကြသည်။

စားကောင်းသော အကောင်များကို အရှင်ဖမ်းမိရာမှ မွေးမြူရေးပေါ်လာ၏။ ခိုင်းရသော အကောင်တို့လည်း ရွေးတတ်လာပြီ။ ဆိတ်၊ သိုး၊ ဝက်၊ ကျွဲ၊ နွား၊ ဆင် စသည်တို့ လူ့ဝန်းကျင်သို့ ရောက်လာကြတော့သည်။

ထိုအကောင်ငယ်များကို စားသောက်နေကြသည့် ကျား၊ ကျားသစ်၊ ဝံပုလွေ စသည်တို့သည် လူတို့မွေးထားသော အကောင်များကို အလွယ်တကူ လာရောက်စားကြ၏။ အလွယ်တကူမစားရပါက ဟန့်တားသောလူတို့ကိုပါ ဒုက္ခပေးပြန်သည်။

ထို့ကြောင့် ရရာလက်နက်၊ လက်လှမ်းမီရာ ပစ္စည်းများသုံး၍ ခုခံတိုက်ခိုက်ရာမှ မွေးမြူ၍ မရနိုင်သော တောကောင်ငယ်များလိုက်လံဖမ်းရာမှ တောလိုက်လုပ်ငန်းပေါ်လာရသည်။

တောလိုက်ခြင်း၏ အကျိုးများကား ပြောမဆုံး ရေးမကုန်နိုင်။

ရှေးခေတ်လူသားတို့မှသည် ယနေ့ခေတ်လူတို့အထိ။ ဘုရင်ဧကရာဇ်များမှသည် သာမန်ဆင်းရဲသားတို့အထိ။ တောကျွမ်းမုဆိုးများမှသည် ဝါသနာပါရာလူငယ်များအထိ။ ကမ္ဘာနှင့်အဝန်း လူမျိုးတိုင်းလိုလိုက တောလိုက်ခြင်း၊ အမဲပစ်ခြင်း၊ တောကစားထွက်ခြင်း စသည်တို့ပြုလုပ်ကြသောကြောင့်လည်း ထိုအကြောင်းစာအုပ်၊ စာစောင်များ ပေါများစုံလင်နေခြင်းဖြစ်၏။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများအနက် တောင်ပေါ်မွေး တောင်ပေါ်ကြီး တောင်ပေါ်နေ ကရင်အမျိုးသားတို့ကား တောအလွန်ကျွမ်းသည်။ ထိုတောကျွမ်းခြင်းကလည်း တောလိုက်ရာတွင် အရေးကြီးအရည်အချင်းတစ်ရပ်ဖြစ်နေရကား ရှေးအခါကတည်းက တောလိုက်ကြသည်မှာ သဘာဝကျ၏။ စိတ်ဝင်စားစရာလည်း အလွန်ကောင်းသည်။ တောလိုက်ကြပုံ အမျိုးမျိုးရှိ၏။

တောတွင်းရှိ သားရိုင်းကောင်များအားလိုက်လံဖမ်းဆီးပြီး ယဉ်ပါးလာအောင် သွန်သင်လေ့ကျင့်ပေးကာ ခိုင်းစားခြင်းလုပ်ငန်း(ဥပမာ ဆင်)၊ အသားစားရန်အတွက် အသေပစ်ခတ်သောလုပ်ငန်း (ဥပမာ၊ ချေ၊ ဒရယ်၊ တောဝက်၊ တောဆိတ်)၊ လူများ သို့မဟုတ် လူမွေးထားသည့် ခိုင်းကောင်၊ စားကောင်များကို လာရောက်ဒုက္ခပေးသည့် တောရိုင်းကောင်များအား တောလိုက်နှိမ်နင်းခြင်းလုပ်ငန်း (ဥပမာ၊ ကျား၊ ကျားသစ်)၊ မြို့ပေါ်တိရစ္ဆာန်ဥယျာဉ်များအတွက် မထိမခိုက်စေဘဲ အကောင်လိုက် ထောင်ဖမ်းသည့်လုပ်ငန်း (ဥပမာ၊ သမင်)၊ တောကျွမ်းသော မြင်း၊ အမဲလိုက်ခွေးတို့ဖြင့် အပျော်တောကစားလုပ်ငန်း စသည်ဖြင့် စုံလင်လှသည်။

တောင်ပေါ်သားတိုင်း တောလိုက်ကြသော်လည်း နေရာဒေသ၊ ရာသီဥတု၊ ဓလေ့ထုံးစံတို့ကိုလိုက်ပြီး မတူကွဲပြားကြသည်ကို လေ့လာတွေ့ရှိနိုင်သည်။

အများအားဖြင့် ကရင်အမျိုးသားတို့သည် အေးအေးလူလူ စိုက်ပျိုးလုပ်ကိုင်စားသောက်နေထိုင်ကြလေ့ရှိ၏။ တောလိုက်ပြီး အသက်မွေးဝမ်းကျောင်းလေ့မရှိချေ။

တောလိုက်ကြရန် မည်သည့်အခြေအနေက ဖန်စေခဲ့သနည်း။

ဆိုခဲ့သည့်အတိုင်း ဝါသနာပါသော လူငယ်လူလတ်ပိုင်းက တောလိုက်လိုကြသည်။ သားကောင်ပေါသောတောအနားဝယ်နေကြသည်။ တောလည်းကျွမ်းကြသည်။

စီးပွားဖြစ်မဟုတ်သည့်တိုင် စားသောက်ရန် တောကောင်ငယ်များကို ပစ်ခတ်ချင်ကြသည်။ လူငယ်တို့ တောပစ်လာသည့်အသားကိုလည်း စားသောက်လိုကြသူများက မနည်းလှ။

သစ်ထုတ်လုပ်ရေးအတွက် ဆင်ကား မရှိမဖြစ်။ အလွန်အသုံးတည့်၏။ ဆင်ရိုင်းများကို ထောင်ဖမ်းခြင်းသည် တစ်ဖက်တွင် စွန့်စားစရာ အခြားတစ်ဖက်တွင် အကျိုးအမြတ်က ကြီးမားလှ၏။

ပြီးလျှင် မိမိတို့မွေးထားသည့် ခိုင်းကောင်၊ စားကောင်များကို လာရောက်သတ်ဖြတ်ကိုက်စားဖျက်ဆီးသည့် တောရိုင်းကောင်များကို အဘယ်သူတွေက လက်ပိုက်ကြည့်နေနိုင်ပါမည်နည်း။

အခြေအနေများက တိုက်တွန်းတောင်းဆိုလာ၍လည်း ကရင်အမျိုးသားတို့ တောလိုက်ကြရတော့သည်။

တစ်ယောက်ချင်း တောလိုက်သလို အစုလိုက် ပူးပေါင်းတောလိုက်ကြသည်လည်း ရှိ၏။

သမားရိုးကျလက်နက်တန်ဆာပလာများဖြစ်ကြသော ဒူးလေး၊ လေး၊ မှိန်း၊ လှံ၊ ဓား၊ ပိုက်၊ ထောင်ချောက်၊ ဘီ၊ မောင်း၊ ညှောင့်၊ ညွတ်ကွင်း၊ မီးတုတ်၊ မီးခွက်၊ လက်နှိပ်ဓာတ်မီး၊ ချူ ရှေ့ထိုးသေနတ် စသည်တို့ကို တောကောင်၏ အရွယ်အစား၊ ယင်းတို့၏ သဘာဝလက္ခဏာ၊ တောကောင်၏ အခြေအနေ၊ ရာသီဥတု၊ အလင်းရောင်အနည်းအများတို့ကိုလိုက်ပြီး အဆင်ပြေသလို သုံးစွဲရသည်။

တောလိုက်ကြသည့်နေရာဝယ် အလွန်စနစ်ကျသော ကရင်အမျိုးသားတို့သည် တောပစ်သူသာမက တောခြောက်သူ၊ မီးကစားသူ၊ ချူသံပေးသူတို့ပါ အချိုးကျခံစားကြရသည်။ သတ်သတ်မှတ်မှတ် တာဝန်ခွဲဝေယူရသောကြောင့်ဖြစ်သည်။ ဒဏ်ရာရ၍ ထွက်ပြေးသော သားကောင်နောက်သို့ ခွေးနှင့်ခြေရာခံလိုက်ရန်လည်း တစ်ယောက်ကို သီးသန့်ထားရှိရသည်။

မိမိတာဝန်ကျရာကို ကျွမ်းကျင်ရသည့်ပြင် စုပေါင်းအဖွဲ့အတွင်း တစ်ဦးနှင့်တစ်ဦး နားလည်မှုလည်း အပြည့်အဝရှိကြရ၏။

ကရင်အမျိုးသားတို့သည် အငယ်စား တောကောင်များနှင့် အလတ်စား တောကောင်များလောက်ကိုသာ တောလိုက်လေ့ရှိကြသည်။ အကြီးစားတောကောင်များကိုမူ ရှောင်လေ့ရှိသည်။ မပစ်လို၊ မတိုက်လိုကြပေ။ ထိုအကောင်ရိုင်းတို့ ရွာတွင်းဝင်၍ လူအများကို ဒုက္ခပေး၊ မွေးမြူထားသည့် တိရစ္ဆာန်များကို ဝင်ဆွဲသွားသည့်တိုင် တစ်ခုခုအမှားလုပ်မိ၍ နတ်များက နိမိတ်ပြသည်ဟု ယုံကြည်ကြသည်။ ရိုးရာယုံကြည်မှုအရ သက်ဆိုင်ရာကို ပူဇော်ပသလေ့ရှိကြသည်။

ထို့ပြင် အကြီးစားတောကောင်များကို နှိမ်နင်းရန်ဆိုသည်ကလည်း လက်တွေ့တွင်မူ စိတ်ကူးနောက်မလိုက်နိုင်ကြ။ လူအင်အား၊ လက်နက်အင်အား၊ ကိရိယာတန်ဆာပလာအင်အား စသည်တို့ ပြည့်စုံရန်လိုသည် မဟုတ်ပါလား။ ယင်းကလည်း အကြောင်းအချက်တစ်ချက်ဖြစ်မည်ဟု ယူဆဖွယ်ရှိ၏။

ကရင်သားချင်းတို့သည် တောလိုက်ရာတွင် တောခြောက်ပြီး တောလိုက်သောအလေ့အထ၊ သစ်ပင်တွင် လင့်စင်ထိုးပြီး လင့်စင်ပေါ်မှ တောကောင်ပစ်သော အလေ့အထ၊ အနံ့ခံကောင်းသော အမဲလိုက်ခွေးနှင့် တောလိုက်သောအလေ့အထ၊ တောကောင်ကို အနီးကပ်ချောင်းမြောင်းပြီး ဓားဖြင့်ဝင်ခုတ်၊ လှံဖြင့်ဝင်ထိုးသော အလေ့အထ၊ ဆင်လို အကောင်မျိုးကို ကျုံးသွင်းထောင်ဖမ်းသော အလေ့အထစသည်ဖြင့် အမျိုးမျိုး အထွေထွေရှိကြသည်။

ရှေးအခါက ကရင်အမျိုးသားတို့သည် စိုက်ပျိုးခင်းများကို လာရောက်စားသောက်ဖျက်ဆီးသော ချေ၊ ဒရယ်၊ သမင်၊ စိုင်၊ တောဝက်၊ တောဆိတ်၊ တောကြောင်စသည်တို့ကို ခြောက်လှန့်ရှင်းလင်းသည့်အနေဖြင့် တောလိုက်လေ့ရှိကြသည်။ ယခုအခါ ရှားပါးသားကောင်များ မျိုးဆက်ထိန်းသိမ်းရေးအတွက် စိုင်နှင့်တောဆိတ်တို့ကို လိုင်စင်ရမှသာ ပစ်ခွင့်ရှိ၏။

မိုးဦးကျအချိန်မှာသာ တောလိုက်လေ့ရှိကြသည်။

ရာသီဥတုအပြောင်းအလဲတွင် သားကောင်များကလည်း ပေါသည်။ လူများမှာ အလုပ်ကလည်း သိပ်မများသေး။ အလွန်အလုပ်များသည့် စပါးသီးချိန်၊ စပါးမှည့်ချိန်တို့တွင်မူ စိုက်ပျိုးခင်းမှ အလုပ်ခွင်ကိုပစ်ပြီး အဘယ်မှာ တောလိုက်နိုင်မည်နည်း။

လိုအပ်လာပါက သားကောင်ကို ချောင်းမြောင်းပစ်ခတ်ခြင်း သို့တည်းမဟုတ် ထောင်ဖမ်းခြင်းပြုရသည်။

သားကောင်တစ်မျိုးစီ၏ သဘောသဘာဝကို လေ့လာပြီး လိုအပ်သလို ပြောင်းလဲတောလိုက်ရ၏။ ချေများသည် ဆီးဖြူသီး၊ ဖန်ခါးသီး၊ ဝှေးသီးများကို အလွန်ကြိုက်ကြသည်။ ချေပစ်မည့်သူများသည် ထိုအပင်များအောက်တွင် သစ်ကိုင်းများဖြင့် ချုံလုပ်ပြီး မနက်စောစောကတည်းက သွားရောက်ပုန်း၍ စောင့်နေရသည်။

အချိန်တန်လျှင် ချေက အသီးလာကောက်စားလေပြီ။ ထိုအခါ သံဖြင့်ပြုလုပ်ထားသော အဆိပ်လူးမြားဖြင့် ပစ်ရသည်။ ဒရယ်ကို ပစ်သည့်နေရာတွင်ကား တစ်မျိုး။

ဒရယ်အတွက် အသုံးပြုသော ပစ္စည်းများကား ချူ ဒူးလေး၊ ဓား၊ လှံ စသည်တို့ဖြစ်ကြသည်။ ဒရယ်ပစ်မည့်သူတို့၏ ခြေသံများ သားကောင်းမကြားရစေရေးသည် အလွန်အရေးကြီး၏။ ခြေသံမကြားနိုင်ရန် ချူသံမပြတ်ပေးထားရသည်။

လူ့ခြေသံကို အန္တရာယ်မှန်း ဒရယ်တို့သိကြပါ၏။ သို့သော် ချူသံကိုမူ ဒရယ်တို့ကရပ်ပြီး နားထောင်လေ့ရှိသည်။ ထိုအခါ မီးထိုးပြီး ကစားပေးရသည်။ မီးထိုးထားလျှင် ဒရယ်ကား မပြေးတတ်တော့။ နောက်ဆုံးလက်ဖြောင့်သမားက ဒူးလေးဖြင့် ပစ်ဖမ်းရသည်။

နောက်တစ်နည်းရှိသေး၏။ မီးကစားရာတွင် ပိုမိုကျွမ်းကျင်ရန်လိုသည်။ မျက်စိ မီးထိုးခံနေရ၍ ကြောင်တိကြောင်တောင် ဖြစ်နေသော ဒရယ် မမြင်ရအောင် မီးရိပ်ကိုနင်းလှံဖြင့် အနီးကပ်ထိုးနည်းပင်။ ရေနံဆီမီးခွက်နှင့် လက်နှိပ်ဓာတ်မီး ရရာကိုသုံးနိုင်၏။ သို့သော် ကျွမ်းကျင်မှုကား အထူးလိုအပ်သည်။

တောဝက်များကိုမူ အသိုက်တွင်း ဝင်ထိုးရ၏။ တောဝက်ပါဆိုနေမှ မည်သို့အသိုက်တွင်း ဝင်နေရသနည်းဟု မေးချင်ပေလိမ့်မည်။ မေးချင်စရာပင်။ မိုးဦးကျ ငါးရစ်တက်ချိန်တွင် မြွေများ၏ဘေးမှ ကင်းဝေးစေရန် တောင်စောင်း ချုံထူထူနေရာမျိုးရွေးကာ သစ်ပင်မြစ်အနီး မြေကြီးကို တစ်ထွာခန့် ကျင်းယက်ပြီး သစ်ကိုင်းများဖြင့်အုပ်၍ အသိုက်လုပ်နေခြင်းကြောင့် ဖြစ်သည်။ တောင်စောင်းရှိ တောဝက်တို့၏အသိုက်တွင် အဝင်ပေါက်နှင့် အထွက်ပေါက်ရှိသဖြင့် တောလိုက်သူက အဝင်ပေါက်၊ အထွက်ပေါက်ကို အတိအကျသိထားရန် အလွန်လိုအပ်သည်။

တောဝက်ပစ်ရာတွင် အလွန်အန္တရာယ်ကြီးမားကြောင်း ကြားဖူးကြပါလိမ့်မည်။

တောဝက်ထိုးမည့်သူသည် တောဝက်၏ ခြေရာလက်ရာများကို မပြတ်စောင့်ကြည့်လေ့လာထားရ၏။ တောဝက်၏ခေါင်း မည်သည့်ဘက်လှည့်နေမည်ကို မသိထား၍ မဖြစ်။ တစ်ကောင်တည်းသာမက တစ်ခါတစ်ရံ ဖိုမစုံတွဲ၊ တစ်ခါတစ်ရံ အကောင်ငယ်လေးများပါ စုပြီးနေတတ်၏။ ထိုးသူသည် ခေါင်းဘက်က မနေမိစေရန် သတိထားရသည်။

အသွား တစ်တောင်လောက်ရှည်သောလှံဖြင့် ဝမ်းဗိုက်အလယ်လောက်ကို ထိုးရသည်။ လှံအသွား၏ တစ်ဖက်တစ်ချက်တွင် လက်လေးသစ်ခန့် အထစ်နှစ်ခုထစ်ထားပြီး လက်ကိုင်က တစ်လံလောက်အထိရှိရသည်။ တအားကုန် ထိုးလိုက်ရာတွင် တစ်ကောင်တည်းမဟုတ်ဘဲ နှစ်ကောင် ပူးထိုးမိခြင်း၊ တောဝက်သည် လှံတန်းလန်းနှင့် တစ်မိုင်လောက်အထိ အော်ပြေးသည်ကို အမီလိုက်ရခြင်းတို့ကြောင့် တောဝက်ပစ်ရာတွင် မသက်သာလှပါ။ လူမမီနိုင်သဖြင့် ခွေးကို အလိုက်ခိုင်းရသည်။ မထိုးမီ တောဝက်က အရင်မြင်သွားပါက လူကိုရော ခွေးကိုပါ အလွတ်မပေးချေ။ ခွေးထက် လူကိုပိုပြီး မဲတတ်သောကြောင့် သစ်ပင်ပေါ် အမြန်ဆုံးတက်ပြေးရသည်။

သစ်လုပ်ငန်းတွင် အလွန်အသုံးဝင်သော ဆင်များကိုတော့ ကျုံးသွင်းဖမ်းဆီးတတ်ကြ၏။ ကရင်အမျိုးသားတို့၏နည်းကား စိတ်လည်းချရ အောင်လည်းအောင်မြင်သောကြောင့် အသုံးများ နာမည်ကြီးခြင်းဖြစ်ပေလိမ့်မည်။ ဆင်ဆိုသောစကားကိုပြောမိပါက ဆင်၏လိပ်ပြာက ကြားသွားပြီး ထွက်ပြေးတတ်သည်ဟု ယုံကြည်ကြသောကြောင့် ဆင်ဆိုသောစကားကို မသုံးရဟူသော ဓလေ့ရှိခဲ့သည်။ မြွေကိုက်ပါက ပိုးထိသည်ဟု သုံးရသည့် သဘောပင်။

ဆင်ဖမ်းသည့်နေရာဝယ် စကောကရင်တို့က "ကောင်ကြီး"ဟု လည်းကောင်း၊ "နားရွက်ဖား"ဟုလည်းကောင်း၊ "နှာတံရှည်"ဟုလည်းကောင်း ခေါ်လေ့ရှိကြသည်။

ကရင်အမျိုးသားတို့သည် စားသောက်ဖွယ် သားကောင်များရလာပါလျှင် စနစ်တကျဝေခြမ်းပေးကြရသည်။ ခေါင်းဆောင်အတွက် ဦးခေါင်းနှင့် ဝမ်းတွင်းသားကိုချန်ပြီး ကျန်အသားများကို ဝေငှကြရသည်။ ပါဝင်သူမှန်သမျှ အကုန်ဝေစုရကြ၏။ အမဲလိုက်ခွေးအတွက်ပါ ပေးရသည်။ ပိုနေသေးသည့်အသားများကိုမူ အိမ်နီးနားချင်းများအား ပေးကမ်းလေ့ရှိသည်။ ပစ္စည်းချင်းဖလှယ်ကြခြင်းလောက်သာရှိပြီး စီးပွားဖြစ်ရောင်းချခြင်းကင်း၏။ ရိုးရာဓလေ့ထုံးစံကို ရိုသေလေးစားလိုက်နာကျင့်သုံးကြသဖြင့် အငြင်းပွားလေ့မရှိ။

ဝဝဝ



# ကရင်ပြည်နယ်အလှ တောင်စခန်းမြို့

ကရင်တိုင်းရင်းသားတို့ အထွတ်အမြတ်ထားရာ နော်ဘူဘောတောင်။
ဓာတ်ပုံ - Domestic & International Tour Sightseeing & Ticketing Center

■ စံလွင်(ငါးဦးစီး)

အေးချမ်းလှပသော သံတောင်ကြီး တောင်စခန်းမြို့လေးမှာ ကရင်ပြည်နယ် အတွင်း ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၄၈၄၂ အမြင့်၌ တည်ရှိပါသည်။ ကရင်ပြည်နယ်အတွင်း ဆိုသော်ငြားလည်း ပဲခူးတိုင်းဒေသကြီးနှင့် ကပ်နေသည်ဖြစ်ရာ တောင်ငူမြို့နှင့် မိုင်သုံးဆယ်မျှသာ ခရီးတာ ကွာလေသည်။ သို့ဖြစ်၍ ရန်ကုန်မြို့မှ အဝေးပြေးလမ်းမကြီးအတိုင်း လွယ်လင့်တကူ သွားလာနိုင်၏။ ရန်ကုန်နှင့် တောင်ငူသည် ၁၄၆ မိုင်သာ ကွာသည်။ တောင်ငူ သံတောင် လမ်းမကြီးအတိုင်း ဆက်မောင်းသွားသော် တောင်ငူမှ ၁၃ မိုင်အရောက်၌ သံတောင်ကြီး စခန်းမြို့လေးသို့တက်ရန် အတက်လမ်းနှင့် အဆင်းလမ်းကို တွေ့ရမည်ဖြစ်သည်။

တောင်ခြေမှ သံတောင်ကြီးတောင်စခန်း မြို့လေးသို့ အတက်လမ်းမှာ ပေ ၄၄၆၀ ရှည် သည်။ တောင်ပေါ်၌ ကရင်တိုင်းရင်းသားတို့ အထွတ်အမြတ်ထားရာ နော်ဘူဘော တောင်ထွတ်ရှိသေး၏။ နော်ဘူဘောတောင်ခြေ မှ တောင်ထွတ်အထိ ပေ ၅၆၀ ခန့်မြင့်သည်။ တောင်ထွတ်သို့တက်ရန် လှေကားထစ်ပေါင်း ၃၇၄ ထစ်ရှိပါ၏။ တောင်စခန်းမြို့ဟူသော ဂုဏ်ဒြပ်နှင့်လျော်ညီစွာ အေးမြလတ်ဆတ် သော တောင်ပေါ်လေအေးက လာရောက် သော ဧည့်သည်တိုင်းကို အမောပြေ ဆီးကြို လျက်ရှိသည်။

၁၃ မိုင် တောင်ခြေအတက်လမ်းအစမှ သံတောင်ကြီးတောင်စခန်းမြို့လေးသို့ ကား လေးဖြင့် အတက်ခရီးမှာ တစ်နာရီကြာသည်။ တောက်လျှောက် တောင်အတက်လမ်းဖြစ်၍ ဂီယာကြီးကို သုံးရ၏။ တောင်အတက်လမ်း တစ်လျှောက် တွေ့ရသော တောတောင်ရှုခင်း များနှင့် လျှိုမြောင်ချိုင့်ဝှမ်းများ၏ အလှကား ရင်သပ်ရှုမောဖွယ်ဖြစ်သည်။ View Point များ၌ ကားရပ်၍ ပတ်ဝန်းကျင်ရှုခင်းကို ခံစား နိုင်သည်။ အချို့နေရာများကား တိမ်စိုင် တိမ်လိပ်တွေကို အပေါ်မှဆီး၍ ကြည့်နေရ သည်မှာ အသည်းယားစဖွယ်ပင် ကောင်းလှ ပါသည်။

တောင်အမြင့်ထက် ရောက်လေလေ အေးစိမ့်မှုက ပိုလာလေလေဖြစ်ရာ ရန်ကုန်၌ ခေါက်သိမ်းထားရသော အနွေးထည်ရောင်စုံ များနှင့် အံဝင်ခွင်ကျဖြစ်ရသော ခရီးပါပေ။ ဤတောင်စခန်းမြို့လေး၏ နာမည်ကျော် ထွက်ကုန်များကား သံတောင်ဒူးရင်းနှင့် သံတောင်လိုက်ချီးတို့ဖြစ်၏။ ဧည့်သည်များ မဖြစ်မနေဝယ်ယူလေ့ရှိသော လက်ဆောင် ကား သံတောင်ကြီး ပျားရည်ဖြစ်လေသည်။ ပျားရည်စစ်စစ်များမှာ ပုလင်းကြီးငယ် အလိုက် ကျပ်တစ်ထောင်၊ နှစ်ထောင်၊ လေး ထောင် စသဖြင့် ဈေးနှုန်းရှိ၏။

အထူးကဏ္ဍ [ ခ ] သို့ »»



# ကယားတိုင်းရင်းသားတို့၏ ရိုးရာအစားအစာများ

■ ရာမည

## ကယားဝက်အူချောင်း

ကယားဝက်အူချောင်းသည် ကယားတိုင်းရင်းသားတို့၏ ရိုးရာအစားအစာတစ်ခု ဖြစ်ပါသည်။ ရိုးရာပွဲတော်များကျင်းပရာတွင် ဝက်အူချောင်းသည် မရှိမဖြစ်သော အစားအစာတစ်ခု ဖြစ်သည်။ ဝက်အူချောင်းပြုလုပ်ရာတွင် ပါဝင်သောအဆာပလာများမှာ ဝက်သားနှင့်အတူ မက်ခါသီး၊ ငရုတ်သီး၊ ဆား၊ နနွင်း စသည်ဖြင့် ပါဝင်သည်။ ပထမဦးစွာ ရေစင်စင်ဆေးထားသော ဝက်သားများနှင့်ရောပြီး သမအောင်မွှေပေးရပါသည်။

ကောင်းမွန်စွာ ရောသမမွှေထားသော ဝက်သားများကို ဝက်အူထဲသို့ သွပ်ထည့်ရပါသည်။ အစာသွပ်ပြီးပါက တစ်ဖန် မီးဖြင့် ပြန်ကင်ပေးရပါသည်။ မီးမကင်ခင် ဒယ်အိုးဖြင့် အပူပေးပြီး အခြောက်ခံနိုင်သည်။ ဝက်အူချောင်းများကို မီးဖြင့် အပူပေးစဉ်ကာလတွင် သေချာစွာ စောင့်ကြည့်၍ ကင်ပေးရပါသည်။ အပူပေးမှုမမျှတလျှင် အကျက်မညီဘဲဖြစ်စေတတ်ပါသည်။ တစ်နာရီ၊ နှစ်နာရီခန့်ကြာအောင် အနည်းဆုံးကင်ပေးရပါသည်။ ကင်ထားသော ဝက်အူချောင်း များ ကျက်ပါက မိနစ် ၃၀ ခန့် အအေးခံပြီး မိမိလိုရာ အရွယ်အစားကို ကတ်ကြေးဖြင့် ပိုင်းဖြတ်ကာ စားသုံးနိုင်ပါသည်။

မည်သည့် ကယားရိုးရာပွဲတော်မဆို ခေါင်ရည်နှင့် ကယားဝက်အူချောင်းကို အဆင့်ဆင့် ခင်းကျင်းပြသကာ ဧည့်ခံကျွေးမွေးခြင်း၊ ရောင်းချနေခြင်းကို တွေ့ရမည်ဖြစ်သည်။ ■

4TV Vol.2 No-46

# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ

## (၂၅ - ၁၁ - ၂၀၁၇ မှ ၁ - ၁၂ - ၂၀၁၇ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

4TV HD Receiver ကို 01-230 6166
01-230 6166






## HACKSAW RIDGE

FOX MOVIES PREMIUM


Nov 25th, 2017

"Hacksaw Ridge" ...

## Miss Universe 2017

FOXlife

Live on Nov 27th, Monday (6:30AM)



## Victoria's Secret Fashion Show 2017

Premieres on Nov 29th, Wednesday (9:30PM), Same Day as the U.S.

FOXlife



## Vikings (S5)

HISTORY

7:30 PM, 30-11-2017




NATIONAL GEOGRAPHIC CHANNEL



## Origins- The Journey Of Humankind

(Progress Of War) (Nov 25, 8:30 PM)



### Madagascar 3:

Europe's Most Wanted (5T)

9:00 PM, 27.11.17 (Mon)



5 MOVIES

### ကောင်းကင်ထက်မှ လင်းလက်ကြယ်

9:30 PM

30-Nov-17 (Thu)



5 SPECIAL

### မက်ဟက်တန်အရှုပ်တော်ပုံ

8:00 PM,

(Monday to Friday)



5 SERIES

### ယမမင်းနှင့်အရှုပ်တော်ပုံ

9:00 PM, 24.Nov.17

(Fri, Sat, Sun)

4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

